ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လကွယ်၊ ကြာသပတေးနေ့။ Thursday, 21 May 2020 ၁၀၀၁၉

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ စကားပြောကြေးနန်းဖြင့် ဆက်သွယ်ဆွေးနွေး

နေပြည်တော် မေ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့သည် ယနေ့ညနေ ၆ နာရီ ၁၀ မိနစ်တွင် စကားပြောကြေးနန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်

**တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ချီးကျူးဖွယ်ရာ အောင်မြင်မှုများရရှိခဲ့သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် ကြိုးပမ်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံအား တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆေးပစ္စည်းများနှင့် ကူညီပံ့ပိုးမှုများ ဆက်လက်တိုးမြှင့်ပေးအပ်ရေးကိစ္စများကို အလေးပေးဆွေးနွေး**



တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်

ထိုသို့ ဆက်သွယ်ပြောကြားရာတွင် တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ချီးကျူးဖွယ်ရာ အောင်မြင်မှုများရရှိခဲ့သည့် အခြေအနေ၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ကြိုးပမ်းရာတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စ၊ မြန်မာနိုင်ငံအား တရုတ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးအတွက် ဆေးပစ္စည်းများနှင့် ကူညီပံ့ပိုးမှုများ ဆက်လက်တိုးမြှင့်ပေးအပ်ရေးကိစ္စများကို အလေးပေးဆွေးနွေးခဲ့ကြသည်။

ထို့ပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းစိတ်ဓာတ်ကို အခြေခံ၍ မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်ရေးကိစ္စ၊ မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ်(၇၀) ပြည့်မြောက်သည့် ၂၀၂၀ ပြည့်နှစ်တွင် အထိမ်းအမှတ်အခမ်းအနားများကို ကိုဗစ်-၁၉ အခြေအနေတည်ငြိမ်လာသည့်အခါ ကျင်းပသွားနိုင်ရေးကိစ္စ၊ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် နှစ်နိုင်ငံဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စ၊ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ယခုနှစ်ဦးပိုင်းက လာရောက်ခဲ့သည့် မြန်မာနိုင်ငံခရီးစဉ်အတွင်း အကောင်အထည်ဖော်ရန် ဆွေးနွေးခဲ့သည့် ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၊ မြန်မာ-တရုတ် စီးပွားရေး စင်္ကြံအောက်မှ စီမံကိန်းများကို အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်သွားရေးနှင့် ကိုဗစ်ကပ်ရောဂါအခြေအနေ တည်ငြိမ်လာသည့်အခါ နှစ်နိုင်ငံအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်လည်ပတ်ရေးကိစ္စရပ်တို့နှင့်ပတ်သက်၍ အဓိကထား ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ဖတ်စရာ

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ
စာမျက်နှာ » ၄

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ
စာမျက်နှာ » ၅

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများ ပိုမိုကောင်းမွန်တိုးတက်စေရေး ဆွေးနွေးပွဲကျင်းပ
စာမျက်နှာ » ၇

KBZ BANK
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

## အချိန်အခါမရွေး ကျန်းမာရေးအသိရှိရမည်

ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ပါးဖြစ်သည်။ ကျန်းမာမှသာ အရာရာကို ဆောင်ကြဉ်းနိုင်မည်ဖြစ်သည်။ လောကီရေးဘက်တွင်သာမက လောကုတ္တရာဘက်တွင်ပါ ကျန်းမာပါမှ အလိုရှိရာကို အားထုတ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နေ့စဉ်နှင့်အမျှ မိမိတို့၏ကျန်းမာရေးကို အထူးဂရုစိုက်ကြရမည်ဖြစ်သည်။ ကျန်းမာပါမှ မိမိတို့၏ဘဝ ရည်မှန်းရာပန်းတိုင်များသို့ ကိုယ်စီကိုယ်စီ တက်လှမ်းနိုင်မည်ဖြစ်သည်။

လောကလူသားတို့သည် ဤကမ္ဘာလောကကြီးတွင် ကျင်လည်နေသမျှကာလပတ်လုံး ပျက်စီးခြင်းဟူသော ကပ်သုံးပါးနှင့်ရင်ဆိုင်ကြရသည်။ ဒုဗ္ဘိက္ခန္တရကပ် – ငတ်မွတ်ခေါင်းပါးခြင်းကြောင့် ပျက်စီးခြင်း၊ သတ္ထန္တရကပ် – လက်နက်ဘေးကြောင့် ပျက်စီးခြင်း၊ ရောဂန္တရကပ် – ရောဂါဘေးကြောင့် ပျက်စီးခြင်းတို့နှင့် ကြုံတွေ့ကြရသည်ဖြစ်ရာ ယခုအခါ ရောဂါဘေးကြောင့် ပျက်စီးခြင်းကို ကမ္ဘာ့လူသားများ ကြုံတွေ့နေကြရသည်။

ထိုကပ်ဘေးသုံးမျိုးသည် ကမ္ဘာတည်သရွေ့ ကြုံတွေ့နေရဦးမည်ဖြစ်၍ သတ္တဝါတို့ လောဘတရား ကြီးမားလွှမ်းမိုးလာသောအခါ ကြုံတွေ့ရသည့် ငတ်မွတ်ဘေး၊ ဒေါသတရား ကြီးမားလွှမ်းမိုးလာသောအခါ ကြုံတွေ့ရသည့် လက်နက်ဘေး၊ မောဟတရား ကြီးမားလွှမ်းမိုးလာသောအခါ ကြုံတွေ့ရသည့် ရောဂါဘေးတို့ လျော့ပါးမကြုံတွေ့ရစေရေးအတွက် လောဘ၊ ဒေါသ၊ မောဟတရားများ ပါးလျားမတိုးပွားအောင် အားထုတ်ကြရမည်ဖြစ်သည်။

ထိုကပ်သုံးပါးတွင် ရောဂန္တရကပ်ဘေးသည် လက်ရှိတွင် ကြုံတွေ့နေရဆဲဖြစ်ပြီး ရှေ့အဖို့တွင်လည်း ကြုံတွေ့ကြရဦးမည်ဖြစ်၍ ရောဂါဘေးအမျိုးမျိုးတို့မှ ကင်းဝေးရေးအတွက် လောကအလိုအားဖြင့် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်တတ်ဖို့ အလေ့အကျင့်ပြုကြရမည်ဖြစ်သည်။ ယနေ့ကြုံတွေ့နေရသော ကိုဗစ်–၁၉ ကူးစက်ရောဂါသည် လွယ်လွယ်နှင့်ပျောက်ကွယ်သွားမည်မဟုတ်ကြောင်းနှင့် ကာကွယ်ဆေးမှာလည်း မြန်မြန်ဆန်ဆန် ပေါ်ထွက်လာမည်မဟုတ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဆေးသိပ္ပံပညာရှင်က အသိပေးထားသည်။

အချိန်ကာလအားဖြင့် ငါးလခန့်ကြာမြင့်လာပြီဖြစ်သည့် အဆိုပါ ကူးစက်ရောဂါကပ်ဘေးကြောင့် ပြည်သူများသည် နေအိမ်များတွင်သာ နေထိုင်သွားရမည်မှာ ရေရှည်တွင်မဖြစ်နိုင်၊ လူ့ဘဝရှင်သန်ရပ်တည်နေထိုင်နိုင်ရေးအတွက် ပညာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အရေးကိစ္စများကို မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရဦးမည်ဖြစ်သည်။ မိမိတို့ကို အန္တရာယ်ပေးနေသောရန်သူကို အနိုင်မတိုက်နိုင်သေးလျှင် ထိုရန်သူ ဒုက္ခမပေးနိုင်အောင် ကာကွယ်ပေးကြရမည်ဖြစ်သည်။

ကိုဗစ်–၁၉ ရောဂါဘေးသည် ယခုမှကြုံတွေ့ရသည့် အသစ်အဆန်း ရောဂါဘေး ဖြစ်သည်။ ပြည်သူများအနေဖြင့် ရောဂါဘေးအမျိုးမျိုးတို့ကို ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ အမြစ်ပြတ်ချေမှုန်းခဲ့သော ရောဂါဘေးများရှိသလို အမြစ်မပြတ်ဘဲ လူအများနှင့်အတူနေရောဂါများလည်း ရှိသည်။ ယင်းရောဂါများတွင် ကြောက်မက်ဖွယ် ကူးစက်ရောဂါ HIV/AIDS သည် ကမ္ဘာ့လူသားများ၏ အသက်သန်းပေါင်းများစွာကို ခြွေခဲ့ပြီးဖြစ်သည်။ သို့သော် ထိုရောဂါသည် လူသားများကြားတွင်ရှိနေသော်လည်း ကူးစက်မှုနည်းအောင်၊ ကူးစက်ခြင်းမခံရအောင် လူတို့ ပြုမူနေထိုင်ခဲ့ကြသည်။

ဤသဘောတရားကဲ့သို့ပင် လူတို့ကြားတွင် ရေရှည်ဖြစ်ပေါ်လာနိုင်သည့် ကိုဗစ်–၁၉ ရောဂါကို အနိုင်ယူ မတိုက်နိုင်မီ ရောဂါကူးစက်မှု လျော့ကျလာအောင်၊ ကူးစက်ခြင်းမခံရအောင် လူတို့ နေ့စဉ်နှင့်အမျှ ရောဂါကာကွယ်ရေးအလေ့အထဖြင့် ပြုမူနေထိုင်ကြရမည်ဖြစ်သည်။ နေအိမ်မှ အပြင်ထွက်လျှင် မျက်နှာ၊ နှာခေါင်း၊ ပါးစပ်အကာအကွယ်များ ဝတ်ဆင်ရန်၊ လူစု လူဝေးများကို အတတ်နိုင်ဆုံးရှောင်ကြဉ်ရန်၊ နှာချေ၊ ချောင်းဆိုးလျှင် လက်ဖမိုး၊ တံတောင်တို့ အသုံးပြုရန်၊ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောရန်၊ တစ်ဦးနှင့်တစ်ဦး အနီးကပ်ထိတွေ့ခြင်းကို ရှောင်ကြဉ်ရန်၊ ကိုယ်ခံအားကောင်းအောင် ကျင့်ကြံနေထိုင်မွေးမြူရန်၊ သားစိမ်း၊ ငါးစိမ်းများကို ရှောင်ရှား၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များကို စားသောက်ရန်ဟူသောအချက်များကို လူတိုင်းလူတိုင်း လိုက်နာဆောင်ရွက်ကြလျှင် ရောဂါဘေးမှ ကင်းဝေးမည်ဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့လူသားများသည် ကမ္ဘာတည်သရွေ့ ကပ်သုံးပါးနှင့် မလွတ်ကင်းနိုင်ကြသည်ဖြစ်ရာ ယခု လက်ရှိနှင့်နောင်အခါကာလ လူသားများအား အလွယ်တကူရန်မူလာနိုင်သော ရောဂါကပ်ဘေးကင်းဝေးရေးအတွက် ကျန်းမာရေးနှင့်ညီညွတ်သော အလေ့အထကောင်းများကို နေ့စဉ်မပျက်မကွက် ဆောင်ကြဉ်းကြဖို့ တိုက်တွန်းလိုပါသည်။ ။

## ငွေစက္ကူမှ ဒစ်ဂျစ်တယ်ငွေပေးချေမှုသို့ အမြန်ဆုံးတိုးတက်အောင် ဦးဆောင်ပြောင်းလဲနိုင်ခဲ့သဖြင့် KBZ Pay အား Celent မှ ကမ္ဘာ့အဆင့်ဂုဏ်ပြုဆုချီးမြှင့်

**ရန်ကုန် မေ ၂၀**

လက်ကိုင်ဖုန်းများ အသုံးပြု၍ ဒစ်ဂျစ်တယ်စနစ်ဖြင့် ငွေသွင်း၊ ငွေထုတ်၊ ငွေလွှဲ၊ ငွေချေ စသည့် ငွေကြေးဝန်ဆောင်မှုများကို လွယ်ကူစွာဆောင်ရွက်နိုင်သည့် KBZ Pay သည် ငွေစက္ကူမှ ဒစ်ဂျစ်တယ်ငွေပေးချေမှုသို့ အမြန်ဆုံးတိုးတက်အောင် ဦးဆောင်ပြောင်းလဲနိုင်ပြီး တစ်နှစ်ကျော်ကာလအတွင်း အသုံးပြုသူ ငါးသန်းကျော်၊ ဈေးဆိုင်နှင့် ကိုယ်စားလှယ်ပေါင်း ၂၈၅၀၀၀ ကျော်အထိ ချက်ချင်းတိုးတက်လာခဲ့သောကြောင့် ကမ္ဘာ့အဆင့် Celent Model Bank Awards 2020 ဆု ပေးအပ်ချီးမြှင့်ခံခဲ့ရကြောင်း သိရသည်။

ကမ္ဘောဇဘဏ်အနေဖြင့် ပြည်တွင်း ဒစ်ဂျစ်တယ် ငွေလွှဲလုပ်ဆောင်မှု ပမာဏမှာ တစ်နှစ်ပြီးတစ်နှစ် ၁၇၁ ရာခိုင်နှုန်းအထိ မြင့်တက်လာပြီး ယနေ့အထိ KBZ Pay အသုံးပြု၍ အမေရိကန်ဒေါ်လာ ၄ ဘီလီယံကျော်အထိ ငွေကြေးလုပ်ဆောင်ချက်များ ဆောင်ရွက်နိုင်ခဲ့သည်အထိ အောင်မြင်လာခဲ့သည်။ အဆိုပါ ကမ္ဘာ့အဆင့်ဆုသည် ငွေစက္ကူကိုသာ အဓိကသုံးစွဲနေကြသည့် မြန်မာနိုင်ငံတွင် ပြည်သူများ ပါဝင်အသုံးပြုနိုင်မည့် မိုဘိုင်းဦးစားပေး ငွေကြေးဝန်ဆောင်မှုစနစ်



ဖော်ဆောင်ရာတွင် ထူးခြားအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ကမ္ဘောဇဘဏ်သည် ဘဏ်ဦးဆောင်သော ဒစ်ဂျစ်တယ်ငွေပေးချေမှုကဏ္ဍအတွက် ကမ္ဘာ့အဆင့်ဆုရရှိသည့် ပထမဆုံး မြန်မာ့ဘဏ်လုပ်ငန်းလည်း ဖြစ်လာသည်။ “နိုင်ငံရဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံပိုင်း ပိုမိုတိုးတက်လာဖို့ ကျွန်တော်တို့ရဲ့ KBZ Pay က ပြည်သူများအတွက် လုံခြုံစိတ်ချရတဲ့ E-commerce စနစ်တွေ၊ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုတွေ စတင်နိုင်ဖို့အတွက် အဓိကနေရာကနေ ကြိုးစားအားဖြည့်သွားမှာ ဖြစ်ပါတယ်” ဟု ကမ္ဘောဇဘဏ်၏ CEO Mr. Mike DeNoma ကပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ရောဂါကို ထိန်းချုပ် ကုသမှုများ ထိရောက်စေရန်အတွက် KBZ Pay အသုံးပြုသူ ၅ သန်းကျော်သည် နေ့စဉ် ငွေကြေး ဝန်ဆောင်မှုများအတွက် တစ်ဦးနှင့်တစ်ဦး ထိတွေ့မှုမရှိဘဲ ဈေးဆိုင်များ၊ E-commerce များ၊ အစားအသောက်ပို့ဆောင်ရေးလုပ်ငန်းများ၊ ငွေလွှဲခြင်းများ၊ ပရဟိတအသင်းများမှ ကိုဗစ်–၁၉ ရောဂါအတွက် အလှူခံမှုများနှင့် အခြားသော ဝန်ဆောင်မှုများစွာကို ဆောင်ရွက်ပေးခြင်းဖြင့် တစ်ဖက်တစ်လမ်းမှ ပံ့ပိုးကူညီပေးလျက်ရှိသည်။

“ကိုဗစ်–၁၉ ကာလအတွင်းမှာ ကျွန်တော်တို့ရဲ့ ရည်မှန်းချက် ပိုမိုခိုင်မာစေခဲ့ပြီး နိုင်ငံတော်ရဲ့ လုပ်ငန်းစဉ်တွေမှာ အထောက်အပံ့ဖြစ်စေဖို့နဲ့ ကိုဗစ်–၁၉ လွန်ကာလမှာ နိုင်ငံရဲ့ အခြေအနေသစ်အတွက် ပြင်ဆင်ရာမှာ အဆင်သင့် ပူးပေါင်းပါဝင်နိုင်ဖို့ ဖြစ်ပါတယ်။ KBZ Pay က တခြားဖွံ့ဖြိုးဆဲဈေးကွက်တွေရဲ့ စံနမူနာပြနိုင်တဲ့ ပုံစံကောင်းတစ်ခုအဖြစ် ရပ်တည်နိုင်ဖို့ မျှော်လင့်ပါတယ်" ဟု Mr. Mike DeNoma က ဆက်လက်ပြောပြသည်။

ကမ္ဘောဇဘဏ်သည် ငွေကြေးနှင့် ဘဏ်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းများဖြစ်ကြသည့် Financial Times (The Banker)၊ World Finance၊ Euromoney၊ Asian Banking And Finance၊ Asiamoney နှင့် Finance Asia စသည်တို့မှ ချီးမြှင့်သော အကောင်းဆုံးဘဏ်ဆုများကို နှစ်စဉ်ရရှိခဲ့သည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါကာကွယ် ကုသရေးအတွက် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့် လက်တွဲ၍ ကျပ်သိန်းပေါင်း ၃၅၂၄ သိန်း လှူဒါန်းထားသည်။

**ကိုကျော်**

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀–၅–၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၁,၅၀၀ | ၂,၁၇၂ | ၂၃,၂၈၁,၀၀၀ |
| MTSH | ၃,၇၀၀ | ၃,၇၀၀ | ၃,၈၂၇ | ၁၄,၁၅၉,၉၅၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၂၄,၀၀၀ | ၂၄,၀၀၀ | ၁,၄၄၄ | ၃၄,၆၅၆,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၄,၈၅၃ | ၁၃,၃၄၅,၁၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

### ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၀

ရန်ကုန်(ရွှေဈေး) ၁၂၂၁၀၀၀ မန္တလေး(ရွှေဈေး) ၁၂၂၀၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၆၀/၄၉၅ ကျပ် | ၄၉၀/၅၁၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၂၀ ကျပ် | ၅၃၅/၅၉၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၇၀/၄၀၅ ကျပ် | ၄၄၀/၄၅၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၇၀/၅၀၅ ကျပ် | ၅၀၅/၅၂၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၅၅/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၅/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၇.၆ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၀.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၀၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၂၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၇၅ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၂၁.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၃.၆၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၇.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၄၂ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**ခေတ္တ စာတည်းမှူးချုပ်** – ဦးစိုးစိုးနိုင်
**စာတည်းမှူး** – ဦးဝင်းနိုင်
**စာတည်းများ** – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
**သတင်းထောက်မှူး** – ဦးမြင့်စိုး
**ဘာသာပြန်စာတည်းများ** – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်း သတင်းထောက်များ** – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ
**အငယ်တန်း သတင်းထောက်များ** – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
**ဓာတ်ပုံသတင်းထောက်** – ဦးခင်မောင်ဝင်း
**သုတေသန** – ဒေါ်ဇင်မာဝင့်
**စာပြင်** – ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** – ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** – ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇–၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇–၃၆၁၂၈၊ ၀၆၇–၃၆၁၃၀၊ ဖက်စ် ၀၆၇–၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁–၂၉၂၈၃၂
မန်နေဂျာ – ၀၁–၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁–၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁–၂၉၂၈၃၀၊ ကြော်ငြာ ၀၁–၃၉၇၃၃၀၊ ဖက်စ် ၀၁–၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၂၀**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေး လုပ်ငန်းကော်မတီအစည်းအဝေး (၅/၂၀၂၀) ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ခေါင်းဆောင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။





**အင်အားဖြည့်ဖွဲ့စည်းထားပြီးဖြစ်**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက မိမိတို့ လုပ်ငန်းကော်မတီအနေဖြင့် စတင်ဖွဲ့စည်းချိန်မှစ၍ အစည်းအဝေး လေးကြိမ်ကျင်းပခဲ့ကြောင်း၊ ဆုံးဖြတ်ချက် ၄၃ ခု ချမှတ်ခဲ့နိုင်ခဲ့ပြီး လုပ်ငန်းဆောင်တာများကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ပေးခဲ့ကြောင်း၊ လုပ်ငန်းကော်မတီအနေဖြင့် ကိုဗစ်-၁၉ ကြောင့် ထိခိုက်နိုင်သည့် စီးပွားရေးလုပ်ငန်းများအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေများစိစစ်ထုတ်ပေးခဲ့ရာ သုံးကြိမ်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခင်သုံးကြိမ် တွင် ရန်ကုန်မြို့အခြေစိုက်ဖြစ်သည့် စီးပွားရေးလုပ်ငန်းများမှာ အများစုဖြစ်သော်လည်း ယခုစတုတ္ထအကြိမ်တွင် တိုင်းဒေသကြီး/ ပြည်နယ်အခြေစိုက်ဖြစ် သော စီးပွားရေးလုပ်ငန်းများ ဦးစားပေးဆောင်ရွက်ထားကြောင်း၊ ချေးငွေများကို ယခုထက်ပိုမို၍ မြန်ဆန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စိစစ်သည့် အဖွဲ့များအား အင်အားဖြည့်တင်း၍ ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက နိုင်ငံတော်မှ ထပ်မံခွင့်ပြုမည့် ချေးငွေများထုတ်ပေးရာတွင် s CERP နှင့်အညီ ပိုမိုထိရောက်သည့်နည်းလမ်းဖြင့် ချေးငွေထုတ်ပေးနိုင်ရေး၊ နိုင်ငံတော်၏စီးပွားရေး ပြန်လည်ထူထောင်လာရေးအတွက် လက်ရှိဦးစားပေးကဏ္ဍများအပြင် ထပ်မံဆောင်ရွက်သင့်သည့် ဦးစားပေးကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးမှ ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုရှိသော လုပ်ငန်းများအတွက် စတုတ္ထအသုတ်အဖြစ် ချေးငွေထပ်မံထုတ်ပေးနိုင်ရေး ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု ဆွေးနွေး

**နေပြည်တော် မေ ၂၀**

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PIM) ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ဆည်မြောင်းစနစ် လမ်းညွှန်ချက်စာအုပ်**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကမ္ဘာတစ်ဝန်း ပြောင်းလဲလာလျက်ရှိသော ရာသီဥတုနှင့်အတူ လူတို့အသုံးပြုနေသော ရေချိုရှားပါးမှုသည်လည်း တစ်စထက်တစ်စ တိုးမြင့်လာလျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ဆည်မြောင်းတာတမံများအား ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေများ အဆင်ပြေချောမွေ့စွာ ရယူသုံးစွဲနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခင် အတွေ့အကြုံများကို အခြေခံကာ ၂၀၂၀ ပြည့်နှစ် ဧပြီလတွင် ရေအသုံးချသူများအသင်း ဖွဲ့စည်းထူထောင်ခြင်း၊ လက်စွဲစာအုပ်နှင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် (Participatory Irrigation Management–PIM)လမ်းညွှန်ချက်စာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ကြောင်း။



**ချမှတ်ဆောင်ရွက်မည်**

ယနေ့အစည်းအဝေးတွင် တောင်သူဦးကြီးများ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် ရေအသုံးချသူများအသင်းအဖွဲ့များမှတစ်ဆင့် ဌာနနှင့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သည့် ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို ထိရောက်စွာ ဆောင်ရွက်မည့်အစီအစဉ်များ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် (PIM)ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် ပတ်သက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) အကူအညီဖြင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်း ဆည်မြောင်းစနစ်များ အဆင့်မြှင့်ဆောင်ရွက်သည့် စီမံကိန်း(BWID Project)တွင် တာဝန်ထမ်းဆောင်နေသည့် ပညာရှင်များနှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အင်ဂျင်နီယာများဖြင့် Task Force အဖွဲ့ကို ၂၀၁၇ ခုနှစ် ဧပြီလတွင်စတင်ဖွဲ့စည်းခဲ့ပြီး ယင်းအဖွဲ့က ဦးဆောင်၍ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် လမ်းညွှန်ချက်နှင့် ရေအသုံးချသူများအသင်း ဖွဲ့စည်းထူထောင်ခြင်း လက်စွဲစာအုပ်ကို ပြုစုရေးဆွဲခဲ့ကြောင်း၊ ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်(PIM) မရေးဆွဲရသေးမီ ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ရေအသုံးချသူများအဖွဲ့(WUG)များကို ဆည်ရေသောက်စနစ်များတွင် ဖွဲ့စည်းထူထောင်ခဲ့ရာ WUG ပေါင်း ၁၂၀၆ ဖွဲ့ ဖွဲ့စည်းနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ ရေအသုံးချသူများအဖွဲ့(WUG) နှင့် ရေအသုံးချသူများအသင်း (WUA) များ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သဖြင့် ယနေ့အထိ ရေအသုံးချသူများအဖွဲ့(WUG) ၁၅၈၇ ဖွဲ့ နှင့် ရေအသုံးချသူများအသင်း (WUA) ရှစ်ဖွဲ့တို့ကို ဖွဲ့စည်းနိုင်ခဲ့သည်။

**ဆည်ရေစီမံခန့်ခွဲမှုစနစ်**

ယနေ့ကျင်းပသည့် အစည်းအဝေးတွင် ယမန်နှစ်က အတွေ့အကြုံများကို အခြေခံ၍ စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် တောင်သူဦးကြီးများ သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန် ရေအသုံးချသူများ အသင်းအဖွဲ့များမှတစ်ဆင့် ဌာနနှင့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သည့် ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို ယခုမိုးရာသီမှစတင်၍ လွယ်ကူစွာ အသုံးပြုနိုင်ရန် ဆောင်ရွက်မည့် အစီအစဉ်များချမှတ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## E-Commerce Virtual Conference ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီး၍ မေ ၂၈ ရက်တွင် ကျင်းပမည်

**နေပြည်တော် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု အခြေအနေများကို လျှော့ပါးသက်သာစေရေးနှင့် ခိုင်မာသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အချိန်တိုအတွင်းရရှိနိုင်ရေး နိုင်ငံတော်အစိုးရက ဆောင်ရွက်နေစဉ်ကာလအတွင်း ဆန်းသစ်ထုတ်ကုန်များကို တိုးမြှင့်မိတ်ဆက်နိုင်ရန် ရည်မှန်းချက်ဖြင့် E-Commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ငန်းစဉ်များကို ညှိနှိုင်းနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဦးစီးဆောင်ရွက်မည့် E-Commerce Virtual Conference ကို မေ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

အဆိုပါ ကွန်ဖရင့်ကို မေ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်(CERP) ပါ ဆောင်ရွက်ရမည့်စီမံချက်များအရ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် အစိုးရ-ပုဂ္ဂလိက ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်သည်။ Conference ကို Application အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ပြီး အစိုးရဌာနများနှင့် အဖွဲ့အစည်းများ၊ ဆက်စပ်အသင်းအဖွဲ့များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ ဧပြီလနောက်ဆုံးပတ်အတွင်း ထုတ်ပြန်ခဲ့သည့် အားလုံးတစ်ပေါင်းတည်း ကျော်လွှားခြင်း ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်၏ ပန်းတိုင်(၅)အောက်တွင် ပါဝင်သော E-Commerce ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် စီမံချက်များကို အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်စပ်အစိုးရဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် အနီးကပ်ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးညှိနှိုင်းမှုများကို အများပြည်သူသို့ ချပြဆွေးနွေးနိုင်ရန်အတွက် ယခုကဲ့သို့ ကွန်ဖရင့်ကိုကျင်းပခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် E-Commerce လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ


ဒုတိယဝန်ကြီး
ဦးအောင်ထူး


ဒုတိယဝန်ကြီး
ဦးလှကျော်


အုတ်တွင်းမဲဆန္ဒနယ်မှ
ဒေါ်ချိုချို


ပွင့်ဖြူမဲဆန္ဒနယ်မှ
ဦးထွန်းထွန်း


ထီးလင်းမဲဆန္ဒနယ်မှ
ဦးမြတ်လေးဦး


ကန်ပက်လက်မဲဆန္ဒနယ်မှ
ဦးညွန့်ဝင်း

**နေပြည်တော် မေ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့တွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းဖြေကြားခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ လယ်ယာစိုက်ပျိုးရေးမှ ထွက်ရှိလာသော သီးနှံများ ဈေးနှုန်းတည်ငြိမ်မှုရှိရန်အတွက် သီးနှံထွက်ရှိချိန်တွင် ဝယ်ယူသိုလှောင်ထားရန် လိုအပ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သိုလှောင်ရုံတည်ဆောက်မှုတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ မိမိတို့နိုင်ငံအတွက် အကျိုးရှိစေမည့် မူဝါဒများချမှတ်ပြီး ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ပြည်ပချေးငွေများကို ဖိတ်ခေါ်ရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက မိမိအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ဖြေကြားမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေအရ လယ်ယာထုတ်ကုန်များရောင်းချရာတွင် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းရရှိစေရေးအတွက် ဒုတိယသမ္မတ(၂) ခေါင်းဆောင်သည့် တောင်သူလယ်သမားအခွင့်အရေး၊ ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအဖွဲ့က လယ်ယာထုတ်ကုန် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါကြောင်း။

ထို့ပြင် လယ်ယာထုတ်ကုန်စီမံခန့်ခွဲရေးအဖွဲ့ကိုလည်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း လှည့်ပတ်ရန်ပုံငွေ ငွေကျပ် ၁၅ ဘီလီယံကို ခွင့်ပြုပေးခဲ့ပြီး စပါးဈေးအခြေခံရည်ညွှန်းဈေးနှုန်းထက် ကျဆင်းနိုင်သည့် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် အခြေခံရည်ညွှန်းဈေးဖြင့် ဝယ်ယူစေခဲ့ပါကြောင်း၊ နွေစပါးထွက်ပေါ်လာချိန်တွင် ဆက်လက်ဝယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးခဲ့သည့်အတွက် လက်ရှိစပါးဈေးနှုန်းများသည် အခြေခံရည်ညွှန်းဈေးအောက် ကျဆင်းခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း။

## စိုက်ပျိုးရေးဆိုင်ရာ လက်ကားဈေးကွက်ထူထောင်ခြင်း ၅ နှစ် စီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီအထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိ

ပြည်ပအထောက်အပံ့စီမံကိန်းများဖြင့်လည်း စိုက်ပျိုးရေးဆိုင်ရာ လက်ကားဈေးကွက်ထူထောင်ခြင်း ၅ နှစ် စီမံကိန်းကို ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ အထောက်အပံ့ဖြင့် အကောင်အထည်ဖော်လျက်ရှိပြီး နေပြည်တော်တွင် ရှေ့ပြေးလက်ကားဈေးကွက်ထူထောင်ခြင်းနှင့် ဟဲဟိုးတွင် ထုတ်ကုန်စုဆောင်းသိုလှောင်သည့် အဆောက်အအုံထူထောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် သီးနှံထွက်ရှိချိန်တွင် ဒေသထွက်သီးနှံများ အရည်အသွေးပြည့်မီပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းအား မြင့်မားလာစေရန် လိုအပ်သော ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ သိုလှောင်ရုံတည်ဆောက်မှုတို့အတွက် သက်ဆိုင်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိဝန်ကြီးဌာနအနေဖြင့်လည်း ကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ ကုန်သွယ်မှုချောမွေ့စေရေး၊ ပို့ကုန်မြှင့်တင်ရေးနှင့် သင့်တင့်လျောက်ပတ်သော လယ်ယာထွက်ကုန်ဈေးနှုန်းများ ဖြစ်ပေါ်စေရေးတို့ကို ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဦးကျော်ဆွေဝင်း(ခ) ဦးအာလူး၏ ကော့မှူးမြို့နယ် မြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက ကော့မှူးမြို့ မြို့မဈေးအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် (၄၁)အရ Design and Build တင်ဒါခေါ်ယူခွင့်အား သဘောတူညီခဲ့ပြီး နိုင်ငံပိုင်သတင်းစာများတွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်၌ အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ လာရောက်ဆွဲဝယ် လုပ်ကိုင်မည့်သူမရှိခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၅ ရက်တွင်လည်း ၎င်းတင်ဒါအား ဒုတိယအကြိမ် ထပ်မံခေါ်ယူခဲ့ရာ တင်ဒါလာရောက်တင်သွင်းမှုမရှိခြင်းကြောင့် ကော့မှူးမြို့မဈေး အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်နိုင်ခြင်းမရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနသည် ကော့မှူးမြို့မဈေးအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံလိုသူများမှ စိတ်ပါဝင်စားမှုမရှိခြင်းကြောင့် လက်ရှိအခြေအနေတွင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်းနှင့် ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များမှ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး အဆိုပြုတင်ပြလာပါက ကော့မှူးမြို့မဈေးအသစ် တည်ဆောက်ခြင်းလုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထီးလင်းမဲဆန္ဒနယ်မှ ဦးမြတ်လေးဦး၏ ထီးလင်းမြို့နယ်ရှိ ဆင်စွယ်ကျေးရွာတွင် စိုက်ပျိုးရေ၊ သောက်သုံးရေ ဖူလုံစွာရရှိရေးအတွက် သင့်တော်သောနေရာတွင် တစ်ဖက်ရပ်ဆည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ဆင်စွယ်ကျေးရွာ အနီးပတ်ဝန်းကျင်တွင် အခြားရေအရင်းအမြစ်ရရှိနိုင်မည့် အခြေအနေကို စူးစမ်းလေ့လာခဲ့ပါကြောင်း၊ ကျေးရွာ၏ မြောက်ဘက် သုံးမိုင်ခန့်အကွာတွင် ရွှေတွင်းတူးရိုးချောင်းကို လေ့လာတွေ့ရှိရပါကြောင်း၊ သို့သော် အဆိုပါရိုးချောင်းသည် ရေဆင်းဧရိယာ လွန်စွာသေးငယ်သည့်အတွက် မိုးရွာသွန်းချိန်မှသာ ရေစီးဆင်းမှုရှိပါကြောင်း၊ မိုးရွာသွန်းမှုမရှိချိန်တွင် ရေစီးဆင်းမှုမရှိသည့်အတွက် ရေဝင်ရောက်မှု နည်းပါးမည့်အခြေအနေဖြစ်ပါကြောင်း၊ ထို့ပြင် ပူပြင်းခြောက်သွေ့သည့် ဒေသဖြစ်သည့်အလျောက် ရေငွေ့ပျံမှုများပြားမှုနှင့် မြေမျက်နှာသွင်ပြင်အမျိုးအစားမှာလည်း ရေစိမ့်နှုန်းမြင့်မားမှုတို့ကြောင့် ကန်တွင်းသိုလှောင်ရေ လေလွင့်ဆုံးရှုံးမှုများပြားနိုင်သည့် အခြေအနေဖြစ်ပါကြောင်း။

## ဒေသနေပြည်သူများအတွက် အဓိက လိုအပ်ချက်ရှိမည့် သောက်သုံးရေရရှိရေးကို မြေအောက်စက်ရေတွင်း တူးဖော်ဖြည့်ဆည်းနိုင်မှု ရှိ၊ မရှိ ကွင်းဆင်းစိစစ် ဆောင်ရွက်ပေးသွားမည်

ထို့ကြောင့် ရွှေတွင်းတူးရိုးချောင်းပေါ်တွင် တစ်ဖက်ရပ်ဆည်ကန်တည်ဆောက်ရန်မှာ ဒေသ၏ ရေမြေရာသီဥတုအခြေအနေအရ ရေဝင်ရောက်မှုနည်းပါးပြီး ရေလေလွင့်ဆုံးရှုံးမှုလည်း များပြားနိုင်မည်ဖြစ်သောကြောင့် တစ်ဖက်ရပ်ဆည်ကန်လုပ်ငန်းသည် ဆောင်ရွက်ရန် သင့်လျော်မှုမရှိပါကြောင်း၊ သို့သော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသနေပြည်သူများအတွက် အဓိက လိုအပ်ချက်ရှိမည့် သောက်သုံးရေရရှိရေးကို မြေအောက်စက်ရေတွင်း တူးဖော်ဖြည့်ဆည်းနိုင်မှု ရှိ၊ မရှိ ကွင်းဆင်းစိစစ် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ စိစစ်ပြီး အခြေအနေပေးပါက လုပ်ငန်းအကောင်အထည်ဖော်ပေးနိုင်ရေးအတွက် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ ၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု မည်မျှတိုးတက်လာသည်နှင့် အနာဂတ်ရင်းနှီးမြှုပ်နှံမှု မျှော်မှန်းချက်များအား သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗရတ်ဆင်းက လည်းကောင်း။

ဒီပဲယင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၏ ရွှေဘို၊ ဝက်လက်နှင့် ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်မြို့ရှိ စပါးဂိုဒေါင်များကို မည်သည့်အချိန်တွင် တာဝန်ယူဖျက်သိမ်းမည်ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်ထူးကလည်းကောင်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၏ လယ်ဝေးမြို့နယ်အတွင်းရှိ အေလာကျေးရွာအုပ်စုကို ပယ်ဖျက်ပြီး အေလာမြို့အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က လည်းကောင်း၊ တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာစောနိုင်၏ ငမိုးရိပ်ရေသန့်စက်ရုံတွင် ရေတွန်းစက်များသုံးစွဲ၍ ရေပေးဝေနေခြင်းအပြင် လျှပ်စစ်ခတ်အားလျှော့ချနိုင်မည့် Gravity နည်းစနစ်ပါသုံးစွဲ၍ ရေပေးဝေနိုင်ရန် ရေရှည်စီမံကိန်းချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိနှင့် ငမိုးရိပ်ရေသန့်စက်ရုံရှိ ရေတွန်းစက်များသည် မီးတစ်ကြိမ်ပျက်လျှင် အပြည့်အဝစွမ်းရည်ပြည့် ပြန်လည်အလုပ်လုပ်ရန်မှာ နှစ်နာရီခန့် အချိန်ယူရသဖြင့် တချို့ရေတွန်းစက်များကို မီးစက်ဖြင့်သုံးစွဲနိုင်ရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီဝင် ဦးညီထွန်းက လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ကန်ပက်လက်မဲဆန္ဒနယ်မှ ဦးညွန့်ဝင်း၏ ကန်ပက်လက်မြို့ဟောင်းမြေနေရာတွင် တရားမဝင်ကျူးကျော်နေထိုင်သူများအား ဥပဒေအရ ဖယ်ရှားပေးရန်နှင့် မြို့မြေဧရိယာအတွင်း ဆောက်လုပ်ထားသော ဟိုတယ်ဇုန်မြေနေရာများအား ပိုင်ဆိုင်မှုဧရိယာ အထောက်အထားအတိုင်း မြေယာစိစစ်တိုင်းတာမှုများ တိတိကျကျ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း၊ ကနီမဲဆန္ဒနယ်မှ ဦးထွန်းထွန်းနိုင်၏ ကနီမြို့နယ်ရှိ ယင်း-ကုန်းသာ ရေတားတမံပြုပြင်နိုင်ရန် တာတမံမူလဧရိယာအား ကျူး၍ (ပုံစံ-၇) ရယူထားမှုများအား ပယ်ဖျက်ပေးရန်နှင့် တာတမံပြုပြင်ရာတွင် ရေဘေးအန္တရာယ်ကင်းဝေးနိုင်မည့် ဒီဇိုင်းများဖြင့် ရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် မယ်စဲ့မဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း၏ မယ်စဲ့မြို့နယ် ဟိုစဲ့ကျေးရွာနှင့် နန့်မန်းကျေးရွာ၌ ရာသီမရွေးသောက်သုံးရေရရှိနိုင်ရန်အတွက် ချောင်းရေတင်စနစ်ဖြင့် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က လည်းကောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသည့် ကျန်းမာရေးမှူးကောင်စီ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအေးက အစီရင်ခံစာ ဖတ်ကြားတင်သွင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

---

**❖ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ**

မေ ၂၀ ရက်၌ နေရပ်ပြန်ပြည်သူ အမျိုးသား ၁၈၁ ဦး၊ အမျိုးသမီး ၁၉၂ ဦး စုစုပေါင်း ၃၇၃ ဦးတို့အား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ အဆိုပါ နေရပ်ပြန်ပြည်သူ ၃၇၃ ဦးတို့တွင် ကချင်ပြည်နယ်မှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၆၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၃၄ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၂၅ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၃၂ ဦး၊ နေပြည်တော်မှ ခုနစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ခုနစ်ဦးတို့ ဖြစ်ကြသည်။ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ လွှဲပြောင်းပို့ဆောင်ပေးရာတွင် မေ ၆ ရက်မှ မေ ၂၀ ရက်အထိ အမျိုးသား ၃၉၅၂ ဦး၊ အမျိုးသမီး ၂၁၁၇ ဦး စုစုပေါင်း ၆၀၆၉ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးနိုင်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် ထပ်ဆင့်လွှဲပြောင်းပို့ဆောင်ပေးရာတွင် စားသောက်နေထိုင်ရေးကိစ္စရပ်များ၊ ကျန်းမာရေးစစ်ဆေးခြင်းများ၊ ညအိပ်တည်းခိုရေးကိစ္စရပ်များ၊ သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လားရှိုးခရိုင်နှင့် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန(တွဲဖက်ပြည်နယ်ရုံး)လားရှိုးမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထားလုပ်ငန်းမှ တာဝန်ရှိသူများ၊ မြို့နယ်ပုဂ္ဂလိကယာဉ်လုပ်ငန်းများကြီးကြပ်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ပရဟိတအသင်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ စေတနာရှင်အလှူရှင်များက လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကျင်းပ

**နေပြည်တော်  မေ ၂၀**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီများတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာများ အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူသည်။

ထို့နောက် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဂျေယောဝူ၏ ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်တွင် ဧက သုံးသိန်းအား ဩစတြေးလျကုမ္ပဏီဖြစ်သော Fortuna Metal Myanmar Co.,Ltd. အား ရွှေဓာတ်သတ္တုရှာဖွေတိုင်းတာခွင့်(Feasibility study) လုပ်ပိုင်ခွင့်ချထားပေးခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုသည့်မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲမြင့်ဆွေက ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်အတွင်း လုပ်ကွက်(၁)နှင့် လုပ်ကွက်(၂) တို့တွင် ရွှေ၊ ကြေးနီနှင့် ဆက်စပ်သတ္တုရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေးနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာရေးလုပ်ငန်းဆောင်ရွက်ရန် ကုမ္ပဏီမှ မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ခွင့်ပြုမိန့်လျှောက်ထားခြင်းအပေါ် စိစစ်ခဲ့ရာ အချက်အလက်ပြည့်စုံသဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားတောင်းခံရရှိထားပြီးဖြစ်ခြင်း၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် EMP ရေးဆွဲလျက်ရှိခြင်းနှင့် လုပ်ငန်းသဘောတူစာချုပ်အတွက် ပြင်ဆင်



ကချင်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁)မှ ဦးဂျေယောဝူ



မွန်ပြည်နယ် မဲဆန္ဒနယ်
အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်



ရှမ်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးစိုင်းစံအောင်



ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၁၂)မှ ဦးအောင်သိန်း

ဆောင်ရွက်ဆဲအဆင့်သာဖြစ်ပါကြောင်း၊ ထို့ပြင် ဌာနနှင့်ကုမ္ပဏီတို့ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် လက်ရှိအခြေအနေတွင် အဆိုပါကုမ္ပဏီကို လုပ်ပိုင်ခွင့်ချထားပေးခြင်း မရှိသေးပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင် ၏ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်အတွင်း မြို့ပေါ်နယ်နိမိတ်နှင့် ကျေးရွာပေါင်းများစွာ ပါဝင်သတ်မှတ်ထားသည့် ဖာခါးသစ်တောကြိုးဝိုင်းအား ကွင်းဆင်းစိစစ်၍ ကြိုးဝိုင်းအဖြစ်မှ ပလပ်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၀)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံအောင်က ဖာခါးကြိုးဝိုင်းတောနှင့် စပ်လျဉ်း၍ ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် ပြည်သူလူထု၏ နစ်နာမှုများကို ဖြေရှင်းပေးနိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍လည်း ကြယ်ပွင့်ပြမေးခွန်း တင်သွင်းခဲ့ရာတွင် အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ကတိကဝတ်အဖြစ် သတ်မှတ်ခဲ့သည့်အတွက် နောက်ဆုံးဆောင်ရွက်ထားမှုအခြေအနေများကိုလည်း ကော်မတီသို့ လစဉ်ပြုစုတင်ပြလျက်ရှိပါကြောင်း။

### ဖာခါးသစ်တောကြိုးဝိုင်းအတွင်း ကျေးရွာ ၃၅ ရွာ၏ မြေဧရိယာ ၂၅၁ ဒသမ ၀၈ ဧကအား ကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး လက်ရှိစီစဉ်ဆောင်ရွက်လျက်ရှိ

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် မေးခွန်းနှင့်စပ်လျဉ်း၍ ဖာခါးသစ်တောကြိုးဝိုင်းအတွင်း ကျေးရွာ(၃၅)ရွာ၏ မြေဧရိယာ ၂၅၁ ဒသမ ၀၈ ဧကအား ကြိုးဝိုင်းအဖြစ်မှ ပယ်ဖျက်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်နိုင်ရေး လက်ရှိစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ယခင်ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းနှင့်ပတ်သက်၍လည်း အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသို့ လစဉ်ပြုစုတင်ပြရာတွင်လည်း ထည့်သွင်းတင်ပြထားရှိပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးအောင်သိန်း၏ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တောင်ညိုမြို့သစ်ရှိ ကွင်းကျယ်တိုက်နယ်ဆေးရုံကို လွန်ခဲ့သော ၂၀၀၅ ခုနှစ်က တည်ဆောက်ခဲ့ပြီး ဒေသခံပြည်သူများ၏



ဒုတိယဝန်ကြီး
ဦးခင်မောင်ဝင်း



ဒုတိယဝန်ကြီး
ဒေါက်တာ ရဲမြင့်ဆွေ

ကျန်းမာရေးကိုစောင့်ရှောက်ပေးလျက်ရှိသော်လည်း ယနေ့ထိ တောင်ညိုမြို့သစ်တွင် လျှပ်စစ်မီးမရရှိသေးသဖြင့် အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရ၍ လျှပ်စစ်မီးကို မည်သည့်အချိန်၌ ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက တောင်ညိုမြို့သစ် ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီဓာတ်အားလိုင်း ၆ ဒသမ ၃၄မိုင် တည်ဆောက်ခြင်းနှင့် တောင်ညိုမြို့သစ်တွင် ၁၁/၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၃လုံး တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၁၀၂ ဒသမ ၇ သန်းခန့်ဖြင့် ပစ္စည်းဝယ်ယူရန် တင်ဒါခေါ်ဆိုထားပြီး စက်တင်ဘာလဆန်းတွင် ပစ္စည်းများရောက်ရှိရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

### တောင်ညိုမြို့သစ် ဓာတ်အားရရှိရေးအတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၉၄ ဒသမ ၅ သန်းခန့်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေမှ ငွေကျပ် ၉၄ ဒသမ ၅ သန်းခန့်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ၁၁ ကေဗွီဓာတ်အားလိုင်းများ တည်ဆောက်ပြီးပါက ကွင်းကျယ်တိုက်နယ်ဆေးရုံ ဓာတ်အားရရှိရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည့် ၁၁/၀ ဒသမ ၄ ကေဗွီ ၅၀ ကေဗွီအေ ထရန်စဖော်မာတည်ဆောက်ခြင်းနှင့် ဆေးရုံဝင်းအတွင်း ၄၀၀ ဗို့ဓာတ်အားလိုင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကုန်ကျစရိတ်ဖြင့် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်၏ ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဒိုက်ပျက်ကျေးရွာသည် လျှပ်စစ်ဓာတ်အားလိုင်း (11 KVA) နှင့် (၄)မိုင်ခွဲခန့်သာ ကွာဝေးသဖြင့် လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက အဆိုပါ ကျေးရွာလျှပ်စစ်မီးရရှိရေးအတွက် ဇရပ်လှကျေးရွာမှ ဒိုက်ပျက်ကျေးရွာသို့ ၁၁ ကေဗွီဓာတ်အားလိုင်း ၄ ဒသမ ၅မိုင်နှင့် ၁၁ / ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ဓာတ်အားခွဲရုံ ၂ ရုံ တည်ဆောက်ပေးရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းလျာထားရန် အဆိုပြုထားပြီးဖြစ်သဖြင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သော ဓာတုပစ္စည်းပါဝင်သည့် အီးစီးကရက် (E– Cigarettes)များကို မည်သို့ထိန်းချုပ်မည်ကို သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အနှောင့်အယှက်များစွာ ဖြစ်စေသည့်အပြင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေသည့်အတွက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ခြင်းလုပ်ငန်းကို အားဖြည့်ဆောင်ရွက်နေရသည့် အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် လူကို အန္တရာယ်ဖြစ်စေသည့် အီးစီးကရက်နှင့် ၎င်း၏ ဆက်စပ်ပစ္စည်းများကို ပြည်သူလူထုအတွင်းရောက်ရှိရန် တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း ခွင့်မပြုသင့်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အနေဖြင့်လည်း ဥပဒေပြဋ္ဌာန်းခြင်း၊ လိုအပ်သည့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ခြင်း၊ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာ ဝန်ကြီးဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အလျင်အမြန်ဆောင်ရွက်သွားနိုင်ရန်အတွက် အစီအစဉ်များချမှတ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၏ ကျောက်တော်မြို့နယ်အတွင်း လင်ကွီကျေးရွာနှင့် မတင်မှိုင်ချောင်းကျေးရွာတို့တွင် ကျန်းမာရေးဌာန(ခွဲ) တစ်ခုစီကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ မြလေးစိန်က လင်ကွီကျေးရွာတွင် လူဦးရေလွှမ်းခြုံမှုနည်းပါးခြင်း၊ တောင်ပူစီ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)နှင့် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်ခြင်း၊ အခြေခံမူများနှင့် ကိုက်ညီမှုမရှိသေးခြင်းတို့ကြောင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်ပေးရန် လတ်တလောမလိုအပ်သေးသည်ကို တင်ပြထားပါကြောင်း၊ ထို့ကြောင့် ကျေးရွာကျန်းမာရေးဌာန(ခွဲ)ဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း။

### မတင်မှိုင်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန်အတွက် မြေစာရင်းပုံစံရရှိပါက စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့တင်ပြ၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်

မတင်မှိုင်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ မြေပြင်တွင် အမှန်တကယ်လိုအပ်မှုရှိကြောင်း၊ မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ လျှောက်ထားဆဲဖြစ်ကြောင်း အကြောင်းပြန်ကြားလာသဖြင့် ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန် မြေစာရင်းပုံစံရရှိပါက စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးရုံး(FDA) ဖွင့်လှစ်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် သရက်ပင် ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုခြင်း မေးခွန်းတို့နှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက်နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါက်တာမျိုးအောင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါပြင်ဆင်ချက်နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဒေါ်အုန်းကြည်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေများကို ပဉ္စမအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ပြင်ဆင်ချက်နည်းဥပဒေများအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာဌေးကြွယ်နှင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်တို့နှစ်ဦး ကွယ်လွန်သွားသည့်အတွက် ယခင်ကွယ်လွန်သွားခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များနည်းတူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ တစ်နေ့တာ နေ့တွက်စရိတ် တစ်ရက်စာစီကို ကောက်ခံပြီး ကူညီထောက်ပံ့ငွေများကို ကိုယ်စားလှယ်နှစ်ဦး၏ မိသားစုများထံ ပေးပို့သွားမည်ဖြစ်ကြောင်း အသိပေးတင်ပြ၍ လွှတ်တော်၏ သဘောထားရယူသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မေ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများ ပိုမိုကောင်းမွန်တိုးတက်စေရေး ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မေ ၂၀**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများ ပိုမိုကောင်းမွန်တိုးတက်စေရေးဆွေးနွေးပွဲကို ယနေ့ညနေပိုင်းက နေပြည်တော် ရှိအဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းစွာနားလည်စေရေး**

ဆွေးနွေးပွဲ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအခါတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာတိုးတက်မှုများ မြင့်မားလာသည်နှင့်အမျှ ပြည်သူများသည်လည်း မိုဘိုင်းဖုန်းများ၊ အင်တာနက်နည်းပညာများ၊ လူမှုကွန်ရက်စာမျက်နှာများကို သုံးစွဲမှုများပြားလာသည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများထံသို့ သတင်းအချက်အလက်များ ပေးပို့ခြင်း၊ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ ပြုလုပ်ခြင်းတို့ကို အင်တာနက်စာမျက်နှာနှင့် လူမှုကွန်ရက်စာမျက်နှာများကို အသုံးပြုဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အသုံးပြုရပိုမိုလွယ်ကူစေရန်၊ ပြည်သူများထံသို့ ပိုမို၍ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ရောဂါဖြစ်ပွားတတ်သည့်အကြောင်းအရာ၊ ရောဂါကာကွယ်ရန် နည်းလမ်းများစသည့် ကျန်းမာရေးအသိပညာအချက်အလက်များကို ပညာရပ်ဆိုင်ရာ ခက်ခဲသောအသုံးအနှုန်းများလျှော့ချပြီး လွယ်ကူနားလည်လွယ်သော အသုံးအနှုန်းများဖြင့် ပြည်သူများမှ ရှင်းလင်းစွာ ကြည့်ရှုနားလည်စေရေးအတွက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလဖြစ်၍ ကိုဗစ်-၁၉ နှင့် ပတ်သက်သော ကျန်းမာရေးအချက်အလက်များကို ပြည်သူများ စိတ်ပါဝင်စားစွာ လေ့လာကြသည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်-၁၉ ထက်ပင် ဖြစ်ပွားမှုနှုန်းနှင့် သေဆုံးမှုနှုန်း မြင့်မားသော အခြားသော ကျန်းမာရေးပြဿနာများနှင့် ရောဂါများနှင့်ပတ်သက်သော ကျန်းမာရေးအချက်အလက်များကိုလည်း ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် သိရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် ကျန်းမာရေးစီမံချက်လုပ်ငန်းများနှင့် ပတ်သက်သော အချက်အလက်များ၊ ၎င်းလုပ်ငန်းများတွင် ပြည်သူများအနေဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်သည့် အခန်းကဏ္ဍများ၊ ပြည်သူများမှ အကြံပြုချက်များ ပေးအပ်နိုင်မည့် ကဏ္ဍများကိုပါ ပြည်သူများထံ ရောက်ရှိနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျန်းမာရေးဆိုင်ရာ အချက်အလက်များကို ဝန်ကြီးဌာန၏ အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှ ဖြန့်ဝေရာတွင် ယခုထက်ဘက်စုံ ပိုမိုကောင်းမွန်တိုးတက်စေရေး အကြံပြုချက်များ ပေးအပ်စေလိုပြီး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။



**အကြံပြုချက်များတင်ပြ**

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်(စီမံ/ဘဏ္ဍာ) ဒေါ်အေးအေးစိန်နှင့် eHealth Division မှ တာဝန်ရှိသူများက လက်ရှိတွင် ဝန်ကြီးဌာန၏ အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှ ပြည်သူများထံ သတင်းအချက်အလက်နှင့် ကျန်းမာရေးအသိပညာအချက်အလက်များ ဖြန့်ဝေနေမှု၊ အီလက်ထရွန်နစ်သုံး ရုံးစာစီမံခန့်ခွဲမှုစနစ်(e-memo) ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိသုံးစွဲနေသည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုစနစ်(health man power database)၊ Facebook Myanmar Team နှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ Facebook Myanmar Team မှ အကြံပြုချက်များကိုတင်ပြသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်(ပြည်ထောင်စုဝန်ကြီးရုံး) ဒေါက်တာသာထွန်းကျော်၊ ညွှန်ကြားရေးမှူးချုပ်(ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန) ဒေါက်တာ စိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ရှေ့ဆက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဒုတိယဝန်ကြီးဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Prof: Walter Kelin နှင့် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာရှေ့ဆက်မည့်လုပ်ငန်းများနှင့် ပတ်သက်၍ Video Conferences ဖြင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

**လုံးဝရပ်တန့်ထား၍မရ**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလက အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး အမျိုးသားအဆင့်ကော်မတီကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ဖွဲ့စည်းပေးခဲ့ကြောင်း၊ ထိုကော်မတီ၏ ပထမအကြိမ်အစည်းအဝေးကို မတ် ၂၅ ရက်တွင် ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့ကပ်ရောဂါအသွင် ဖြစ်ပွားနေသဖြင့် အမျိုးသားအဆင့်မဟာဗျူဟာ ဆက်လက်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်များ နှောင့်နှေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလ မည်မျှကြာမည်ကို မှန်းဆ၍ မရကြောင်း၊ မဟာဗျူဟာစီမံချက်အရ မိမိတို့က အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို အချိန်ကာလသတ်မှတ်ချက်အတိုင်း ပြည့်မီအောင်ဆောင်ရွက်ရန် ခက်ခဲသော်လည်း လုံးဝရပ်တန့်ထား၍မရကြောင်း၊ ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရေးသည် အလွယ်တကူ လျင်လျင်မြန်မြန် ဆောင်ရွက်၍ရသော လုပ်ငန်းမျိုးမဟုတ်ဘဲ အောက်ခြေအထိ အဆင့်ဆင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းများကို ဆောင်ရွက်ရပါကြောင်း။



မဟာဗျူဟာရေးဆွဲရာတွင် လည်းကောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လည်းကောင်း ပညာရပ်ဆိုင်ရာကျွမ်းကျင်မှုကိုရယူပြီး နိုင်ငံတကာ အတွေ့အကြုံများ၊ သင်ခန်းစာများအပေါ် အခြေခံဆောင်ရွက်ရသဖြင့် ဆွစ်ဇာလန်နိုင်ငံမှ Prof: Walter Kelin သည် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုညှိနှိုင်းအစည်းအဝေးတွင် ကိုဗစ်-၁၉ ကာလမတိုင်မီ ဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ လက်ရှိ ကိုဗစ်-၁၉ အခြေအနေနှင့် ယှဉ်တွဲဆက်စပ်ဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ကြုံတွေ့ရသည့် စိန်ခေါ်မှုများ၊ ထိုအခြေအနေများအပေါ် အကြံပြုချက်များ၊ ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ဆွေးနွေးရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် မိမိအနေဖြင့် နေရပ်စွန့်ခွာသူများရှိသည့် ပြည်နယ်အသီးသီးသို့ သွားရောက်ကာ သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့မိမြို့ဖများပါဝင်၍ IDP စခန်းနေသူများ၊ ဒေသခံများနှင့် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဆက်လက်၍ မိမိတို့ဝန်ကြီးဌာနမှ တာဝန်ရှိသူများကလည်း နိုင်ငံတကာကျွမ်းကျင်ပညာရှင် Prof: Walter Kelin ကိုယ်တိုင်လိုက်ပါ၍ ပြည်နယ်အချို့သို့ သွားရောက်ခဲ့ကြကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့်ယှဉ်တွဲ၍ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို အကြံပြုဆွေးနွေးပေးရန် လိုအပ်ကြောင်း။

**ဦးစားပေးဆောင်ရွက်လျက်ရှိ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် မတ် ၂၈ ရက်မှ စတင်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအနေဖြင့် ထိရောက်စွာပညာပေးခြင်း၊ လိုအပ်သော တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ ထောက်ပံ့ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ရန် စီမံပေးခြင်းများဖြင့် IDP စခန်းများရှိ နေရပ်စွန့်ခွာသူများ ကူးစက်မှု မဖြစ်ပွားစေရေးကို နိုင်ငံတော်က ငွေကျပ် ၂ ဒသမ ၁ ဘီလီယံသုံးစွဲကာ ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ သတင်းအချက်အလက်များကို အားလုံးလက်လှမ်းမီရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် လိုက်နာရမည့်အဓိကအချက်များကို ဆက်သွယ်ရေးအော်ပရေတာလေးခုမှ SMS Message များဖြင့် ပေးပို့ပေးလျက်ရှိပါကြောင်း၊ အမျိုးသားအဆင့် မဟာဗျူဟာပါ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာပြည်နယ်အစိုးရ၊ ယာယီခိုလှုံရာစခန်းများတွင် နေထိုင်သူတို့ ပူးပေါင်း၍ ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**လွယ်ကူချောမွေ့မည်**

ထို့နောက် ဆွစ်ဇာလန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင် Prof: Walter Kelin က အမျိုးသားအဆင့် ကော်မတီ ပထမအကြိမ်အစည်းအဝေး ကျင်းပနိုင်ခဲ့ခြင်းအား အထူးဝမ်းမြောက်မိပါကြောင်း၊ ယခုအချိန်သည် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားနေချိန်ဖြစ်၍ အမျိုးသားအဆင့်မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ကြုံတွေ့ရမည်ကို နားလည်ပါကြောင်း၊ မတူညီသော နောက်ခံအကြောင်းအရင်းများကြောင့် တောင်းဆိုချက်များကွဲပြားမည်ဖြစ်ပါကြောင်း၊ အားလုံးဖြည့်ဆည်း ဆောင်ရွက်နိုင်ရန် မဖြစ်နိုင်ပါကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝဘေးဒဏ်ခံနိုင်ရေးနှင့် အခြားသော လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံအချို့တွင်လည်း ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးကို စိန်ခေါ်မှုများကြားက ဆောင်ရွက်လျက်ရှိကြောင်း၊ မတူညီသော နေရာဒေသအလိုက် ကြုံတွေ့ရသည့်အပေါ် သင်ခန်းစာယူ၍ စဉ်းစားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် စခန်းတွင်နေထိုင်သူအများစု လက်ခံနိုင်သော အစီအစဉ်များဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုမြန်ဆန် လွယ်ကူချောမွေ့မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက ပြည်တွင်း နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှေ့ဆက်မည့်လုပ်ငန်းစဉ်များကို ပါဝင်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်ကာလနှင့် အိမ်ရှင်မ

**ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)**

မြန်မာနိုင်ငံကို ကိုဗစ်ရောက်တာ ၂၃-၃-၂၀၂၀ ရက်နေ့၊ ဟုမ်းစတေးနေရတဲ့ ပထမပိုင်းကာလက ၁၅ -၅- ၂၀၂၀ ရက်နေ့အထိ၊ ဒုတိယပိုင်းသက်တမ်းတိုးလိုက်တော့ ၃၁ -၅- ၂၀၂၀ ရက်နေ့အထိ ဖြစ်သွားတယ်။ အိမ်ထဲမှာနေရတဲ့ကာလကို လက်တွေချိုး ရေတွက်ကြည့်တဲ့အခါ နှစ်လနဲ့ ၁၀ ရက်။ မိသားစုတွေအားလုံး အိမ်ထဲမှာနေနေကြရတယ်။ အိမ်ထောင်ဦးစီး၊ အိမ်ရှင်မ၊ အဘိုး၊ အဘွား၊ ဦးကြီး၊ ဒေါ်ကြီး၊ လူပျိုလူလွတ်၊ အပျိုကြီး၊ သားသမီး၊ မြေးမြစ်တွေ တစုတဝေးတည်း ရှိနေကြတယ်။

အိမ်တိုင်းအိမ်တိုင်းမှာ "အိမ်ရှင်မ" ရှိတယ်။ "အိမ်ရှင်မ" ဆိုတဲ့အထဲမှာ အစိုးရဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်း၊ ကိုယ်ပိုင်လုပ်ငန်းရှင်၊ စားသောက်ဆိုင်ပိုင်ရှင်၊ ဆရာဝန်၊ ဆရာမ၊ အထူးကု၊ သူနာပြု၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ သရုပ်ဆောင်၊ အဆိုတော်၊ မင်းသမီး၊ စာရေးဆရာ စသဖြင့် နေရာဌာနအသီးသီးမှာ ရာထူးကြီး၊ ငယ်၊ ရွယ်၊ လတ် ပါရှိနေကြတယ်။ ရပ်ကွက်ဈေးထဲမှာ ဈေးရောင်းသူ၊ ရာသီစာမုန့်မျိုးစုံ လှည့်လည်ရောင်းချသူမှသည် အမှိုက်တွန်းလှည်းတွန်း၍ အသက်မွေးသူ အိမ်ရှင်မအထိ အကျုံးဝင်တယ်။

**"အိမ်ရှင်မ" ဆိုတာ**

"အိမ်ရှင်မ" ဆိုတော့ အိမ်ထောင်ရှင်မဟုတ်တဲ့ အပျိုကြီး၊ အပျိုလေးတွေက ပြောကြမယ်။ သူတို့တွေကလည်း ဒီကာလမှမဟုတ်ဘူး။ မိအိုဖအိုတွေရဲ့ စားရေး၊ နေရေး၊ ကျန်းမာရေး အစစတာဝန်ယူပေးနေကြရတယ်၊ ကျွေးမွေးပြုစုပေးနေကြရတယ်ဆိုတော့ ဒါလည်းဟုတ်တာပါပဲ။ "အိမ်ရှင်မ" ဆိုတာ အိမ်ထောင်ရှင် အမျိုးသမီးမှ မဟုတ်ဘူး။ အိမ်တစ်အိမ်ရဲ့ အရေးအရာမှန်သမျှ စီစဉ်ဆောင်ရွက်နေသူ အမျိုးသမီးထုအားလုံးကို ကိုယ်စားပြုနေတယ်လို့ပဲ သတ်မှတ်ရမယ်ထင်ပါတယ်။

"အိမ်ရှင်မ" ဆိုတဲ့အနက်အဓိပ္ပာယ်က အိမ်ထောင့်တာဝန်တွေကို စီမံခန့်ခွဲသူ၊ ခင်ပွန်းနဲ့ သားသမီးတွေရဲ့ အရေးအရာကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးရသူ၊ သာယာပြည့်စုံတဲ့ မိသားစုဘဝဖြစ်ဖို့ ပဲ့ကိုင်ထိန်းကျောင်းပေးရတဲ့ ပဲ့ကိုင်ရှင်၊ မယားဝတ္တရားငါးပါး ကျေပွန်သူရယ်လို့ အဓိပ္ပာယ်ဖွင့်ကြပါတယ်။ စကားလုံးလှလှသုံးရရင် "အိမ်ရဲ့ အရှင်သခင်မပေါ့"။

"အိမ်ရှင်မ" ဆိုတဲ့စကားလုံးက သုံးလုံးမျှသာရှိပေမယ့် တကယ့်လက်တွေ့ဘဝကတော့ တာဝန်ကြီးမားလှပါတယ်။ တစ်နေ့ကို ၂၄ နာရီ၊ မိနစ်ပေါင်း ၁၄၄၀၊ စက္ကန့်ပေါင်း ၈၆၄၀၀ ရှိတဲ့အနက်က အိပ်ချိန် ခုနစ်နာရီကို နုတ်ရင် အိမ်ရှင်မတစ်ယောက်ရဲ့တစ်နေ့တာ အလုပ်ချိန်က ၁၇ နာရီ။ မိနစ်ပေါင်း ၁၀၀၀ ကျော်၊ စက္ကန့်ပေါင်း ၆၀၀၀၀ ကျော်ဖြစ်ပါတယ်။ စက်ရုပ်တစ်ရုပ်တောင် သူ့လောက်မနေမနား မလုပ်ရလောက်ပါဘူး။

**အိမ်ရှင်မတွေရဲ့ ဘဝ**

မနက်အိပ်ရာထတာနဲ့ ချက်ပြုတ်ကြော်လှော်၊ ဆွမ်းတော်တင်၊ ရေချမ်းကပ်၊ ပန်းကပ်၊ ဖွပ်လျှော်မီးပူတိုက်၊ ကြမ်းတိုက်၊ တံမြက်လှည်း၊ တစ်ခါတလေ နေဝင်သွားမှာ မသိလောက်အောင် မီးဖိုချောင်ထဲက မထွက်ရတဲ့ အိမ်ရှင်မတွေရဲ့ ဘဝပါပဲ။ အခုလို ကိုဗစ်ကာလမှာ ပိုဆိုးပါတယ်။ လူစုံတက်စုံ၊ တစ်အိမ်သားလုံးရဲ့ ရသာရုံကို ဖြည့်ဆည်းဖို့ တစ်မျိုးပြီးတစ်မျိုးမရိုးရအောင် ချက်ပြုတ်ရတယ်။ မီးဖိုကပူ၊ ဆီငွေ့ဟင်းငွေ့တွေကိုရှူ၊ ကြက်သွန်ဖြူ ငရုတ်သီးညှော်တွေနဲ့ နဖူးကချွေး ကျောကြား၊ ရင်ကြားမှသည် ခြေဖနောင့်အထိ စီးကျလို့ လုပ်ကြရပါတယ်။

တစ်နေ့ကို ထမင်းသုံးနပ်စားကြတယ်။ နေ့စဉ် "နေ့ဖို့ညစာ"သာမက နောက်တစ်နေ့စာအတွက်ပါ စီစဉ်၊ ဇယားချ၊ ကြိုတင်ပြင်ဆင်ထားရတယ်။ တစ်ခါတစ်ရံ အိမ်ထောင်ဦးစီးတွေက ပြောပါသတဲ့။ "ဟိုနေ့ကမှ အများကြီးဝယ်ထားတယ်၊ ဒီနေ့လည်း ဈေးသွားပြန်ပြီ၊ ဝယ်ရပြန်ပြီလား" ဆိုတော့ အိမ်ရှင်မကပြန်ပြောပါတယ်။ "ဟိုနေ့က ဝယ်တာ ဟိုနေ့က စားကြတယ်လေ၊ မနေ့က ဝယ်တာ မနေ့က ချက်တယ်။ ဒီနေ့ဝယ်တာ ဒီနေ့ စားဖို့နဲ့ မနက်ဖြန်ဖို့ပါ။ ဒီနေ့ မဝယ်စေချင်ရင် ဒီနေ့မစားကြနဲ့လေ။ နေ့တိုင်းစားနေကြတာ ဘယ်သူတွေလဲ၊ အဲဒီပါးစပ်တစ်ပေါက်၊ ဝမ်းတစ်ထွာတွေသာ တစ်နေ့စာနဲ့ ပြီးရိုးဆိုရင် ဈေးလည်းသွားစရာမလို၊ ဟင်းလည်းချက်စရာမလို၊ လူလည်း သက်သာသလို ငွေလည်း ကုန်စရာမလို"။

**အိမ်ရှင်မတွေအဖို့ အာရုံကများ**

ဒါပေမဲ့ အသက်ရှင်နေသမျှ စားနေကြရမှာက လူ့ဘဝပါပဲ။ ဒီတော့ အစားသံသရာက လည်နေကြမယ်လို့ ပြောတော့ ထောက်ခံပါတယ်။ တစ်နေ့တစ်နေ့ မိသားစုတွေ လျှာရင်းလေးမြက်စေဖို့ ဘာဟင်းလေးချက်ရပ့်။ ဦးနှောက်တွေဆူ၊ ခေါင်းတွေပူ၊ ဟိုတစ်ယောက်က ဒီအသားမစားဘူး၊ ဒီတစ်ယောက်က ဒီဟင်းမစားဘူး၊ တစ်အိမ်လုံးအကြိုက် ချိုချဉ်၊ ငန်စပ်၊ ဖွယ်ဖွယ်ရာရာချက်ပြုတ်ဖို့ သုံးလိုက်ရတဲ့ ဦးနှောက်၊ အိမ်ရှင်မတွေအဖို့ အာရုံကများ လှတယ်။

ဒီမနက် ခေါက်ဆွဲကြော်မယ်၊ နောက်မနက် ကြာဆံ

> **"အိမ်ရှင်မ" ဆိုတဲ့စကားလုံးက သုံးလုံးမျှသာရှိပေမယ့် တကယ့်လက်တွေ့ဘဝကတော့ တာဝန်ကြီးမားလှပါတယ်။ တစ်နေ့ကို ၂၄ နာရီ၊ မိနစ်ပေါင်း ၁၄၄၀၊ စက္ကန့်ပေါင်း ၈၆၄၀၀ ရှိတဲ့အနက်က အိပ်ချိန် ခုနစ်နာရီကို နုတ်ရင် အိမ်ရှင်မတစ်ယောက်ရဲ့ တစ်နေ့တာ အလုပ်ချိန်က ၁၇ နာရီ။ မိနစ်ပေါင်း ၁၀၀၀ ကျော်၊ စက္ကန့်ပေါင်း ၆၀၀၀၀ ကျော် ဖြစ်ပါတယ်။ စက်ရုပ်တစ်ရုပ်တောင် သူ့လောက်မနေမနား မလုပ်ရလောက်ပါဘူး။**

ကြော်မယ်၊ ထမင်းကြော်မယ်၊ တစ်ခါတစ်ရံ ပဲပြုတ်ဆီဆမ်း၊ ကြက်ဥကြော်၊ ငါးပိကြော်၊ လက်ဖက်သုပ်၊ ငါးခြောက်ဖုတ်၊ နောက်တစ်နေ့မှာ ဘူးသီးကြော်၊ ဗယာကြော်၊ ကြက်သွန်ကြော်၊ မတ်ပဲကြော် (တစ်ခုခုကိုကြော်) မန်ကျည်းချဉ်ရည်လေးလည်းဖျော်၊ စံပြဒေါ်ကြည်၊ ခင်ထွေးရီ၊ ရခိုင်မုန့်တီ အသင့်ချက်ဟင်းထုပ်လေးတွေကို အလှည့်ကျချက်မယ်။ လပ်ကီးတံဆိပ်၊ စိန်တံဆိပ် ကြက်ဥခေါက်ဆွဲတွေများများ ဆောင်ထားလို့ သုပ်လိုသုပ်၊ ကြော်လိုကြော် လိုရာဖန်တီး။ ယိုးဒယားမယ်၊ ရွှေလိပ်ပြာ၊ မွေးအကြော်မှုန့်တွေကိုလည်း မပြတ်စေမှ။ ပဲနီလေး၊ ပဲဝါလေး၊ မတ်ပဲ၊ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ပဲရာဇာ၊ ပဲကတ္တီပါ ပဲမျိုးစုံကိုလည်း လှောင်ထား။ နေ့တိုင်း ပဲအမျိုးမျိုးချက်စားမှ ကိုယ်ခံအားကောင်းမယ်။ ကိုဗစ်ကာလမှာ အာဟာရပြည့်ဝမှ ရောဂါမကူးစက်မှာ။ ရောဂါပိုးမတွေ့ရတော့ဘူးဆိုပေမယ့် ဘယ်ကာလအထိ သတိနဲ့ နေနေကြရမယ်ဆိုတာ မသိနိုင်ဘူး။ ဒီတော့ ကိုယ့်အိမ်သားတွေ ဝမ်းဝရုံမက အာဟာရပြည့်ဝဖို့ပါ ကြိုးစားစီမံပေးရတယ်။

**ဆေးကျောင်းသူ လုပ်ရပြန်**

ဟင်းချက်ပြီး၊ ထမင်းစားပြီး ပုံနေတဲ့ ပန်းကန်ခွက်တွေကို ဆေးကြော၊ ဆေးကျောင်းသူလုပ်ရပြန်တယ်။ တချို့သားသမီးတွေက ငယ်ငယ်ကတည်းက အကျင့်လုပ်ပေးထားတော့ ကိုယ်စားတဲ့ပန်းကန် ကိုယ်ဆေးကြောကြတယ်။ တချို့သားသမီးကတော့ စားချိန်ရောက်မှ အခန်းထဲကထွက်လာပြီး ဧည့်သည်လိုပဲ စားတယ်။ ထမင်းစားရင်း ဖုန်းအကြည့်မပျက်၊ ဂိမ်းအဆော့မပျက်၊ ရုပ်ရှင်အကြည့်မပျက်၊ မျက်လုံးက ဖုန်းကမခွာ၊ ပါးစပ်က ထမင်းစားတယ်၊ ပြီးတာနဲ့ အခန်းထဲပြန်ဝင်၊ ဖုန်းတစ်လုံး၊ လက်ပ်တော့တစ်လုံးနဲ့ ဇိမ်ကျနေကြတယ်။ တကယ့်ကို အိပ်လိုက် စားလိုက် ဂရိတ်ဖိုက်၊ တီဗွီကြည့်လိုက်၊ ဖုန်းကြည့်လိုက်နဲ့ အမေ့ကို ကူညီကြပါဦးဆိုလည်း တုတ်တုတ်မျှမလှုပ်ကြတဲ့ သားသမီးတွေလည်းရှိကြတယ်။ တစ်ခါတလေ သူတို့လေးတွေ မှတ်လောက်သားလောက်အောင် ဘာမှချက်မထားဘဲ နေကြည့်ရမလား။ ဘယ်သူမှ ကိုယ့်ဝမ်းကိုယ်တော့ အငတ်မခံဘူး၊ ဆာလောင်လာရင် သူတို့ဟာသူတို့ ထလုပ်မလားလို့ မတွေးပါနဲ့ ။ အချိန်တန်ရင် ကိုယ်ပဲနားပူမယ်။ မွေးကတည်းက ကျောင်းနဲ့အိမ်၊ အိမ်နဲ့ ကျူရှင်၊ ကျူရှင်နဲ့ ဝိုင်း၊ ထမင်းစားပွဲရှေ့ရောက်၊ ရေကန်အသင့်၊ ကြာအသင့်၊ အပူအပင်ကင်းအောင်ထားခဲ့၊ အကျင့်လုပ်ခဲ့ကြတာ ဘယ်သူတွေလဲ၊ အခုမှထပြီး "ကူညီပါဦး" ပြောလို့ မလုပ်တဲ့ သူတို့အပြစ်လား၊ ကိုယ်က မွေးထားတာဆိုတော့ ကိုယ့်တာဝန်ချည်းပါပဲ၊ လုပ်နိုင်သမျှ လုပ်ပေဦးတော့။

ကဲ အိမ်ရှင်မရေ နေ့လယ်စာစီစဉ်ကြမယ်။ ကြက်သားနဲ့ အာလူး၊ ဘူးသီးရောမလား၊ ဝက်သားနီချက်၊ ကင်ပွန်းချဉ်ရည်ဟင်း ချက်မလား၊ ဆိတ်သားနှပ်၊ ခရမ်းချဉ်သီး ငါးပိချက်နဲ့ တို့စရာ၊ ကန်စွန်းရွက်နဲ့ ပဲပင်ပေါက်ကြော်၊ မှိုစိနဲ့ စားတော်ပဲကြော်၊ ဂေါ်ဖီလေးလည်းကြော်၊ စိန်တစ်လုံးသရက်သီးလေးလှီး။ တစ်ခါတလေ ဘာချက်ရမှန်း မသိတော့ရင် ပင်တိုင်မင်းသား ကြက်ဥကိုပဲ ရွေးချယ်၊ ကြက်ဥချဉ်ရည်၊ ကြက်ဥပေါင်း၊ ကြက်ဥမွှေကြော်၊ ကြက်ဥကိုခေါက်ပြီး ကြက်သွန်၊ ခရမ်းချဉ်သီး၊ မုန်လာဥနီ၊ ငရုတ်သီးစိမ်းပါးပါးလှီး ကြက်ဥနဲ့ရောကြော် ကြက်သွန်မိတ်၊ နံနံပင်ပါ ထည့်အုပ်လိုက်။ ချဉ်ပေါင်ဟင်းလေး တစ်ခွက်၊ ငါးပိထောင်းလေးတစ်ခွက်နဲ့ အပြောင်းအလဲလုပ်ရတယ်၊ နေ့လယ်စာဟင်းကို ညစာမှာ ကျွေးရင် "ဟင်း ဒါပဲလား" လို့ မေးတတ်ကြတော့ ညစာအတွက် ဘာလေးထပ်ဖြည့်ရမလဲ၊ အသီးအရွက်သုပ်လေး ထပ်ဖြည့်မယ်စဉ်းစား။

**ချွေးနဲ့ သာမက သွေးနဲ့ရင်းပြီးလုပ်ရ**

မီးဖိုလေးခမျာ တစ်နေ့လုံး မနားရရှာ၊ မီးဖိုနှစ်ဖိုမှာ ဟိုဘက်အိုးကိုဆီသတ်၊ ဒီဘက်အိုးကိုမွှေ၊ ကြက်သွန်ဖြူကို ထောင်း၊ ငရုတ်သီးကိုကြိတ်ခြေ၊ အသားကိုနယ်၊ အသီးကို လှီး၊ ဟိုအိုးထဲပစ်ထည့်၊ ဒီအိုးထဲပစ်ထည့်၊ လက်ချောင်း ဆယ်ချောင်း၊ နှစ်ဖက်သောလက်၊ ပဥ္စလက်အတတ်နဲ့ တစ်ယောက်တည်းမှ တစ်ယောက်တည်း တစ်နာရီအတွင်းမှာ ဟင်းခွက်လေးခွက်၊ ငါးခွက်ကို တစ်ပြိုင်နက်ချက်နိုင်တာ အိမ်ရှင်မပါပဲ။ လက်မောင်းလေ့ကျင့်ခန်းတွေ ထူးပြီး လုပ်စရာမလိုပါဘူး။ တစ်ခါတလေ လက်ကို ဓားရှဓားထိ၊ သွေးတွေထွက်လာရင် ဘေစင်မှာ ရေနဲ့ဆေးချ၊ အရက်ပြန်လေး၊ ဘီတာဒင်းလေးသုတ်၊ ဟန်ဆာပလပ် အမြန်ကပ်ပြီး ဆက်လက်ချက်ပြုတ်ရပြန်တော့ ချွေးနဲ့သာမက သွေးနဲ့ ရင်းပြီးလုပ်ရတဲ့ ဘဝလို့ပဲ ကြွေးကြော်ရတော့မလိုလို။

ဒီကြားထဲ ကိုဗစ်ကာလ ဖေ့စ်ဘွတ်ပေါ်က ဟင်းချက်နည်း၊ မုန့်လုပ်နည်းတွေ ကြည့်ပြီး တစ်ယောက်တစ်မျိုး လက်စွမ်းပြကြပြန်တော့ သူတို့ရှုပ်ခဲ့၊ ဖွခဲ့သမျှ ဒိုင်ခံရှင်းလင်းရပြန်တယ်။ အမြှုပ်ထကော်ဖီတဲ့ မွှေလိုက်ကြ၊ ဖျော်လိုက်ကြ၊ သောက်လိုက်ကြ၊ တစ်ခွက်ပြီးတစ်ခွက်၊ ပန်ကိတ်တဲ့၊ ကြက်ဥပူတင်းတဲ့၊ ဆီချက်ခေါက်ဆွဲ၊ ပဲခေါက်ဆွဲ၊ မာလာရှမ်းကော၊ မာလာဟင်းတဲ့ လုပ်လိုက်ကြတာ။ စိတ်ကူးပေါက်သခိုက်မှာ လုပ်ကြပြီး ငြိမ်သွားကြပြန်ရော။ ဒီကြားထဲ အွန်လိုင်းကနေ သူတို့စားချင်တာ မှာကြသေးတယ်။ ရောက်လာတော့ ဆီးပြီးရွေးရတယ်၊ ငွေရှင်းရတယ်။ အထုပ်တွေ၊ ဘူးတွေကို အရက်ပြန် စပရေးနဲ့ ဖျန်းတန်ဖျန်း၊ အထုပ်လိုက် ဆပ်ပြာရည်ပုံးထဲ နှစ်တန်နှစ်၊ ကာကွယ်သန့်ရှင်းပြီးမှ အိမ်ထဲသွင်းရတဲ့ အလုပ်ကလည်း အိမ်ရှင်မအလုပ်ပါပဲ။

**ဆရာဝန်လည်းဖြစ်တဲ့ အိမ်ရှင်မ**

အိမ်သားထဲက မဖြစ်မနေ အပြင်ထွက်တဲ့သူရှိလို့ ပြန်လာရင်လည်း ခေါင်းကနေ ခြေဖျားအထိ ဆပ်ပြာရည်နဲ့ လောင်း၊ ဟန်းဂျယ်လ်နဲ့ ပွတ်၊ ဒီဗိုင်းရပ်စ်ကို ဆပ်ပြာပဲ နိုင်တယ် ပြောတာကိုး။ ခဏခဏ နေ့စဉ်နဲ့အမျှဆိုတော့ နှာချေ၊ နှာစေးတယ်ဖြစ်ရော။ လုပ်ပါဦးအမေဆိုတော့ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ဒီအချိန်ဖျားလို့မရ၊ ချောင်းဆိုးလို့မရဘူး၊ လာ ချင်းပြုတ်ရည်လေးသောက်လိုက်၊ ပခုက္ကူ ချမ်းစိမ့်လေးကို ရေနွေးပူပူလေးနဲ့မျှောချလိုက်၊ ကွမ်းရွက်ပြုတ်ရေလေးသောက်လိုက် ဒါမှမဟုတ် ပါရာစီတမော၊ ဘိုင်အိုဂျက်ဆစ်လေးတိုက်၊ စီဗစ်ကိုလည်း တစ်နေ့တစ်လုံးစီ ကြိုတိုက်ထားရသေးတယ်။ မိသားစု ဆရာဝန်လည်းဖြစ်တဲ့ အိမ်ရှင်မဖြစ်ပါတယ်။

> **အိမ်ရှင်မတွေတော့ ညည်းညူချိန်မရှိဘူး။ ၂၄ နာရီ အချိန်က မလောက်ငဘူး။ ညရောက်သည်ထိ တလှုပ်လှုပ်နဲ့ပဲ နောက်တစ်နေ့စာပြင်ဆင်ရတယ်။ ဘုရားရှိခိုး၊ ပရိတ်ပဋ္ဌာန်းရွတ်၊ မေတ္တာပို့၊ အမျှဝေ၊ ကိုယ့်အထုပ်ကိုယ်ပြင်ရပါတယ်။ တကယ်တော့ 'အိမ်ရှင်မ'ဆိုတာ မိသားစုအတွက် 'တာဝန်'နဲ့ 'ဝတ္တရား'ဆိုတဲ့ ဦးထုပ်ပေါင်းများစွာကို ဆောင်းထားရသူပါ။ ကလေးချင်း အဆင်မပြေ၊ အဝေမတည့် ရန်ဖြစ်ရင်လည်း ဖျန်ဖြေပေး၊ ပုဏ္ဏားတိုင်လုပ်ပေးရတဲ့ တရားသူကြီးပဲဖြစ်တယ်။ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲကြရင်လည်း သားကဒီလိုမလုပ်နဲ့လေ၊ သမီးက ဒီလိုပြောတာမဟုတ်ပါဘူး၊ ချစ်လို့စတာပါ စသဖြင့် ရှေ့နေလိုက်ရတာရှိတယ်။ တစ်နေ့တစ်နေ့ အာဟာရ ပြည့်တဲ့အစာ၊ ကယ်လိုရီကိုက်မကိုက် ချင့်ချိန်တွက်ချက် ကျွေးမွေးရတဲ့ 'အာဟာရဆရာဝန်' လည်း ဟုတ်တယ်။**

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှ

### "ခဝါသည်" ကလည်း အိမ်ရှင်မ

ဒီကြားထဲ "အမေရေသွားကိုက်တယ်" ဆိုပြန်တော့ တစ်ဒုက္ခ၊ ဒီအချိန်သွားဆေးခန်းတွေ မဖွင့်သေးဘူး။ ကိုယ်ပြနေကျ သွားဆရာဝန်ဆေးခန်းရှိတဲ့ ရပ်ကွက်က သွားလာမှု ကန့်သတ်ထားတယ်။ လာလာ ပါးစပ်ဟ၊ အမေ့ဆီမှာ "ဒန္တသုခ" ဆေးမှုန့်ရှိတယ်။ တမာရွက်လို သဘာဝအရွက်၊ အမြစ်အမှုန်လေးတွေဆိုတော့ အန္တရာယ်ကင်းတယ်၊ နာနေတဲ့သွားကို လောလော ဆယ်သိပ်ထား၊ သွားဖုံးတွေကိုပါ လိမ်းထား၊ ငါးမိနစ် လောက်ထားပြီး ရေဆေးချလိုက်။ "ဟာ ဟုတ်တယ် အမေရေ သက်သာသွားပြီ"။ အေးအေး ရာသီဥတု သာယာမှ သွားဆေးခန်း လိုက်ပို့မယ်။ လောလော ဆယ်အိမ်ရှင်မက "သွားဆရာဝန်" လုပ်ပစ်လိုက်တယ်။ အင်္ကျီကြယ်သီးပြုတ်၊ ပုဆိုးကွဲ၊ အပေါက်အပြဲလည်း ချုပ်ပေး၊ တပ်ပေးရတဲ့ အပ်ချုပ်ဆရာလည်း ဖြစ်တယ်။ အဝတ်ညစ်တွေကို လုံးထွေးပြီး ထိုးထည့်ထားတာတွေ ဆွဲထုတ်ကာ စက်ထဲထည့်တန်ထည့်၊ လက်နဲ့လျှော်တန် လျှော် "ခဝါသည်" ကလည်း အိမ်ရှင်မပါပဲ။

အိမ်ထဲက ယောကျ်ားသားတွေ ဆံပင်တွေရှည်၊ ညှဉ်းသိုးသိုးတွေဖြစ်နေပြီး ဆံသဆိုင်တွေလည်းသွားလို့ မရသေး၊ ကဲလာညှပ်ပေးမယ်။ ကျပ် ၉၀၀၀ ပေးရတဲ့ "ဟဲဂိုဒ်" လေးနဲ့ ထိုးလိုက်၊ ဘီးလေးနဲ့ လှန်၊ ကတ်ကြေး လေးနဲ့ ညှပ်၊ ပုံဖော်လိုက် "ရှေ့လှည့်ပါ၊ ဘေးလှည့်ပါ၊ နောက်လှည့်ဦး၊ ငြိမ်ငြိမ်နေလေ၊ မလှုပ်ပါနဲ့၊ ခေါင်းစောင်း လိုက်ဦး ပြောတာနားထောင်။ ဘာမှတ်နေလဲ၊ ထိပ်ကွက် ဖြစ်သွားမယ်"။ ကဲဘာတတ်နိုင်သေးလဲ။ ဒီအချိန်လေးက သူတို့ရဲ့ကံကြမ္မာ (ဆံပင်ပုံစံပြောတာ) က ကိုယ့်လက်ထဲ မှာ အပြည့်ရှိနေပါလားဆိုတာ တွေးမိတော့ ဆံပင်ညှပ် ပေးရင်းနဲ့ ရယ်ချင်တဲ့စိတ်ကို မနည်းမျိုသိပ်နေရတဲ့ "ဆံသဆရာ" အိမ်ရှင်မ။

သူ့ခမျာမှာတော့ ကိုဗစ်ကာလမှာ လှလှပပ မနေနိုင်ရှာပါဘူး။ ချွေးတလုံးလုံးနဲ့ မိတ်ကပ်၊ နှုတ်ခမ်းနီဆို ဝေလာဝေး၊ အဝတ်ဗီရို မဖွင့်ဖြစ်၊ အိမ်နေရင်းအဝတ် နှစ်စုံ၊ သုံးစုံကို တစ်နေ့စာတစ်နေ့ လျှော်ဖွပ် ပြန်ဝတ်၊ ကိုယ့်ကိုယ်ကိုယ်တော့ "ပလိဗောဓ" နည်းအောင်နေရ တယ်။ နောက်တစ်ချက်က "မီတာ"ကိစ္စ၊ ကလေးတွေကို တစ်ချိန်လုံး သတိပေးနေရတယ်။ မလိုအပ်ဘဲ မီးတွေ ဖွင့်မထားဖို့၊ အခန်းအပြင်ထွက်တာနဲ့ အဲကွန်း၊ ပန်ကာ၊ မီး ပိတ်ထားခဲ့ဖို့ သတိပေးရတယ်။ ဒီရက်တွေမှာ မီတာခ နဲ့ပတ်သက်ပြီး အသံတွေကြားနေရတယ် မဟုတ်လား၊ မီတာဖတ်တာများလို့တဲ့။ အိမ်ရှင်မကတော့ လက်တွေ့ သမားဆိုတော့ ကြားချပြီး တွေးတယ်။ များမှာပေ့ါ။ အရင်က တစ်နေကုန်ရုံးသွား၊ ကျောင်းသွား၊ အလုပ်သွား၊ ညနေမှပြန်လာကြတာမို့ တစ်နေ့တာအသုံးက မများဘူး။ အခုကာလမှာ အိမ်တိုင်း၊ အိမ်ရှိလူကုန်၊ အခန်းတိုင်း သုံးလိုက်ကြတဲ့ လျှပ်စစ်မီး၊ အဲကွန်းတွေသုံး၊ ပန်ကာတွေ ဖွင့်၊ တီဗွီတွေကြည့်၊ ဟင်းတွေချက်၊ မနက်မီး၊ ညမီးဆက်၊ ဒီလောက်သုံးနေကြတာ။ ကလေးဦးနှောက်နဲ့ပဲ တွေးကြည့်ပါဦး (တချို့သော အိမ်တွေတော့ ခြွင်းချက် ရှိကောင်းရှိမှာပေ့ါ)။

### အိမ်ရှင်မတွေ ကြိုတွေးထား

ဒီလိုအသံတွေမကြားခင်ကတည်းက ဒီကာလ "မီတာခ"များများဆောင်ရမယ်ဆိုတာကို အိမ်ရှင်မတွေ ကြိုတွေးထားပါတယ်။ ကိုဗစ်ကာလရောက်မှ အွန်လိုင်း ရှော့ပင်းတွေ အလုပ်ဖြစ်ကြတယ်။ အစားအသောက်၊ အဝတ်အထည်၊ အသုံးအဆောင်၊ ထမင်းဟင်းပေါင်းအိုး စသဖြင့် အမှန်အကန်တွေလည်းရှိသလို အကြံအဖန်တွေ လည်းရှိတယ်။ ခက်တာက ပုံထဲမှာ မြင်ရတဲ့အတိုင်း ယုံကြည်ပြီးမှာကြရတာ။ ကိုယ့်ဆီရောက်လာမှ ထင်သလိုမဟုတ်ရင် ပြန်ပေးလို့မရ။ ဆိုဒ်ကြီး၊ ဆိုဒ်ငယ်၊ ဆိုဒ်လွန် မှန်းပြီး ဝယ်ကြ၊ မှာကြ၊ ရောက်လာ တော့ အဆင်မပြေ၊ ပြန်လဲလို့မရ။ ခက်တာက အားနေ တော့ ဖုန်းလေးပွတ်ရင်း ပေါ်လာသမျှကို လက်ညှိုးလေး တစ်ချက်တို့ရုံနဲ့ အိမ်အရောက်လာပို့တာ သဘောတကျ ကျနဲ့ မှာချင်တဲ့ရောဂါကလည်း နှယ်နှယ်ရရမဟုတ်၊ အစွဲကြီးစွဲနေကြပြီ။ အစားအသောက်ပို့တာတွေက အဆင်ပြေတာများတယ်။ သူတို့က နာမည်ကောင်းရဖို့ ထိန်းတယ်၊ တစ်နပ်စား လုပ်လို့မရဘူး။ မကြိုက်ရင် အဆင်မပြေရင် မမှာကြတော့ဘူးဆိုတော့ စားသုံးသူရဲ့ တုံ့ပြန်တဲ့အသံကို နားစွင့်တယ်၊ အဆင်ပြေတယ် ပေါ့လေ။

မီးဖိုချောင်သုံးပစ္စည်းတချို့၊ ဒါလေးဝယ်ထားရင် အိမ်ရှင်မအနေနဲ့ လှီးရချွတ်ရသက်သာမယ်။ လက်ကို ခားရှတဲ့အန္တရာယ် ကာကွယ်နိုင်မယ်ဆိုပြီး မှာမိတယ်။ ရောက်လာတယ်။ ဖွင့်ကြည့်တယ်။ သုံးကြည့်တယ်။ စသုံးသုံးချင်းမှာပဲ အဖုံးပတ္တာဆက်တစ်ခြမ်းက ကျိုး သွားတယ်။ ဘာမှလည်း မလုပ်ရသေး။ ခရမ်းချဉ်သီး တစ်လုံးကိုထည့်ပြီး သူပြောသလို ဖိလိုက်ရုံနဲ့ အဖုံးတစ်ခြမ်း ကျိုးပဲ့သွားရှာပြီ။ ဒါနဲ့ ဖုန်းဆက်တယ်။ သမီးတို့ဆီမှာ အဖုံး အပိုမရှိဘူးတဲ့၊ တာဝန်မယူဘူး။ တစ်ခုခုတော့ 'အမေး'ရှိ စေချင်တာ၊ ရောင်းတုန်းက ရွှန်းရွှန်းဝေအောင် ကြော်ငြာ ကောင်းသလောက် အောက်မှာလည်း 'လိုက်ခ်'တွေ တစ်ထောင်ကျော်၊ နယ်တွေက အမှာစာတွေကလည်း များမှများ။

ခက်ပြီ။ အိမ်ရှင်မရဲ့ ကိုယ်တွေ့ဖြစ်ပုံ။ ကွန်းမန့် ဝင်ရေးပြန်ရင်လည်း သူတို့လေးတွေ စီးပွားပျက်ရှာ့မယ်။ မရေးပြန်ရင်လည်း ကိုယ်က သတင်းမပေးတဲ့ တာဝန်သိစိတ် မရှိတဲ့ အိမ်ရှင်မဖြစ်တော့မယ်။ တကယ်လည်း ကိုယ့်မှာက တစ်ပတ်၊ နှစ်ပတ်လောက်သုံးရင်း ကျိုးသွားတယ်ဆို ခံသာသေးတယ်။ အခုက စကိုင်တာနဲ့ ကျိုးတာဆိုတော့ အိမ်ရှင်မရဲ့ အတွင်းမသိစိတ်နဲ့ အပြင်စိတ်တို့ လွန်ဆွဲကြပါ တယ်။

### ယုံကြည်၍ မှာသူသာလျှင် အပြစ်

နောက်တော့ စိတ်လျှော့လိုက်တယ်။ မပြောတော့ ပါဘူး။ သားသမီးချင်းကိုယ်ချင်းစာလိုက်တယ်။ ဒီကလေး တွေ ဒီကာလမှာ အလကားမနေဘဲ အားတက်သရောလုပ်နေ ကြရှာတာ။ အားပေးရမှာပေ့ါ။ ပစ္စည်းမကောင်းတာ သူတို့ ဘာသာသူတို့တောင် သိမယ်မထင်ပါဘူး။ အမှာစာတွေ များပြီးရောင်းရလို့ ပျော်နေတဲ့ ကလေးမလေးတွေကို စိတ်ပျက်သွားအောင် မပြောတော့ဘူး။ သူတို့ကလည်း အိမ်ရှင်မ ကို လည်ပင်းညှစ်ပြီး လာရောင်းတာလည်းမဟုတ်၊ ကိုယ့် ဘာသာကိုယ်လျှာရှည်ပြီးမှာတာ။ ကိုယ်ကလည်း အားနဲ့ တအားဖိလိုက်တယ်ထင်ပါရဲ့။ ကိုယ့်အပြစ်ပါပဲလို့ ပုံချလိုက် တော့ နေသာထိုင်သာ ရှိသွားတယ်။ သူတို့ကြောင့် အိမ်ရှင်မ 'တရား' ရသွားတယ်။ ဒါပေမယ့် အိမ်ရှင်မရဲ့ အိပ်ခန်းအဝမှာ စာကပ်ထားလိုက်တယ်။ 'အွန်လိုင်းမှ ပစ္စည်းမှာမည်ဆိုလျှင် ချက်ချင်းမမှာပါနှင့်၊ ကွန်းမန့်များကို သေချာဖတ်ပါ၊ မကြာခင်ပစ္စည်းပြတ်မည်ဆိုလည်း စိတ်ကိုခိုင်ခိုင်ထားပါ။ ကြော်ငြာ၍ ရောင်းသူမှာအပြစ်မရှိပါ၊ ယုံကြည်၍ မှာသူသာလျှင် အပြစ်ဖြစ်ပါသည်၊ ဤစာကို အကြိမ်ကြိမ် ဖတ်ပြီးမှ ဆုံးဖြတ်ပါ’။

အိမ်ရှင်မလည်း ဒီလောက်မအလှပါဘူး။ မအားတဲ့ ကြားထဲက ဖုန်းလေးတော့ တစ်ချက်၊ နှစ်ချက်ပွတ်ရပါတယ်။ နောက်ဆုံးရသတင်းလေးတွေလည်း သိထားရတယ်၊ အိမ်သားတွေကသိပြီး ကိုယ်ကမသိရင် ခေတ်နောက်ကျ သွားမယ်။ ဒီနေ့ပိုးမတွေ့ဘူး၊ အင်းစိန်မှာ တစ်အိမ်တက်ဆင်း ကွင်းဆင်းရှာဖွေပြီးပြီ။ မေလ ၁၆ ရက်နေ့မှာ လှိုင်သာယာ၊ ၁၇ ရက်နေ့မှာ တာမွေ၊ နိုင်ငံတော်၏အတိုင် ပင်ခံပုဂ္ဂိုလ်ရဲ့ နှာခေါင်းစည်းပြိုင်ပွဲအကြောင်း၊ ကမ္ဘာ့သတင်း၊ မြန်မာ့ သတင်းအသစ်အဆန်းမှန်သမျှ သူတို့ပါးစပ်ဟတာနဲ့ 'ဟင် ဘာပြောတာလဲ' လို့ ပြန်မမေးရအောင် ရသရွေ့ အချိန်လေး မှာ၊ တစ်ချက်တည်း အမှန်အကန်တွေ အားလုံးမိနိုင်တဲ့ 'အကောင့်'မျိုးကို ဝင်ကြည့်ရတယ်။ တချို့ကျတော့ တစ်ယောက်ယောက်က ရေးလိုက်ရင် မှန်၏၊ မှား၏၊ ဖြစ်နိုင် ၏၊ မဖြစ်နိုင်၏ မစဉ်းစား။ ကိုယ့်စိတ်ကူးနဲ့ ခွင်တည့် တာနဲ့ပဲ လက်ညှိုးလေးက ရှယ်ပစ်လိုက်တတ်တဲ့ အကောင့် မျိုးတော့ ရှောင်ရပါတယ်။

ဟင်းချက်နည်းဆိုရင်လည်း ဦးနိုင်(အစားတစ်လိုင်း) ဆိုတာမျိုးကို သေသေချာချာ ကြည့်တယ်။ သူ့ ငါးပိချက် နည်းကတော့ အိမ်ရှင်မတိုင်းအကြိုက်ဖြစ်လောက်တယ်။ ကြက်သွန်ဖြူနဲ့ ငရုတ်သီးစိမ်းထောင်းထားတာကို ဆီသတ်၊ ပြီးတာနဲ့ ပုစွန်လေးပစ်ထည့်။ မျှစ်၊ ရုံးပတီသီး၊ သခွားသီး၊ မုန်လာဥ၊ ခရမ်းကစော့၊ ခရမ်းသီးနုနု၊ ဇရစ်၊ ကန်စွန်းရွက်၊ နံနံပင် အိမ်မှာရှိတဲ့ အသီးတွေအရွက်တွေ ရေသေချာဆေး ပြီး ပစ်ထည့်၊ ငါးပိရည်လေး နည်းနည်းဖျော်ထည့်၊ မန်ကျည်းမှည့်ရည်လေး လိုသလိုဖျော်ထည့်၊ ပြီးတာနဲ့ မွှေးပျံ့ကြိုင်လှိုင်နေတဲ့ ဦးနိုင်ရဲ့ ငါးပိချက်ချဉ်နံ့စပ်တစ်ခွက်က ပရိတင်းပြည့်ဝ၊ အာဟာရမျှတ၊ လျှာလည်သွားရပါတယ်။ ဒီလိုပါပဲ ကောင်းတာလေးတွေကိုယူ၊ မှတ်သား၊ လိုက်လုပ်၊ မကောင်းတာတွေကိုပယ်၊ အဲဒါ အိမ်ရှင်မရဲ့ တစ်နေ့တာ ဘဝပါပဲ။

### ခြေစောင့် လက်စောင့်

ရှေးလူကြီးတွေချန်ခဲ့တဲ့ စကားတစ်ခွန်း 'ခြေစောင့် လက်စောင့်' တဲ့။ အိမ်တစ်အိမ်မှာ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်ဆိုတာ အမာခံပဲ။ မရှိမဖြစ်ကတော့ 'ဆား'ပဲ၊ အရေးအခင်းကာလ၊ နာဂစ်ကာလ၊ ဆန်ရှားတဲ့ကာလတွေကို ကြုံခဲ့ဖူးတော့ ဘယ်လိုပစ္စည်းတွေဟာ 'ခြေစောင့်လက် စောင့်' ထားမှရတယ်ဆိုတာ အိမ်ရှင်မတိုင်းသိပါတယ်။ ဘဝဆိုတာအမျိုးမျိုး၊ ပြည့်စုံမှုအပေါ်မူတည်ပြီး သူ့အလွှာ နဲ့သူ အဲဒီအမာခံမီးဖိုချောင်ပစ္စည်းတွေကိုတော့ စုဆောင်း သိုလှောင်ထားကြရပါတယ်။

**ကြီးမားတဲ့ အလှူကြီးတွေပေးလှူဖို့ မဖြစ်နိုင်ချိန်မှာ မိခင်မေတ္တာနဲ့ မိသားစုအပေါ် နေ့စဉ်အလှူဒါနပြုခွင့်ရနေတာကို ကျေးဇူးတင်ရပါတယ်။ အိပ်ရာပေါ်လဲသွားတဲ့ တစ်နေ့၊ ဗျာဓိကို ရင်ဆိုင်တိုက်ရတဲ့ တစ်နေ့၊ လုပ်ပေးချင်လို့တောင် လုပ်မပေးနိုင်တော့ပါဘူး။ ဘယ်သူက အရင်ထွက်ခွာသွားမယ်ဆိုတာ ကြိုမသိတဲ့ လူ့ဘဝမှာ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားတွေနဲ့ သည်းခံရင်း နေသွားကြရမှာပါ။**

ကိုဗစ်ကာလ နှစ်လကျော်ကျော် အိမ်ထဲမှာနေကြရ တော့ အနှောင်အဖွဲ့မှာ နေခဲ့ရသူတွေကို ကိုယ်ချင်းစာတတ် သွားတယ်။ ဒီကာလကို ရင်ဆိုင်ကြတဲ့အခါ လူနှစ်မျိုးကို တွေ့ရတယ်။ ညည်းညူတဲ့သူနဲ့ မညည်းညူတဲ့သူပါ။ အမြဲ တမ်း လှုပ်ရှားသွားလာပြီး မနားတမ်းအလုပ်လုပ်နေကြ သူတွေက အခုလို အိမ်ထဲကအိမ်ပြင်မထွက် ငြိမ်နေရတဲ့ အခါ ခံနိုင်ရည်မရှိဘူး၊ အကျင့်မရဘူး၊ ခြေချုပ်မိနေတယ် စသဖြင့် ညည်းညူကြတယ် ။ တချို့ကျတော့ တရားစခန်း တွေ ရက်ရှည်ဝင်ဖူးကြတယ်။ မူလကတည်းက အိမ်ထဲမှာ အနေများပြီး စာရေးစာဖတ်လုပ်တဲ့သူ၊ အသွားအလာ နည်းသူတွေကတော့ ဒီကာလကို ခံနိုင်ရည်ရှိတယ်။ တရား စခန်းတွေမှာ တရားထိုင်တဲ့အခါ တစ်နေ့ကို ငါးကြိမ်၊ ခုနစ်ကြိမ် ထိုင်ရတာရှိတယ်။ တစ်နာရီ၊ နှစ်နာရီ၊ သုံးနာရီက နေ နာရီရှည်ထိုင်ရတဲ့ တရားစခန်းတွေရှိတယ်။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုတဲ့ ဒွာရခြောက်ပေါက်မှာ နားနဲ့ နှာပေါက်ကိုပဲ ဖွင့်ထားပြီး မျက်စိကိုမှိတ်၊ ပါးစပ်ကို ပိတ်ပြီး တိတ်ဆိတ်စွာ ထိုင်နေကျင့်ရထားသူ၊ ဝိပဿနာ ကျင့်ဖူးသူတွေကတော့ ဒီကာလကို သက်သောင့်သက်သာ ကျော်ဖြတ်နိုင်ကြတယ်၊ မညည်းညူကြဘူး။

### ဦးထုပ်ပေါင်းများစွာကို ဆောင်းထားရသူ

အိမ်ရှင်မတွေတော့ ညည်းညူချိန်မရှိဘူး။ ၂၄ နာရီ အချိန်က မလောက်ဘူး။ ညရောက်သည်အထိ တလှုပ်လှုပ်နဲ့ပဲ နောက်တစ်နေ့စာ ပြင်ဆင်ရတယ်။ ဘုရားရှိခိုး၊ ပရိတ် ပဋ္ဌာန်းရွတ်၊ မေတ္တာပို့၊ အမျှဝေ၊ ကိုယ့်အထုပ်ကိုယ်ပြင် ရပါတယ်။ တကယ်တော့ 'အိမ်ရှင်မ'ဆိုတာ မိသားစုအတွက် 'တာဝန်'နဲ့ 'ဝတ္တရား' ဆိုတဲ့ ဦးထုပ်ပေါင်းများစွာကို ဆောင်းထားရသူပါ။ ကလေးချင်းအဆင်မပြေ၊ အဝေ မတည့် ရန်ဖြစ်ရင်လည်း ဖျန်ဖြေပေး၊ ပုဏ္ဏားတိုင် လုပ်ပေးရတဲ့ တရားသူကြီးပဲ ဖြစ်တယ်။ တစ်ယောက်နဲ့ တစ်ယောက် အထင်လွဲကြရင်လည်း သားကဒီလိုမလုပ်နဲ့လေ၊ သမီးက ဒီလိုပြောတာမဟုတ်ပါဘူး၊ ချစ်လို့စတာပါ စသဖြင့် ရှေ့နေလိုက်ရတာရှိတယ်။ တစ်နေ့တစ်နေ့ အာဟာရပြည့်တဲ့အစာ၊ ကယ်လိုရီကိုက်၊ မကိုက် ချင့်ချိန်တွက်ချက် ကျွေးမွေးရတဲ့ 'အာဟာရဆရာဝန်' လည်း ဟုတ်တယ်။

### သရုပ်ဆောင်မင်းသမီးတစ်ယောက်လည်း ဖြစ်ရပြန်

တစ်ခါတစ်ရံ နေကောင်းနေပေမယ့် ဒီနေ့ အမေ သိပ်နေမကောင်းဘူး၊ အမေ့ကို ကူကြပါဦး။ ကြက်သွန် လေး ခွာပေးပါ၊ အမှိုက်လေးသွန်ပေးပါ၊ ရေလေးခပ်ပေးပါ၊ အဝတ်လေးလှန်းပေးပါ၊ ပန်းကန်လေးဆေးပေးပါ စသဖြင့် လေသံပျော့ပျော့လေးနဲ့ သနားစဖွယ် မူရာ မာယာကြွယ်ပြရတဲ့ သရုပ်ဆောင်မင်းသမီး တစ်ယောက် လည်း ဖြစ်ရပြန်တယ်။ ကိုယ်မွေးထားတဲ့ သားသမီး အသက်ဘယ်လောက်ရှိရှိ ကိုယ့်မျက်စိထဲမှာတော့ ကလေးတွေပါပဲ။ ကလေးတွေဆိုတော့ အမြှောက်ကြိုက် တယ်၊ သူတို့လက်စွမ်းပြထားတဲ့ အမြှုပ်နဲ့ကော်ဖီ၊ ချာပါတီ၊ အီကြာကွေး ဝါးမရအောင် မာနေလည်း အမယ် လေး ကောင်းလိုက်တဲ့ ကော်ဖီ အီဆိမ့်သွားတာပဲ၊ အီကြာ ကွေးလေးကလည်း ကြွကြွရွရွနဲ့ကြိုက်တယ်ဆိုတာမျိုး၊ ပန်းကန်တွေဆေးထားတာ မပြောင်လည်း လိမ္မာတယ်၊ အမေ့ကို ကူဖော်ရတယ် ဘုန်းကြီးပါစေ အသက်ရှည်ပါစေ ဆုပေးရတယ်။

ဒီကာလမှာ သူတို့စားချင်တာ လုပ်ကိုင်ပေးရင်းနဲ့ ခဏခဏ သတိကပ်ရတယ်၊ ပင်ပန်းလိုက်တာလို့ မတွေး ဘဲ အရင်က အလုပ်ဇောတွေကပ်ပြီး ကလေးတွေကို ဘာမှလုပ်မပေးခဲ့သူဖြစ်ခဲ့ရင် အခုမှအတိုးချပြီး လုပ်ပေး ခွင့်ရတာ၊ မေတ္တာတွေထည့်ပြီး ချက်မယ်၊ မေတ္တာထည့်ပြီး ကျွေးမယ်၊ ကိုယ်ပင်ပန်းတာ မှန်ပေမယ့် အခုလို မနားတမ်းအလုပ်တွေလုပ်၊ ချက်ပြုတ်နေရလို့ စိတ်မလွင့် အာရုံမများ၊ တရားတွေရတယ်။

မိသားစုဆိုတာ ရေစက်ပါလို့ ဆုံကြရတာ။ ဒီဘဝမှာ ပဲ ဆုံရဖို့သေချာတာပါ၊ နောက်နောင်ဘဝတွေမှာ ဆုံဖို့ ဆိုတာ မသေချာတော့ဘူး။ လူ့ဘဝကို ပြန်ရောက်ကြပြန် ရင်လည်း ပြုထားကြတဲ့ ကုသိုလ်၊ အကုသိုလ်တွေက မတူညီကြတော့ ဘဝတစ်ခုတည်းမှာ တစ်မိသားစုတည်း ရေစက်ပြန်ဆုံဖို့ မလွယ်တော့ဘူး။

### ယူတတ်ရင် ကုသိုလ်ပါပဲ

ယူဖို့လွယ်သလောက် ပေးဖို့ခက်ခဲတဲ့လောကမှာ ပေးဆပ်သူဖြစ်ခွင့်ရနေတာလည်း ကုသိုလ်ပါပဲ။ တစ်နေ့ ကုန် မောပန်းနေတဲ့ အိမ်ရှင်မကို ‘မောလားအမေ’ လို့ တစ်ခွန်းမေးဖော်မရ၊ သံပရာရည်လေး တစ်ခွက် ဖျော်တိုက်ဖော်မရလို့ စိတ်မကောင်းမဖြစ်ပါနဲ့။ ဒါတွေ ဟာ အကြောင်းတွေပဲဖြစ်ပါတယ်။ ကိုယ်လုပ်ပေးနိုင်တဲ့ အချိန်မှာ ကိုယ်လုပ်ပေးလို့ ရသမျှ လုပ်ပေးနေရတာက ယူတတ်ရင်ကုသိုလ်ပါပဲ။

ကြီးမားတဲ့ အလှူကြီးတွေပေးလှူဖို့ မဖြစ်နိုင်ချိန်မှာ မိခင်မေတ္တာနဲ့ မိသားစုအပေါ် နေ့စဉ် အလှူဒါနပြုခွင့် ရနေတာကို ကျေးဇူးတင်ရပါတယ်။ အိပ်ရာပေါ်လဲသွားတဲ့ တစ်နေ့၊ ဗျာဓိကို ရင်ဆိုင်တိုက်ရတဲ့ တစ်နေ့ လုပ်ပေးချင် လို့တောင် လုပ်မပေးနိုင်တော့ပါဘူး။ ဘယ်သူက အရင် ထွက်ခွာသွားမယ်ဆိုတာ ကြိုမသိတဲ့ လူ့ဘဝမှာ ကိုယ်ချင်းစာတရား၊ မေတ္တာတရား၊ ကရုဏာတရားတွေနဲ့ သည်းခံရင်း နေသွားကြရမှာပါ။

လောကမှာ အလကားရပြီး အလကားပေးလို့ရတာ တွေက 'လေ'နဲ့ 'မေတ္တာ'ပဲ ဖြစ်ပါတယ်။ မိသားစုမှသည် မိမိနဲ့ဆက်စပ်ပတ်သက်သမျှ လူတိုင်းကို မေတ္တာဖြန့်ကြက် ရင်း၊ နှာသီးဖျားထိပ်မှာ လေကလေးဝင်နေ၊ ထွက်နေ တာကို သတိကပ်ရင်း အလုပ်လုပ်၊ အလုပ်လုပ်ရင်း သတိကပ်လို့ အမြတ်ထုတ်ကြမှာပါ။

ငါဆိုတာမရှိ၊ ရုပ်နဲ့ နာမ်သာရှိတဲ့ ခန္ဓာအစုအစုချင်း၊ အရိုးစုအချင်းချင်း တွေ့ရ၊ ကြုံရ၊ ဆုံရတဲ့ တစ်ခဏမှာ တစ်ဦးနဲ့တစ်ဦး သည်းခံခွင့်လွှတ်၊ စွန့်လွှတ်အနစ်နာခံ ရင်း ကျွန်မတို့အားလုံးက 'မရဏ' ဆိုတဲ့ခရီးကို အတူတူ သွားနေကြရမှာပါ။

ဒါကြောင့် ကိုဗစ်ကာလမှာ မိသားစုရဲ့ တို့တာဝန် အရေးပေါင်းများစွာကို တာဝန်ကျေကျေ ထမ်းရွက်နေကြ တဲ့ 'အမာခံ'တပ်သား အိမ်ရှင်မ အမျိုးသမီးထုအားလုံးကို လေးစားမိပါကြောင်း ပြောကြားရင်း ကမ္ဘာသူ ကမ္ဘာသား အားလုံး ကပ်ရောဂါဆိုးအမျိုးမျိုးမှ ကင်းစင်ဝေးကွာ စိတ်ချမ်းသာနိုင်ကြပါစေ။ ။

# သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုန်ရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၂၆-၃-၂၀၂၀)ရက်စွဲပါ ညွှန်ကြားချက်အမှတ်-၂/၂၀၂၀ ဖြင့် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနီကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုန်ရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်နှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံ သည်ကိုအကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန် ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မိုးစပါးထွန်ယက်စိုက်ပျိုးရန် ခက်ခဲနေသူများအား ကျိုက်လတ်စက်မှုလယ်ယာဦးစီးဌာနမှ ကူညီလျက်ရှိ

**ကျိုက်လတ် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း မိုးစပါးထွန်ယက်စိုက်ပျိုးရန်အတွက် လယ်ယာသုံးစက်ယန္တရားများ ငှားရမ်းအသုံးပြုရေး၊ ပြောင်းရွှေ့သယ်ယူရေး၊ နယ်ကျော်၊ ဒေသကျော် လုပ်သားငှားရမ်းဆောင်ရွက်ရေး အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် တောင်သူများ၏ လယ်မြေများအား မိုးစပါးစိုက်ပျိုးရာသီအမီ စိုက်ပျိုးနိုင်ရန် ကျိုက်လတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ အကူအညီပေးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်က ကိုဗစ်-၁၉ ရောဂါဖြစ်သွားတဲ့အတွက် လယ်သမားတွေအနေနဲ့ ဘဏ်ချေးငွေ ပေးဆပ်နိုင်ရေးကိစ္စ၊ လယ်ယာသုံးစက်ကိရိယာဝယ်ယူရေးကိစ္စ၊ လုပ်သားငှားရမ်းသုံးစွဲရတဲ့ ကိစ္စတွေအပါအဝင် ကဏ္ဍပေါင်းစုံမှာ ဝင်ငွေမရှိသလောက် နည်းပါးသွားတဲ့အတွက် လည်ပတ်အောင် ဆောင်ရွက်နိုင်ကြဖို့ ခက်ခဲပါတယ်။ ကျိုက်လတ်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနက ချက်ချင်း စက်ယန္တရားကူညီပေးတဲ့အတွက် မိုးစပါးစိုက်ဖို့ အဆင်ပြေပါပြီ။ ဘေးကျား၊ ခွံနီနဲ့ သီးထပ်ရင်မျိုးစပါးအပါအဝင် ဧက ၁၂၀ စိုက်မှာဖြစ်ပါတယ်။ အခြားတောင်သူတွေရဲ့ လယ်တွေကိုလည်း ထွန်ယက်ပေးစေချင်ပါတယ်။ ကျေးဇူးတင်ပါတယ်" ဟု ဘိုကလေးမြို့နယ် သရက်ပင်ဆိပ်ကျေးရွာမှ တောင်သူ ဦးမင်းအောင်က ပြောသည်။



ကျိုက်လတ်မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ စက်ယန္တရားများအသုံးပြုလျက် ဘိုကလေးမြို့နယ် ဖိုးလေးကျေးရွာအုပ်စု သရက်ပင်ဆိပ်ကျေးရွာအတွင်းရှိ တောင်သူ ဦးမင်းအောင်နှင့် မိသားစုဝင်များ၏ လယ်မြေဧက ၁၂၀ ခန့်အတွင်း ယမန်နေ့က စတင်ထွန်ယက်ပေးလျက်ရှိပြီး မေ ၃၁ ရက်ခန့်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါဦးစီးဌာနမှ ဝန်ကြီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)၏ စီမံလမ်းညွှန်မှုဖြင့် စက်ယန္တရားရရှိမှုအပေါ် မူတည်၍ ဘိုကလေးမြို့နယ်အပါအဝင် ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များအတွင်း ဆက်လက်ဆောင်ရွက်ပေးနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သပြေထွန်း**



## ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနက တောင်ကြီးခရိုင်အတွင်း အိမ်ခြံဝင်းဥယျာဉ်စိုက်ပျိုးနိုင်ရေး မျိုးစေ့ပျိုးပင်များ အခမဲ့ထောက်ပံ့

**နေပြည်တော် မေ ၂၀**

မိမိတို့အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်းဖြင့် ကျန်းမာရေးနှင့် ညီညွတ်ပြီး အာဟာရပြည့်ဝသည့်သီးနှံများ စားသုံးနိုင်ကြစေရန်နှင့် မိသားစုအိမ်ခြံဝင်း ဥယျာဉ်ထူထောင်စိုက်ပျိုးမှုထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက စီမံဆောင်ရွက်ပေးလျက်ရှိသည့် နည်းတူ လက်ရှိဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကာလ ဖြတ်သန်းစဉ်အတွင်း ပြည်သူများ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ နှစ်သိမ့်မှုရရှိစေရန် တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနများက မျိုးစေ့ပျိုးပင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ နည်းပညာနှင့် လိုအပ်ချက်များကူညီပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ကမ္ဘာ့ကူးစက် ကပ်ရောဂါ ကိုဗစ်-၁၉ ကာလအတွင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန တောင်ကြီးခရိုင်အတွင်းရှိ ဒေသနေပြည်သူများ မိသားစုအိမ်ခြံဝင်း ဥယျာဉ်ထူထောင် စိုက်ပျိုးလုပ်ကိုင်နိုင်ရန် မျိုးစေ့၊ ပျိုးပင်သွင်းအားစုများနှင့် နည်းပညာပေးလက် ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ ယနေ့အထိ အိမ်ထောင်စု ၁၀၂၅၈ သို့ မုန်လာဥနီ၊ မုန်လာဥဖြူ၊ မုန်ညှင်းစိမ်း၊ ထိုင်ဝမ်မုန်ညှင်း၊ ကညွတ်၊ ပြောင်းချို၊ တရုတ်နံနံ၊ နံနံပင်၊ ကန်စွန်း၊ သခွား၊ ဘူး၊ ခရမ်းကဇော့၊ ချဉ်ပေါင်၊ ဟင်းနုနယ်၊ ခဝဲ၊ ရုံးပတီ၊ ငရုတ်ချို၊ ရွှေဖရုံ၊ ခရမ်းချဉ်၊ ကြက်သွန်နီ၊ ပန်းမုံလာ၊ ဂေါ်ဖီထုပ်၊ ကိုက်လန်၊ ပဲလင်းမြွေ စသည့် ဟင်းသီးဟင်းရွက် ၄၂ မျိုး၏ မျိုးစေ့ထုပ်ပေါင်း ၄၄၆၄၅ ထုပ်၊ ပဲတောင့်ရှည်၊ ငရုတ်၊ ငရုတ်ပွ၊ ခရမ်း၊ မုန်ညှင်းစိမ်း၊ ရုံးပတီ စသည့် ဟင်းသီးဟင်းရွက်ပျိုးပင် ၂၂၈၀ ပင်၊ နည်းပညာပေးလက်ကမ်းစာစောင် ၆၂၁၉ စောင်၊ သဘာဝမြေဩဇာနှင့် ကွန်ပေါင်းခတ်မြေဩဇာများကို အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ပန်းတနော် မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက မှင်ပတောအလယ်စုကျေးရွာတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ပန်းတနော်မြို့နယ် မှင်ပတောအလယ်စုကျေးရွာရှိ အသင်းသား ၇၉ ဦးတို့ကို ငွေကျပ်သိန်းပေါင်း ၄၈၂ သိန်း ထုတ်ချေးပေးခဲ့ပြီး ချေးငွေလာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါကြိုတင် ကာကွယ်သည့်အနေဖြင့် လက်ဆေးစင်များ စီစဉ်ပေးထား ခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ လူစုလူဝေးမဖြစ်စေရေးအတွက် တစ်ဦးနှင့်တစ်ဦး သုံးပေအကွာ နေရာများ သတ်မှတ်ပေးထားခြင်းများ ဆောင်ရွက်ထားရှိပြီး ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးနေထက်ရှိန်နှင့် မအူပင်ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်တို့က ဒေသခံပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ပန်းတနော်မြို့နယ် ကင်းဝကြီးကျေးရွာတွင် ရေသန့်စင်စက် ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ပျဉ်မချောင်းကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနရန်ပုံငွေနှင့် ပြည်သူများထည့်ဝင်ငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေအား သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ဆက်)**

## ဖယ်ခုံနှင့် ဒီးမော့ဆိုမြို့နယ်တို့အား ဆက်သွယ်ပေးသည့် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီး

**ဖယ်ခုံ မေ ၂၀**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် အလယ်ကယန်းကျေးရွာအုပ်စုအတွင်းရှိ ဘီစီကုန်-ခေါင်းကိန်း (၁၃/၅)မိုင် အနက်(၂/၀)မိုင် မြေသားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် (၅) ပေ Box Culvert ခြောက်စင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများအား ဖယ်ခုံမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်ကျော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြသည်။

**အထောက်အကူပြုနိုင်မည်**

ယခုဖောက်လုပ်ပေးခဲ့သည့် ဘီစီကုန်-ခေါင်းကိန်လမ်းမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့နယ် ဘီစီကုန်ကျေးရွာမှ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်ရှိ ခူးပရာကျေးရွာနှင့် ထိစပ်လျက်ရှိပြီး အဆိုပါလမ်းဖောက်လုပ်ခြင်းဖြင့် ၎င်းလမ်းနှင့် ဆက်စပ်လျက်ရှိသည့် ကျေးရွာရှစ်ရွာမှ အိမ်ထောင်စု ၂၀၄ စုနှင့် လူဦးရေ ၁၃၈၃ ဦးတို့အား အကျိုးပြုနိုင်မည်ဖြစ်ကာ ဒေသခံများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကြည်**

■



# စင်ကာပူနှင့်မလေးရှား ဘဏ္ဍာရေးဝန်ကြီးတို့ စီးပွားရေးပြန်လည်ကောင်းမွန်စေရေး ဆွေးနွေး

**စင်ကာပူ မေ ၂၀**

စင်ကာပူဘဏ္ဍာရေးဝန်ကြီး ဟန်ဆွီးကိတ်နှင့် မလေးရှားဘဏ္ဍာရေးဝန်ကြီး တန်ကူးဇာဖရူလ်အဇက်ဇ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များ တဖြည်းဖြည်းဖြေလျှော့ပေးခြင်းကြောင့် နှစ်နိုင်ငံစလုံး၏ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရန် မည်ကဲ့သို့ ထိန်းကျောင်းပေးနိုင်မည်ကို ဆွေးနွေးခဲ့ကြသည်။

ယမန်နေ့က ဗီဒီယိုကွန်ဖရင့်ဖြင့် ပြုလုပ်ခဲ့သည့် ဆွေးနွေးမှုမှာ နှစ်နိုင်ငံစလုံးနှင့် ကမ္ဘာတစ်ဝန်းရှိ ကိုဗစ်-၁၉ ရောဂါအခြေအနေကို ဗဟိုပြုခဲ့ကြောင်း ဟန်ဆွီးကိတ်က ယနေ့ ဖေ့စ်ဘွတ်ပို့စ်တစ်ခုအတွင်း ရေးသားခဲ့သည်။ "ကျွန်တော်တို့ ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုတားဆီးရေး အစီအမံတွေကနေ ကုမ္ပဏီတွေ၊ အိမ်ထောင်စုတွေကို ပံ့ပိုးပေးမယ့် ကိစ္စတွေအထိ ဆွေးနွေးခဲ့ကြပါတယ်" ဟု ဟန်က ရေးသားခဲ့သည်။

နှစ်နိုင်ငံစလုံးက တဖြည်းဖြည်းပြန်လည်ဖွင့်လှစ်လျက်ရှိရာ စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာစေရန် မည်ကဲ့သို့ ထိန်းကျောင်းနိုင်သည်ကို ဆွေးနွေးခဲ့ပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မည့်နယ်ပယ်များ လေ့လာဖော်ထုတ်ခဲ့ကြောင်း၊ ကာလကြာရှည် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် အချင်းချင်းလက်တွဲဆောင်ရွက်ရန် လိုအပ်ပုံကို ထပ်လောင်းအတည်ပြုခဲ့ကြောင်း ၎င်းက ဆိုသည်။ နှစ်နိုင်ငံစလုံးက ကိုဗစ်-၁၉ ရောဂါ ကန့်သတ်ချက်များ တဖြည်းဖြည်းဖြေလျှော့လျက်ရှိရာ စီးပွားရေးလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်သည်။

ကပ်ရောဂါပြီးဆုံးချိန်တွင် လူချင်းတွေ့ဆုံလိုပါကြောင်း ၎င်းက ဆိုသည်။ မတ် ၁၀ ရက်က တန်ကူးဇာဖရူလ်အဇက်ဇ်အား မလေးရှား ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ပြီးနောက် ယခုဗီဒီယိုကွန်ဖရင့် ကျင်းပခြင်းမှာ ဒုတိယအကြိမ်မြောက်ဖြစ်သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန်-ကျော်ထိုက်စိုး**




# ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ လျော့ကျလာသည့်အတွက် တောင်ကိုရီးယားနိုင်ငံ၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ဆိုးလ် မေ ၂၀**

တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့ခဲ့သည့်အချိန်ကစပြီး ပိတ်ထားသည့် စာသင်ကျောင်းများကို ယနေ့ ပထမဆုံးအကြိမ် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများကို မတ်လအစောပိုင်းတွင် စတင်ဖွင့်လှစ်ရန် ကနဦးစီစဉ်ထားခဲ့သော်လည်း ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိခဲ့သည့်အတွက် ကျောင်းသား ကျောင်းသူများက အွန်လိုင်းမှသာ သင်ခန်းစာများကို လေ့လာခဲ့ရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်း လျော့ကျသွားခဲ့သည့်နောက်ပိုင်းတွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် အစိုးရက ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။

စာသင်ကျောင်းများ၌ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများကို စနစ်တကျလိုက်နာကြရမည်ဖြစ်သည်။

ဆိုးလ်မြို့အနီးရှိ အထက်တန်းကျောင်းတစ်ကျောင်း၏ ဝင်ပေါက်နေရာတစ်ခုတွင် တာဝန်ကျဆရာ ဆရာမများက အပူချိန်တိုင်းတာမှုများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရသည်။



ထို့ပြင် စာသင်ခန်းများအတွင်း၌ စာသင်ခုံများကိုလည်း တစ်မီတာကျော်ခန့် အကွာအဝေးတွင် စီစဉ်ထားရှိပြီး ကျောင်းသား ကျောင်းသူများအတွက် လက်သန့်ဆေးရည်များ အလွယ်တကူရရှိနိုင်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

"စာသင်ကျောင်းတွေပြန်ဖွင့်တော့ သူငယ်ချင်းတွေနဲ့ ပြန်လည်ဆုံစည်းရတာ ဝမ်းသာစရာကောင်းပါတယ်။ ဒါပေမယ့် ဗိုင်းရပ်စ်ကူးစက်မှာကိုတော့ ကြောက်နေရတယ်" ဟု ကျောင်းသားတစ်ဦးက ပြောသည်။

ကျောင်းသား ကျောင်းသူများ ဗိုင်းရပ်စ်ကူးစက်မှု မရှိစေရန် စာသင်ကျောင်းအတွင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့် စည်းမျဉ်းများအပါအဝင် အခြားဗိုင်းရပ်စ်ကာကွယ်ရေးလုပ်ငန်းစဉ်များကို ပြင်ဆင်ထားရှိကြောင်း ကျောင်းအုပ်ဆရာကြီး တစ်ဦးက ဆိုသည်။

အထက်တန်းအဆင့် တတိယနှစ်ကျောင်းသား ကျောင်းသူများသည် အထက်တန်းအဆင့်၏ နောက်ဆုံးစာသင်နှစ် ကျောင်းသားများဖြစ်သည့်အတွက် စာသင်ကျောင်းများသို့ နေ့စဉ်လာရောက်ရမည်ဖြစ်သည်။

ကျန်ရှိသော ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ကျောင်းတွင်သာမက နေအိမ်များ၌လည်း ပညာသင်ယူနိုင်ရန် အာဏာပိုင်များက ပညာရေးတာဝန်ရှိသူများနှင့် ဆွေးနွေးလျက်ရှိသည်။

မေလအစောပိုင်းက ဆိုးလ်မြို့ရှိ နိုက်ကလပ်တစ်ခုတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအများအပြား ထပ်မံတွေ့ရှိခဲ့သည့်အတွက် ယခုအချိန် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ ဗိုင်းရပ်စ်ကူးစက်ခံရမည့်အရေးနှင့်ပတ်သက်ပြီး စိုးရိမ်မှုများ မြင့်တက်လျက်ရှိသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# စင်ကာပူနိုင်ငံက စီးပွားရေးလုပ်ငန်းအားလုံး၏ ၇၅ ရာခိုင်နှုန်း ပြန်လည်စတင်မည်

**စင်ကာပူ မေ ၂၀**

စင်ကာပူနိုင်ငံသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ချမှတ်ထားသည့် ထိန်းချုပ်ကန့်သတ်မှုများကို တဖြည်းဖြည်း ဖြေလျှော့ပေးရန်နှင့် စီးပွားရေးလုပ်ငန်းအားလုံး၏ လေးပုံသုံးပုံကျော်ကို လာမည့်လအစောပိုင်းကာလတွင် ပြန်လည်စတင်ရန် စီစဉ်လျက်ရှိသည်။

စင်ကာပူနိုင်ငံသည် အရေးမကြီးသည့် လုပ်ငန်းများနှင့် ကျောင်းများကို ဧပြီ ၇ ရက်ကတည်းက စတင်ပိတ်ထားခဲ့ခြင်းဖြစ်သည်။ စင်ကာပူနိုင်ငံအနေဖြင့် အများအပြားထုတ်လုပ်သည့်လုပ်ငန်းများအပါအဝင် စီးပွားရေးလုပ်ငန်းအများစုကို ဇွန် ၂ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်းလည်း အစိုးရတာဝန်ရှိသူများက ယမန်နေ့က ပြောကြားခဲ့သည်။

သို့ရာတွင် တာဝန်ရှိသူများအနေဖြင့် တတ်နိုင်သမျှအိမ်မှနေ၍ အလုပ်လုပ်သည့် အလုပ်သမား အများအပြားကို ခွင့်ပြုပေးရန်လည်း စီးပွားရေးလုပ်ငန်းရှင်များအား တောင်းဆိုထားသည်။ စားသောက်ဆိုင်များနှင့် လက်လီအရောင်းဆိုင်များ ပြန်လည်ဖွင့်လှစ်ရေး ဆုံးဖြတ်ချက်ကို ဇွန် ၂ ရက်နောက်ပိုင်း ရက်သတ္တလေးပတ်ခန့်အကြာတွင် ဆုံးဖြတ်ချက်ချသွားမည်ဖြစ်ကြောင်းလည်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

စင်ကာပူနိုင်ငံတွင် ကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အတန်းတချို့ရှိ ကျောင်းသားများကို ကျောင်းတွင်သင်ယူခြင်းနှင့် အိမ်တွင်သင်ယူခြင်းတို့ကို အပတ်စဉ်အလှည့်ကျစနစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

အပြင်ထွက်ခြင်းဆိုင်ရာ ကန့်သတ်ထိန်းချုပ်မှုများကို ဆက်လက်ထားရှိဦးမည်ဖြစ်သည်။ သို့ရာတွင် မရှိမဖြစ်သောလိုအပ်ချက်ရှိသူများကိုမူ ဈေးဆိုင်များသို့ သွားရောက်ခွင့်ပြုမည်ဖြစ်ပြီး တစ်ဦးချင်းအနေဖြင့် အပြင်သို့ထွက်သည့်အချိန်တွင် နှာခေါင်းစည်းကို ဝတ်ဆင်ရန် လိုအပ်မည်ဖြစ်သည်။

လက်ရှိအချိန်တွင် စင်ကာပူနိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ စုစုပေါင်း ၂၈၀၀၀ အထိရှိသည်။ သို့ရာတွင် ကိုရိုနာဗိုင်းရပ်စ်ထပ်မံကူးစက်မှုများ တဖြည်းဖြည်းကျဆင်းလျက်ရှိသည်။ နိုင်ငံခြားသား ဆောက်လုပ်ရေးအလုပ်သမားများနေထိုင်ရာနေရာများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက် ဖြစ်ပွားမှုများရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-အလင်းသစ်**

# စပိန်၌ အသက်ခြောက်နှစ်နှင့်အထက်လူတိုင်း နှာခေါင်းစည်းဝတ်ဆင်ရမည်

**မက်ဒရစ် မေ ၂၀**

တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန် မဖြစ်နိုင်သည့် အများပြည်သူဆိုင်ရာနေရာများတွင် စပိန်နိုင်ငံရှိ အသက်ခြောက်နှစ်နှင့်အထက်လူတိုင်း နှာခေါင်းစည်းဝတ်ဆင်ရမည်ဟု တာဝန်ရှိသူများက ယနေ့ ပြောကြားသည်။

စည်းမျဉ်းစည်းကမ်းသစ်ကို ကြေညာသည့် အစိုးရ၏ အမိန့်သည် ကြာသပတေးနေ့မှစ၍ အာဏာသက်ရောက်မည်ဖြစ်သည်။ ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက အပြစ်ပေးမည့် ပြစ်ဒဏ်များကို တိတိကျကျ ဖော်ပြထားခြင်းမရှိပေ။

တစ်ဦးနှင့်တစ်ဦးအနည်းဆုံး နှစ်မီတာခြား၍ နေရန်မဖြစ်နိုင်သည့်အချိန်တွင် လမ်းပေါ်တွင်ဖြစ်စေ၊ လဟာပြင်တွင်ဖြစ်စေ၊ အများပြည်သူအသုံးပြုသည့် အမိုးအကာရှိသည့်နေရာတွင်ဖြစ်စေ နှာခေါင်းစည်းများ မဖြစ်မနေဝတ်ဆင်ရမည်ဟု ၎င်းအမိန့်တွင် ဖော်ပြသည်။

၎င်းအမိန့်သည် အသက်ခြောက်နှစ်နှင့်အထက် လူတိုင်းနှင့် သက်ဆိုင်သည်။ သို့သော်လည်း အသက်ရှူရခက်ခဲသည့် ပြဿနာရှိသူများကို ခြွင်းချက်ပေးထားသည်။

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါကြောင့် သေဆုံးသူ ၂၈၀၀၀ နီးပါးရှိပြီး အဆိုးရွားဆုံးထိခိုက်ခံစားရသော နိုင်ငံတစ်နိုင်ငံဖြစ်သည့် စပိန်နိုင်ငံတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးယာဉ်များဖြင့် ပုံမှန်ခရီးဝေး အလုပ်ဆင်းသူများသည် နှာခေါင်းစည်းများကို လိုလိုလားလား ဝတ်ဆင်နေကြပြီးဖြစ်သည်။

စပိန်နိုင်ငံတွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးမှုနှုန်း လျော့နည်းသွားခဲ့ပြီဖြစ်၍ တင်းကျပ်သည့် မြို့ရွာ အဝင်အထွက် တားမြစ်ပိတ်ဆို့မှု အစီအမံများကို တဖြည်းဖြည်း ဖြေလျှော့ပေးနေပြီဖြစ်သည်။ သို့သော်လည်း မက်ဒရစ်မြို့နှင့် ဘာစီလိုနာမြို့တို့အပါအဝင် လူဦးရေထူထပ်သည့်မြို့များတွင် ဗိုင်းရပ်စ်ပျံ့နှံ့မှုထိန်းချုပ်ရေးစည်းမျဉ်းများကို လျှော့ပေါ့ပေးခြင်း မရှိသေးပေ။



တာဝန်ရှိသူများက ကမ္ဘာပေါ်တွင် အတင်းကျပ်ဆုံး မြို့ရွာအဝင်အထွက် တားမြစ်ပိတ်ဆို့မှုအစီအမံများကို ချမှတ်ခဲ့သည့် မတ်လလယ်မှစ၍ စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု သိသိသာသာ ကျဆင်းသွားခဲ့သည်။ အင်္ဂါနေ့က ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ဦးရေသည် သုံးရက်ဆက်တိုက် ၁၀၀ အောက်တွင် ရှိနေခဲ့သည်။ ဧပြီလစောစောပိုင်းက တစ်နေ့ သေဆုံးသူဦးရေ ၉၀၀ ရှိခဲ့ရာမှ ကျဆင်းသွားခဲ့ခြင်းဖြစ်သည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**

# လီဆိုသိုနိုင်ငံ ဝန်ကြီးချုပ်သစ် ကျမ်းသစ္စာ ကျိန်ဆို



**မာဆီရူ မေ ၂၀**

ဝန်ကြီးချုပ်ဟောင်း သောမတ်စ်သာဘိန်း ရာထူးမှနုတ်ထွက်ခဲ့ပြီးနောက် ယခင် ဘဏ္ဍာရေးဝန်ကြီး မိုးကတ်ဆီမာဂျိုရိုသည် လီဆိုသိုနိုင်ငံ၏ ဝန်ကြီးချုပ်အဖြစ် ဗုဒ္ဓဟူးနေ့က ကျမ်းသစ္စာ ကျိန်ဆိုခဲ့သည်။ ဝန်ကြီးချုပ်ဟောင်း သောမတ်စ်သာဘိန်းသည် ၎င်း၏ဇနီးအား လုပ်ကြံသတ်ဖြတ်မှုတွင် ပူးပေါင်းကြံစည်ခဲ့သည်ဟု စွပ်စွဲခံရပြီးနောက် နုတ်ထွက်သွားခြင်းဖြစ်သည်။

အသက် ၅၈ နှစ်အရွယ်ရှိ မာဂျိုရိုသည် အာဖရိကတောင်ပိုင်း လီဆိုသိုနိုင်ငံရှိ လက်ဆီ-၃ ဘုရင်၏ တော်ဝင်နန်းတော်၌ ကျင်းပသည့် အခမ်းအနားတစ်ခုတွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ခြင်းဖြစ်သည်။

ဝါရင့်စီးပွားရေးပညာရှင် မာဂျိုရိုသည် ယခင်က နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့၏ အာဖရိကရှိ ရုံးများအနက် တစ်ရုံးတွင် အမှုဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

ကွဲကွာနေသည့် ဇနီးဖြစ်သူ လီပိုလီလို သာဘိန်းအား ၂၀၁၇ ခုနှစ် ဇွန်လက လုပ်ကြံသတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်သည်ဟု စွပ်စွဲခံရပြီးနောက် ပြိုင်ဘက်များ၏ ဖိအားပေးမှုကြောင့် အသက် ၈၀ အရွယ် သာဘိန်းသည် အင်္ဂါနေ့က နုတ်ထွက်သွားခဲ့သည်။

သာဘိန်း ဝန်ကြီးချုပ် တာဝန်မယူမီ နှစ်ရက်အလိုတွင် ဖြစ်ပွားခဲ့သည့် ယင်းလူသတ်မှုသည် လူဦးရေ ၂ ဒသမ ၂ သန်းရှိသည့် ကုန်းတွင်းပိတ် နိုင်ငံငယ်လေးကို တုန်လှုပ်ချောက်ချားသွားစေခဲ့ပြီး သာဘိန်းအား ဝန်ကြီးချုပ် ရာထူးမှ နုတ်ထွက်ပေးရန် တောင်းဆိုမှုများ ပေါ်ပေါက်စေခဲ့သည်။

ယနေ့ကျင်းပသည့် မာဂျိုရို၏ ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တက်ရောက်သည့် သာဘိန်းက ယင်းလူသတ်မှုတွင် ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**

# အမေရိကန် မီချီဂန်ပြည်နယ်၌ ရေလှောင်တမံနှစ်ခု ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွား

**ဝါရှင်တန် မေ ၂၀**

ယမန်နေ့ ညပိုင်းတွင် အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလှောင်တမံနှစ်ခု ကျိုးပေါက်ခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် အီဒန်ဗီလီနှင့် ဆန်ဖော့ဒ် ရေလှောင်တမံများ ကျိုးပေါက်ခဲ့သည့်အတွက် မစ်လန်ခရိုင်နယ်မြေအတွင်းရှိ ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရသည်။



**ရေအနက်ကိုးပေအထိ**

ရေလှောင်တမံ ကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိသည့် မီချီဂန်ပြည်နယ်အတွင်းရှိ မစ်လန်ခရိုင်ဒေသများတွင် ရေအနက်ကိုးပေအထိ မြင့်တက်လာနိုင်ဖွယ်ရှိသည်။

ရေကြီးရေလျှံမှုများကြောင့် ဒိုးခာတုဆေးဝါးစက်ရုံသည် အရေးပေါ်အခြေအနေ ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များကို စီမံထားလျက်ရှိသည်။

မစ်လန်ခရိုင် အုပ်ချုပ်ရေးမှူး ဂရတ်ချန်ဝတ်မာက ရေလှောင်တမံများ ကျိုးပေါက်ခဲ့ပြီးနောက် ခရိုင်အတွင်း၌ အရေးပေါ် အခြေအနေတစ်ရပ် ထုတ်ပြန်ကြေညာခဲ့သည်။ လူဦးရေ ၄၀၀၀၀ ကျော်ရှိသည့် မစ်လန်ခရိုင်အတွင်း ယခုဖြစ်ပွားလျက်ရှိသည့် ရေကြီးမှုသည် သမိုင်းခေတ်အဆက်ဆက်တွင် ရေအနက်ပေအမြင့်မားဆုံး ရေကြီးရေလျှံမှုဖြစ်သည်ဟု အုပ်ချုပ်ရေးမှူး ဂရတ်ချန်ဝတ်မာက ဆိုသည်။

ရေကြီး ရေလျှံမှုများကြောင့် ဒေသခံပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိစဉ် ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဝတ်ဆင်ရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ကြရန် အုပ်ချုပ်ရေးမှူး ဂရတ်ချန်ဝတ်မာက တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်း ဆက်လက်မြင့်တက်လာဖွယ်ရှိ

**ဝါရှင်တန် မေ ၂၀**

အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါ ဖြစ်ပွားနေမှုကြောင့် ယခုနှစ်နောက်ပိုင်းတွင် ပိုမိုဆိုးရွားစွာ ဆက်လက်မြင့်တက်လာဖွယ်ရှိကြောင်း အမေရိကန် တာဝန်ရှိသူများက ခန့်မှန်းထားကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်က ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဧပြီလအတွင်း ၁၄ ဒသမ ၇ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပြီး ယင်းကိန်းဂဏန်း အချက်အလက်သည် ၁၉၄၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနောက်ပိုင်း အဆိုးရွားဆုံး ဖြစ်လာခဲ့သည်။




နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဧပြီလမှ ဇွန်လအထိ ပျမ်းမျှ ၁၅ ဒသမ ၁ ရာခိုင်နှုန်းနှင့် ဇူလိုင်လမှ စက်တင်ဘာလအထိ ပျမ်းမျှ ၁၅ ဒသမ ၈ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်းလည်း အမေရိကန်ကွန်ဂရက်ဆိုင်ရာ ဘတ်ဂျက်ရုံးက ကြေညာချက်တစ်စောင်တွင် ခန့်မှန်းပြောကြားထားသည်။

အောက်တိုဘာလနှင့် ဒီဇင်ဘာလ သမ္မတ ရွေးကောက်ပွဲကာလအတွင်း အမေရိကန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းသည် ဆက်လက်မြင့်တက်နေလိမ့်မည်ဖြစ်ကြောင်းနှင့် ပျမ်းမျှအားဖြင့် ၁၁ ဒသမ ၅ ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်းလည်း အမေရိကန် ကွန်ဂရက်ဆိုင်ရာ ဘတ်ဂျက်ရုံးက ခန့်မှန်းထားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# ဂြိုဟ်တုများကို စောင့်ကြည့်လေ့လာမည့် ဂျပန်အာကာသကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်း

**တိုကျို မေ ၂၀**

ဂျပန်နိုင်ငံက အာကာသရှိ အပျက်အစီးများ၊ သံသယဖြစ်ဖွယ်ရာ ဂြိုဟ်တုများကို စောင့်ကြည့်လေ့လာမည့် အာကာသကာကွယ်ရေးတပ်ဖွဲ့ငယ်တစ်ခု ဖွဲ့စည်းလိုက်ပြီဖြစ်သည်။

**ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်**

ဂျပန်လေကြောင်း ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ လက်အောက်တွင် ထားရှိသည့် အဖွဲ့ဝင် ၂၀ ပါ အဆိုပါ အာကာသကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းမှုမှာ ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာ မဟာမိတ်ဖြစ်သူ အမေရိကန်နိုင်ငံက အာကာသစစ်ဆင်ရေးတပ်ဖွဲ့ခွဲ ဖွဲ့စည်းပြီး ရက်အနည်းငယ်အကြာတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ အာကာသကာကွယ်ရေးတပ်ဖွဲ့ ဖွဲ့စည်းရခြင်းမှာ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့က အာကာသစစ်ပွဲ ဆင်နွှဲရာတွင် အတူတကွ ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

ဂျပန်နိုင်ငံက အာကာသနယ်ပယ်တွင် အခြေအနေ သိရှိနားလည်မှု အရေးတကြီး မြှင့်တင်ခဲ့ပြီး အာကာသစစ်ဆင်ရေးများတပ်ဖွဲ့ခေါ် အာကာသကာကွယ်ရေးတပ်ဖွဲ့က ဂျပန်အာကာသစူးစမ်းရှာဖွေရေး အေဂျင်စီ၊ အမေရိကန်အာကာသတပ်ဖွဲ့တို့နှင့် လက်တွဲဆောင်ရွက်မည်ဟု မေ ၁၈ ရက်တွင် ကျင်းပသည့် တပ်ဖွဲ့စတင်ဖွဲ့စည်းသည့် အခမ်းအနား၌ ကာကွယ်ရေးဝန်ကြီး တာရိုခိုနိုက ပြောကြားခဲ့သည်။

**အင်အား ၁၀၀ အထိရှိလာမည်**

ဂျပန်အာကာသကာကွယ်ရေးတပ်ဖွဲ့မှာ ၂၀၂၃ ခုနှစ်တွင် အင်အား ၁၀၀ အထိ ရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ် မတ်လအထိ အမေရိကန်နိုင်ငံတွင် ဂြိုဟ်တု ၁၂၅ လုံး၊ တရုတ်နိုင်ငံတွင် ၁၀၃ လုံး၊ ရုရှားနိုင်ငံတွင် ၉၆ လုံးနှင့် အိန္ဒိယနိုင်ငံ၌ ၁၂ လုံးရှိသည်။

ဂျပန်နိုင်ငံက မြေပြင်ရုပ်ပုံ အချက်အလက်များစုဆောင်းရန်နှင့် မြောက်ကိုရီးယားနိုင်ငံမှ ပစ်လွှတ်သော ဒုံးကျည်များဆိုင်ရာ သတင်းအချက်အလက်များအတွက် အမေရိကန်ဂြိုဟ်တုများအပေါ် မှီခိုနေရသည်။ ဂျပန်နိုင်ငံက ၂၀၂၆ ခုနှစ်မတိုင်မီ ကိုယ်ပိုင်အာကာသစောင့်ကြည့်ရေးဂြိုဟ်တု လွှတ်တင်ရန် ရည်ရွယ်သည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျပ်အတည်းနှင့် တရုတ်နိုင်ငံ၏အနာဂတ်

■ **နေစိုးဦး**



တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် (NPC)အစည်းအဝေးကို မေလ ၂၂ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း တရုတ်အစိုးရက တရားဝင် ထုတ်ဖော်ကြေညာလိုက်ပြီ ဖြစ်သည်။

တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက်(NPC) နှစ်ပတ်လည်အစည်းအဝေးကို ပုံမှန်အားဖြင့် မတ်လအတွင်း ကျင်းပလေ့ရှိသော်လည်း ယခုနှစ်တွင် တွေ့ကြုံရင်ဆိုင်ခဲ့ရသော ကိုဗစ်-၁၉ ကူးစက်ရောဂါအကျပ်အတည်းကြောင့် နိုင်ငံ၏ အရေးပါသော နိုင်ငံရေးဆွေးနွေးပွဲကို ရက်ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ ယခုကဲ့သို့ တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် အစည်းအဝေးကို ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းမှာ တရုတ်နိုင်ငံအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါကို အပြည့်အဝ ထိန်းချုပ်နိုင်ပြီဟူသော ယုံကြည်မှုကို ပြသရာရောက်သည့် သဘောပင်ဖြစ်သည်။

**အောင်မြင်စွာ ထိန်းချုပ်နိုင်**

၂၀၁၉ ခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့မှ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက်သုံးလအတွင်း တစ်ကမ္ဘာလုံး အနှံ့ကူးစက်ပျံ့နှံ့မှု ဖြစ်ပွားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကို ကမ္ဘာ့ကပ်ရောဂါအဖြစ် ထုတ်ဖော်ကြေညာခဲ့သည်။ ကိုဗစ်-၁၉ အဖြစ် သတ်မှတ်ခေါ်ဝေါ်ခဲ့သော အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါစတင်ဖြစ်ပွားစဉ်အချိန်ကတည်းက တရုတ်နိုင်ငံအနေဖြင့် ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှု ထိန်းချုပ်နိုင်ရေးကို အင်တိုက်အားတိုက် အားထုတ်ခဲ့သည်။ အထူးသဖြင့် ကူးစက်ရောဂါစတင်ဖြစ်ပွားခဲ့သော ဟူပေပြည်နယ်ကို တင်းကျပ်သောသွားလာကန့်သတ်မှု အစီအစဉ်ဖြင့် စနစ်တကျထိန်းချုပ်ဆောင်ရွက်ခဲ့သည့်အတွက် အခြေအနေကောင်းများ အလျင်အမြန်တိုးတက်လာခဲ့သည်။ လက်ရှိအချိန်တွင်မူ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါ အကျပ်အတည်းကို အမေရိကနှင့် ဥရောပနိုင်ငံများတွင် ဆက်လက်ရင်ဆိုင်နေရဆဲရှိသော်လည်း တရုတ်နိုင်ငံတွင် ကူးစက်ပျံ့နှံ့မှုအနည်းဆုံးရလဒ်ဖြင့် အောင်မြင်စွာ ထိန်းချုပ်နိုင်သည့် အနေအထားကို ရောက်ရှိနေပြီဖြစ်သည်။

မည်သို့ဆိုစေ လက်ရှိ ကမ္ဘာကြီးတွင် ရင်ဆိုင်နေရသော ကပ်ရောဂါသည် လူသားတို့၏ ကျန်းမာရေးပြဿနာအဖြစ်သာမက စီးပွားရေးနှင့် လူမှုရေးပြဿနာ အကျပ်အတည်းတည်းဟူသော နောက်ဆက်တွဲဆိုးကျိုးများကို မလွဲမသွေ ဆက်လက်ရင်ဆိုင်လာရဖွယ်ရှိနေသည်။ ကပ်ရောဂါစတင်ဖြစ်ပွားစဉ်အချိန်ကတည်းက တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးလုပ်ငန်း အားလုံးနီးပါးလောက်ကို ရပ်ဆိုင်းခဲ့ရသည်။ စီးပွားရေးလုပ်ငန်းများ ရပ်ဆိုင်းလိုက်သည့်အကျိုးဆက်အဖြစ် ကမ္ဘာ့ဒုတိယစီးပွားရေး အင်အားကြီးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့် ဆက်စပ်ပတ်သက်နေသော ကမ္ဘာတစ်လွှားမှ စီးပွားရေးလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေခဲ့သည်။

**နှေးကွေးတုံ့ဆိုင်းမှုများနှင့် ရင်ဆိုင်နေခဲ့**

အမှန်အားဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားမီအချိန်ကတည်းက အမေရိကန်ပြည်ထောင်စုနှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးပဋိပက္ခအနေအထားကြောင့် တရုတ်နိုင်ငံ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဖြစ်ထွန်းတိုးတက်မှုတွင် နှေးကွေးတုံ့ဆိုင်းမှုများနှင့် ရင်ဆိုင်နေခဲ့ကြရခြင်းဖြစ်သည်။ အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း ၂၀၂၀ ပြည့်နှစ် ပထမသုံးလပတ်အတွက် တရုတ်နိုင်ငံ၏ စီးပွားရေးကိုကြည့်မည်ဆိုပါက ၆ ဒသမ ၈ ရာခိုင်နှုန်းအထိ သေးကျုံ့သွားခဲ့သကဲ့သို့ နိုင်ငံ၏ ပြည်ပပို့ကုန်ပမာဏမှာလည်း ၆ ဒသမ ၀ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ကို တွေ့ကြရသည်။

**နိုင်ငံ၏ကုန်ထုတ်လုပ်မှုပမာဏ ကျဆင်း**

ဆိုရလျှင် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားပြီးနောက်ပိုင်း တရုတ်နိုင်ငံ၏ စီးပွားရေးမှာ အဘက်ဘက်မှ ကျဆင်းသွားခဲ့ခြင်းလည်းဖြစ်သည်။ စက်ရုံအလုပ်ရုံပိတ်ထားရသည့်အကျိုးရလဒ်က နိုင်ငံ၏ ကုန်ထုတ်လုပ်မှုပမာဏမှာ ကြီးမားစွာကျဆင်းသွားခဲ့ခြင်းဖြစ်သည်။ အလားတူပင် ကုန်ထုတ်လုပ်ငန်းများ ရပ်ဆိုင်းသွားခဲ့သည့်အတွက် နိုင်ငံ၏ အလုပ်လက်မဲ့တိုးပွားမှုနှုန်းမှာ ထင်မှတ်ထားခြင်းမရှိလောက်အောင် ဆိုးရွားလှသည့် အနေအထားသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ထိုမျှမက နောက်ထပ်ကြုံတွေ့လာရဖွယ်ရှိသည့် နောက်ဆက်တွဲ အကျိုးဆက်များကလည်း တသီးတသန့်ရှိနေသေးသည်။

အထူးသဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ဖြစ်ပွားမှုနောက်ပိုင်း ကမ္ဘာတစ်ဝန်း တွေ့ကြုံလာရသော အကျပ်အတည်းများကြောင့် တရုတ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုပြုနေသည့် နိုင်ငံခြားကုမ္ပဏီများက ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ အပြောင်းအလဲပြုလာဖွယ်ရှိသည့်အနေအထားကို တွေ့မြင်လာသည်။ ဆိုရလျှင် ကြီးမားသော ဈေးကွက်နှင့် ကုန်ကျစရိတ်သက်သာမှုအခင်းအကျင်းကြောင့် တရုတ်နိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံနေသည့် နိုင်ငံခြားကုမ္ပဏီတို့က ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုနေရာနှင့်ပတ်သက်၍ အပြောင်းအလဲပြုရန် စဉ်းစားလာမည်ဆိုပါက အဆိုပါအနေအထားမှာ တရုတ်နိုင်ငံအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်လာမည့် အရိပ်လက္ခဏာလည်းဖြစ်သည်။

မည်သို့ဆိုစေ မေ ၂၂ ရက်နေ့တွင် ကျင်းပမည့် တတိယအကြိမ် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် နှစ်ပတ်လည် အစည်းအဝေးတွင် လက်ရှိကြုံတွေ့နေရသော ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျပ်အတည်းကဲ့သို့သော အရေးကိစ္စကိုသာမက ကူးစက်ရောဂါ အကျပ်အတည်းမှနေ၍ ထပ်မံရင်ဆိုင်နေရသော စီးပွားရေးအကျပ်အတည်းနှင့် လူမှုရေးအကျပ်အတည်း ပြဿနာများကိုပါ အလေးထားဆွေးနွေး အဖြေရှာကြရဖွယ်ရှိနေသည်။

အထူးသဖြင့် ကိုဗစ်-၁၉ အကျပ်အတည်းကြောင့် နိုင်ငံ၏ စီးပွားရေးရည်မှန်းချက်များနှင့် ပတ်သက်၍ မည်ကဲ့သို့ အဖြေရှာဆောင်ရွက်သင့်သည် ဆိုသည်မှာလည်း အစည်းအဝေးသို့ တက်ရောက်လာမည့် ကိုယ်စားလှယ်တို့၏ သဘောထားအမြင်များမှနေ၍ ညှိနှိုင်းအဖြေရှာကြရမည်မှာလည်း အမှန်ပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံ၏ နှစ်စဉ်စုစုပေါင်း အမျိုးသားထုတ်ကုန်ပမာဏ ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ရေးမှာ ဒုတိယနှစ်ဝက်စုစုပေါင်း အမျိုးသားထုတ်ကုန်ပမာဏတိုးတက်မှုအပေါ် အခြေခံလျက်ရှိနေမည်ကိုလည်း သုံးသပ်ဆင်ခြင်နိုင်မည်ဖြစ်သည်။

**ထောက်ပံ့ကြေးအဖြစ် ယွမ် ၂၀၀၀**

မည်သို့ဆိုစေ နှစ်ပတ်လည် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် အစည်းအဝေးမှနေ၍ ၂၀၂၀ ပြည့်နှစ်အတွက် ဘက်စုံတိုးတက်သော လူမှုအဖွဲ့အစည်းထူထောင်ရေး ရည်မှန်းချက်အောင်မြင်ရေး၊ ယင်းနှင့်ဆက်စပ်၍ ကူးစက်ရောဂါလွန်ကာလ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ အများပြည်သူကျန်းမာရေး အကျပ်အတည်းကာလအတွင်း ကိုယ်ရေးအချက်အလက်များ လုံခြုံရေးအစီအစဉ် စသည်တို့အပြင် အများပြည်သူတို့ ကြုံတွေ့နေရသော အခက်အခဲများ သက်သာလျော့ပါးရေးနှင့် စီးပွားရေးတိုးတက်မှုကို အားပေးရေးအတွက် အစိုးရအနေဖြင့် နိုင်ငံသားတိုင်းအား ကူးစက်ရောဂါထောက်ပံ့ကြေးအဖြစ် ယွမ် ၂၀၀၀ (အမေရိကန်ဒေါ်လာ ၂၈၃ ဒေါ်လာ) ထောက်ပံ့ပေးမည့် အစီအစဉ်များမှာ တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေးတွင် အဆိုပြုလာဖွယ်ရှိသည့် အစီအစဉ်များအဖြစ် တွေ့မြင်လာရဖွယ်ရှိနေသည်။

မေ ၂၂ ရက်နေ့တွင် တရုတ်နိုင်ငံမြို့တော် ပေကျင်းတွင် ကျင်းပမည့် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် နှစ်ပတ်လည်အစည်းအဝေးသို့ အလွှာစုံမှ ကိုယ်စားလှယ်ပေါင်း ၃၀၀၀ ခန့် တက်ရောက်လာမည်ဖြစ်သည်။ မည်သို့ဆိုစေ တရုတ်နိုင်ငံ၏တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားကွန်ဂရက် အစည်းအဝေးသည် နိုင်ငံအတွက် အရေးပါသော နိုင်ငံရေးဆွေးနွေးပွဲဖြစ်သကဲ့သို့ လက်ရှိ ကိုဗစ်-၁၉ ကူးစက်ရောဂါ အကျပ်အတည်းကို အောင်မြင်စွာ ထိန်းချုပ်နိုင်မှုကို ပြသရာရောက်သည့် ယုံကြည်မှုမြင့်မားသော အစည်းအဝေးလည်းဖြစ်ကြောင်း အလားတူ ကူးစက်ရောဂါ ထိန်းချုပ်နိုင်မှုသည် နိုင်ငံ၏ စီးပွားရေးနှင့် လူမှုဘဝများအား ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေးကို ဦးတည်စေမည့် အစည်းအဝေးတစ်ရပ်အဖြစ် တွေ့မြင်ရဖွယ်ရှိကြောင်း သုံးသပ်တင်ပြလိုက်ရပါသည်။ ။

**ကိုးကား-ဂလိုဘယ်တိုင်းမ်**

# နိုင်ငံတချို့မှ ခရီးသည်များအတွက် ခရီးသွားပိတ်ပင်တားမြစ်မှု ကမ္ဘောဒီးယားအစိုးရ ဖြေလျှော့

**ဖနောင်ပင် မေ ၂၀**

ကမ္ဘောဒီးယားအစိုးရသည် နိုင်ငံအတွင်း တစ်လကျော်ကြာ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်မှုမရှိသည့်အတွက် အမေရိကန်ပြည်ထောင်စု၊ အီရန်နှင့် ဥရောပလေးနိုင်ငံမှ နိုင်ငံခြားသား ခရီးသည်များအပေါ် ခရီးသွားပိတ်ပင်တားမြစ်မှုကို ယနေ့ ဖြေလျှော့လိုက်ကြောင်း သိရသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် နိုင်ငံခြားသားခရီးသည်များအပေါ် ခရီးသွားတားမြစ်ပိတ်ပင်မှုကို ဖြေလျှော့ပေးရန် မေ ၁၈ ရက်က အတည်ပြုထောက်ခံခဲ့ကြောင်း ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးနမ်ဘွန်ဟဲန်က ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ကမ္ဘောဒီးယားအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် အမေရိကန်ပြည်ထောင်စု၊ အီရန်၊ အီတလီ၊ ဂျာမနီ၊ စပိန်နှင့် ပြင်သစ်နိုင်ငံတို့မှ နိုင်ငံခြားသား ခရီးသည်များကို မတ်လအလယ်ပိုင်းကတည်းက နိုင်ငံအတွင်း ဝင်ရောက်ခြင်းကို ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

ဧပြီ ၁၂ ရက်ကတည်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု ထပ်မံတွေ့ရှိခြင်းမရှိဘဲ ရောဂါကူးစက်ခံရသူ ၁၂၂ ဦးစလုံး ရောဂါကင်းစင်လာ၍ ဆေးရုံများမှ ပြန်ဆင်းခဲ့ပြီးနောက် ယခုကဲ့သို့ နိုင်ငံခြားသားခရီးသည်များအပေါ် ပြည်ဝင်ခွင့်ပိတ်ပင်တားမြစ်မှုကို အစိုးရအနေဖြင့် ဖြေလျှော့ပေးခဲ့ခြင်းဖြစ်သည်။

သို့သော် ကမ္ဘောဒီးယားသို့ ဝင်ရောက်မည့် နိုင်ငံခြားသားအားလုံးသည် ပြည်ဝင်ခွင့်ကန့်သတ်ချက် စည်းကမ်းများကို ဆက်လက်လိုက်နာရမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး ဘွန်ဟဲန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသားများနှင့် နိုင်ငံခြားသားများအပါအဝင် ခရီးသည် အားလုံးသည် ၎င်းတို့နိုင်ငံမှ သက်ဆိုင်ရာကျန်းမာရေးအာဏာပိုင်များက ၇၂ နာရီအတွင်း ထုတ်ပေးထားသည့် ကိုဗစ်-၁၉ ရောဂါ မရှိကြောင်း အထောက်အထားကို ကိုင်ဆောင်ထားရမည်ဟု ၎င်းက ထပ်မံပြောကြားသည်။

ထို့အပြင် ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်သည့် ခရီးသည်အားလုံးကို ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ



စမ်းသပ်ရန် သတ်မှတ်ထားသည့်စင်တာများသို့ ပို့ဆောင်မည်ဖြစ်ပြီး ၎င်းတို့၏ ဆေးစစ်ချက်အဖြေမရမချင်း အဆိုပါစင်တာများတွင် စောင့်ရမည်ဖြစ်ကြောင်း သိရသည်။

အကယ်၍ ခရီးသည်တစ်ယောက် သို့မဟုတ် အများအပြားတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိခဲ့ပါက အဆိုပါအဖွဲ့၌ပါဝင်သည့် ကျန်ခရီးသည်များကိုပါ ၁၄ ရက်ကြာ စောင့်ကြည့်မည်ဖြစ်ကြောင်း သိရသည်။ **ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-ဂျေတီ**

# AA အကြမ်းဖက်သောင်းကျန်းသူများက ရာအိမ်မှူးတာဝန် ထမ်းဆောင်နေသူများ အပါအဝင် ငါးဦးကို အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်

**နေပြည်တော် မေ ၂၀**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခဘော်ကျေးရွာနှင့် မာလာကျေးရွာ(မြို)တို့မှ ရာအိမ်မှူး တာဝန်ထမ်းဆောင်သူ ငါးဦးကို AA အကြမ်းဖက်သောင်းကျန်းသူများက မေ ၁၈ ရက် မွန်းလွဲပိုင်းတွင် အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တော်မြို့နယ် ခဘော်ကျေးရွာမှ ရာအိမ်မှူးတာဝန်ထမ်းဆောင်သူ ဦးပန်းသာ၊ ဦးဝေသာအောင်နှင့် မာလာကျေးရွာ(မြို)မှ ရာအိမ်မှူး တာဝန်ထမ်းဆောင်သူ ဦးမောင်ဟန်သိန်း၊ ဦးအောင်စော၊ ဦးမောင်သိန်းထွန်း၊ ဦးမောင်သာဝင်း၊ ဦးတင်ဝင်းတို့နှင့်အတူ အမျိုးသမီး လေးဦးတို့သည် ကျောက်တော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်နိုင်ရေး နိုင်ငံတော်က ထောက်ပံ့ပေးသည့် ထောက်ပံ့ပစ္စည်းများ ယူဆောင်ရန်နှင့် လိုအပ်သောဈေးပစ္စည်းများ ဝယ်ယူရန်အတွက် မာလာကျေးရွာမှ ကျောက်တော်မြို့သို့ မေ ၁၈ ရက် နံနက်ပိုင်းတွင် ထွက်ခွာလာခဲ့ကြောင်း၊ ကျောက်တော်မြို့မဈေး၌ ဈေးဖြန့်ခွဲဝယ်ယူလျက်ရှိစဉ် မွန်းတည့် ၁၂ နာရီခန့်တွင် ဦးပန်းသာနှင့် ဦးမောင်သာဝင်း နှစ်ဦးတို့ကို ကစ္ဆပသီရိလမ်းနေရာ၌ အရပ်ဝတ်များဝတ်ဆင်ထားသော AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ၁၀ ဦးခန့်ကလည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဦးမောင်ဟန်သိန်း၊ ဦးဝေသာအောင်နှင့် ဦးအောင်စော သုံးဦးတို့ကို ဈေး၏ မြောက်ဘက် မင်းစောမွန်လမ်းရှိဆေးဆိုင်အနီး၌ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ ၁၀ ဦးခန့်ကလည်းကောင်း အကြောင်းမဲ့ ဖမ်းဆီးချုပ်နှောင်၍ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း၊ ဦးမောင်သိန်းထွန်း တစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အား ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများ၊ ဌာနဆိုင်ရာဝန်ထမ်းများကို အကြောင်းမဲ့ဖမ်းဆီးခေါ်ဆောင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သတ်ဖြတ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း။

ထို့ပြင် ဒေသခံများအကျိုးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး ပြုလုပ်ပေးလျက်ရှိသည့် ဆေးအဖွဲ့များနှင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည့် တပ်ဖွဲ့ဝင်များကိုလည်း မေ ၁၁ ရက်တွင် ကျောက်တော်မြို့ ကစ္ဆပနဒီတံတားအနီး၌ မိုင်းထောင်ဖောက်ခွဲ တိုက်ခိုက်ခဲ့ကြောင်း၊ ယခုထပ်မံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေး နိုင်ငံတော်က ထောက်ပံ့ပေးသည့် ထောက်ပံ့ပစ္စည်းများ သွားရောက်ယူဆောင်သည့် ကျေးရွာရာအိမ်မှူးများကိုလည်း အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး ဒေသခံပြည်သူများ၏ အကျိုးဆောင်ရွက်ချက်များကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**



ထွန်းထွန်း(ခ)ယာကုတ်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## လားရှိုးမြို့နယ်တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက လားရှိုးမြို့နယ် မန်အိုင်ကျေးရွာအုပ်စု ကုန်းညောင်ကျေးရွာအနီးတွင် ထွန်းထွန်း(ခ)ယာကုတ် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၊ ဘိန်းဖြူ သုညဒသမ ၀၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ထွန်းထွန်း(ခ) ယာကုတ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မရမ်းကုန်းမြို့နယ်တရားရုံး၌ စောဒေးဗစ်(ခ)စောဒေးဗစ်လားအား ကနဦး တရားစွဲတင်အပြီး ဇွန် ၃ ရက်သို့ ရုံးချိန်း ချိန်းဆို

**ရန်ကုန် မေ ၂၀**

ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း စောဒေးဗစ်(ခ) စောဒေးဗစ်လားအား မရမ်းကုန်းမြို့နယ် အမှတ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲဝင်းအောင်က တရားလိုပြုလုပ်၍ မရမ်းကုန်းမြို့နယ်ရဲစခန်းတွင် ရောဂါဖြစ်ပွားစေနိုင်သော လူစုလူဝေးပြုလုပ်ခဲ့သည်ဟုဆိုကာ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂၅ ဖြင့် အမှုဖွင့်တိုင်ကြားထားသည်ကို ယနေ့ နံနက်က မရမ်းကုန်းမြို့နယ်တရားရုံးသို့ ကနဦး တရားစွဲတင်ခြင်းဖြစ်ပြီး ဇွန် ၃ ရက်သို့ ရုံးချိန်း ချိန်းဆိုလိုက်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ မြေ ၁၄ ရက်က ကြေညာချက်အရ ၎င်းအပါအဝင် ဦးဝေထွန်းတို့ကို မရမ်းကုန်းမြို့မရဲစခန်း၌ လည်းကောင်း၊ ဦးစောကွယ်ဝါးနှင့် ဦးစောရေဂန်ဒီတို့ကို အင်းစိန်မြို့မရဲစခန်း၌ လည်းကောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

ယနေ့ရုံးချိန်းတွင် စောဒေးဗစ်(ခ)စောဒေးဗစ်လား တစ်ဦးတည်းသာတွေ့ရ၍ မရမ်းကုန်းမြို့နယ် တရားသူကြီး ဦးမိုးဆွေက တရားခွင်၌ စစ်ဆေးမှုဆောင်ရွက်ခဲ့ပြီး ဇွန် ၃ ရက် (ဗုဒ္ဓဟူးနေ့)သို့ ချိန်းဆိုခဲ့ကြောင်းနှင့် စောဒေးဗစ်လားအား ၁၅ ရက် ချုပ်ရက်ဖြင့် အင်းစိန်အကျဉ်းထောင်သို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးစခန်းတွင်နေထိုင်သူအား မူးယစ်ရမ်းကားမှုဖြင့် အလုပ်မဲ့ထောင်ဒဏ် သုံးလချမှတ်

**ရေတာရှည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ် ၃ ရပ်ကွက် ရန်ကုန်-မန္တလေးကားလမ်းအနီး အထကတွင် ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား စောင့်ကြည့်ရေးစခန်း၌ ထားရှိခဲ့ပြီး စောင့်ကြည့်မှုကာလအတွင်း အမျိုးသားတစ်ဦး အရက်သောက်စားမူးယစ်ရမ်းကားမှုဖြင့် မေ ၂၀ ရက် က အလုပ်မဲ့ထောင်ဒဏ် သုံးလကျခံစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်လိုက်ကြောင်း သိရသည်။

လောက်ကိုင်ဒေသမှ လမ်းခင်းအလုပ်လုပ်ကိုင်၍ ပြန်လည်ရောက်ရှိလာသော ကျော်ထက်လင်းသည် စောင့်ကြည့်ရေးစခန်းတွင် မေ ၁၁ ရက်မှ ၃၁ ရက်အထိ ကျန်းမာရေးစောင့်ကြည့်မှုခံယူနေစဉ် မေ ၁၉ ရက် နံနက် ၁၀ နာရီက အပြင်သို့ခိုးထွက်၍ အရက်သေစာသောက်စားခဲ့ပြီး ကျောင်းဝင်းအတွင်း မူးယစ်ရမ်းကားပြီး အော်ဟစ်ပြောဆိုခဲ့ကြောင်း၊ ထို့နောက် အမျိုးသားများအား တားမြစ်ထားသော အမျိုးသမီးအဆောင်သို့ သွားရောက်၍ ဇနီးဖြစ်သူအား ဆဲဆိုခြင်း၊ အခြားသောအမျိုးသမီးများအား မဖွယ်မရာပြုလုပ်ပြခြင်းနှင့် ခြိမ်းခြောက်ပြောဆိုမှုများ ပြုလုပ်ခဲ့သဖြင့် စောင့်ကြည့်ရေးစခန်းဝင်းအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များက ထိန်းသိမ်းခဲ့ရပြီး မူးယစ်ရမ်းကားသူ ကျော်ထက်လင်းအား ရေတာရှည်မြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ရာ ကူးစက်ရောဂါနှိမ်နင်းရေး ဥပဒေပုဒ်မ ၁၈ ဖြင့် အလုပ်မဲ့ထောင်ဒဏ် ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ သစ်တန် ၈၀၀ ကျော် သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မေ ၁၁ ရက်မှ ၁၇ ရက် အထိ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင်ကျွန်း ၂၀၃ ဒသမ ၀၁၈၄ တန်၊ သစ်မာ ၁၈၅ ဒသမ ၀၇၂၅ တန်၊ အခြား ၄၄၄ ဒသမ ၉၆၀၈ တန် စုစုပေါင်း ၈၃၃ ဒသမ ၀၅၁၇ တန်၊ ပြစ်မှုကျူးလွန်သူ ၁၀၅ ဦး၊ ယာဉ်/ယန္တရား အစီး ၆၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ဦးညီညီသန်း(နေပြည်တော်)**

### ■ အားအလွန်ကောင်းသောမှ

မေ ၂၀ ရက်မှ ၂၁ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင် လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အသိပေးနှိုးဆော်ချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏အရှိန်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည့်အခြေအနေများကို မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးသွားလာနေကြသော ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်းကောင်း၊ ဆိုးရွားသည့် မိုးလေဝသအခြေအနေများကို လေကြောင်းပျံသန်းရေးအနေဖြင့် လည်းကောင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကိုလည်းကောင်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**




**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၀ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂၀-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၅၉) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၉၄) ခု၊ စုစုပေါင်း (၂၅၃) ခုတွင် –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦးတွေ့ရှိရပါသည်။

၂။ (၂၀-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉၉) ဦးရှိပြီဖြစ်ပါသည်။

၃။ (၂၀-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၄) ဦး (Case– 28, 43, 87,125) ရှိခဲ့သဖြင့် စုစုပေါင်း (၁၀၈) ဦး ရှိပါသည်။ ၎င်းတို့အနက် (၉၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆) ဦး ရှိပါသည်။

၅။ (၁၉-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၀-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၆) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၆) ဦး | (၁၉၉) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၄) ဦး | (၁၀၈) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၀ - ၅ - ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၀-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၅၉) ခု |
| (၂၀-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ပထမအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၉၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၆) ဦး |

**(၂၀ - ၅ - ၂၀၂၀) ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင်**
**COVID-19 လူနာတွေ့ရှိမှု ည (၈:၀၀)နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့် လိပ်စာ | COVID–19 ရောဂါ အတည်ပြုလူနာများနှင့် ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/ မရှိ | ဆေးကုသမှု ခံယူစေမည့် ဆေးရုံ | COVID–19 ဓာတ်ခွဲ အဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 194 | ၃၆ နှစ် | ကျား | မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | အသွားအလာ ကန့်သတ်ထားရှိသူ (အင်းစိန်မြို့နယ်) |
| 195 | ၂၄ နှစ် | ကျား | ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 196 | ၄၄ နှစ် | ကျား | သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 197 | ၃၂ နှစ် | ကျား | တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 198 | ၄၂ နှစ် | ကျား | မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |
| 199 | ၃၀ နှစ် | ကျား | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | မရှိ | ရှိ (ယူအေအီး) | ဝေဘာဂီ အထူးကုဆေးရုံကြီး | တွေ့ရှိ | |

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



**နေပြည်တော် မေ ၂၀**
နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၀၇ ဦးအား မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေ ၆ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့သည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ ရန်ကုန်မြို့ရှိ သီးခြားသတ်မှတ်ပေးထားသည့်နေရာသို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ယခင်အသုတ်များက မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူအချို့တွင် ကိုဗစ်–၁၉ ရောဂါပိုး အတည်ပြုလူနာများ တွေ့ရှိရသဖြင့် ယနေ့မလေးရှားမှ ပြန်လည်ဆိုက်ရောက်လာမည့်သူများအား သတ်မှတ်အသွားအလာကန့်သတ်စောင့်ကြပ်ကြည့်ရှုမှုခံယူမည့် နေရာ/ဟိုတယ်များသို့ ရောက်ရှိချိန်တွင် ကျန်းမာရေးစိစစ်မှုများနှင့် ကိုဗစ်–၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးမှုများကို စနစ်တကျ ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်းရှိ IDP စခန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် မေ ၂၀**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**ထောက်ပံ့**

ထိုကဲ့သို့ ဆောင်ရွက်ရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်ရှိ လီဆူနှစ်ခြင်းဘော်ဒါ၊ AD 2000 နှင့် မိုးကောင်းမြို့နယ်ရှိ ကျွန်းတော IDP စခန်း စုစုပေါင်း သုံးခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၆၉၈ ဘူး၊ ဆပ်ပြာခဲ၊ ထုံးအိတ် ၃၀ နှင့် အပူချိန်တိုင်းကိရိယာ သုံးခု၊ လက်ဆေးစင် ခြောက်ခု၊ အဝတ်နှာခေါင်းစည်း ၃၆၁၆ ခု၊ လက်ကိုင်စပီကာနှစ်ခုနှင့် ကိုဗစ်–၁၉ ရောဂါ အသိပညာပေးအသံဖိုင် ထည့်သွင်းထားသော Memory Stick နှစ်ခုတို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ ပန်ကူ IDP စခန်းသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၂၇၂ ခု၊ လက်သန့်ဆေးရည်ဘူး ၂၁၀ နှင့် ဗီနိုင်း လေးချပ်တို့အား ထောက်ပံ့ခဲ့သည်။

**ဆောင်ရွက်လျက်ရှိ**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အစိုးရကိုယ်စားလှယ်များနှင့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

# ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးနှင့်သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများထံ ပေးအပ်သွားနိုင်ရန် စီစဉ်လျက်ရှိ

**ရန်ကုန် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

ယနေ့ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့ ဒုတိယခေါင်းဆောင် စောမြရာဇာလင်း ဦးဆောင်သည့် ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။



အစည်းအဝေးတွင် ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး NCA-S EAO ၁၀ ဖွဲ့နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက် (၇)ချက်ကို အခြေခံ၍ ALP နှင့် ဆက်လက်ဆွေးနွေးခဲ့ကြသည်။

ယနေ့ဆွေးနွေးမှုများနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေက "ဒီနေ့ အစိုးရရဲ့ ကိုဗစ်-၁၉ ညှိနှိုင်းပူးပေါင်းရေးကော်မတီ အနေနဲ့ ALP နဲ့ ကိုဗစ်-၁၉ ကိစ္စဆိုင်ရာတွေကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတဲ့အရာကို ဆွေးနွေးခဲ့ပါတယ်။ ALP က မေ ၈ ရက်က NCA-S EAO ၁၀ ဖွဲ့နဲ့ ဆွေးနွေးစဉ်ကလည်း ပါဝင်ခဲ့တယ်။ ဒီနေ့မှာ အဲဒီအချိန်က သဘောတူဆွေးနွေးခဲ့တဲ့အချက်တွေကို အခြေခံပြီးတော့ပဲ ဆွေးနွေးခဲ့ပါတယ်။ နောက်ရက်တွေမှာလည်း ကိုဗစ်-၁၉ နဲ့သက်ဆိုင်တဲ့ ကိစ္စတွေကို လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရော၊ လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့တွေရော ဆက်လက်ဆွေးနွေးနိုင်ဖို့ ပြင်ဆင်နေပါတယ်။ ကော်မတီအနေနဲ့ ကတော့ အခုလာမယ့်ရက်သတ္တပတ်အတွင်းမှာ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနဲ့ဆိုင်တဲ့ အထောက်အကူပြုပစ္စည်းတွေကို NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိတဲ့ အဖွဲ့တွေကိုရော ပေးဖို့ ပြင်ဆင်နေပါတယ်။ ဒီအကြောင်းအရာတွေနဲ့ပတ်သက်ပြီးတော့ ALP ကိုလည်း ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦးတို့က ရှင်းပြခဲ့တာရှိပါတယ်" ဟု ပြောသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၂၂ ရက်တွင် NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် ကရင်အမျိုးသားတိုးတက်ရေးပါတီ(KNPP)နှင့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကော်မတီသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ်(Nationwide Ceasefire Agreement-NCA)လက်မှတ်ရေးထိုးထားသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်သက်ဆိုင်သည့် အထောက်အကူပြုပစ္စည်းများကို လာမည့်ရက်သတ္တပတ်အတွင်း ပေးအပ်သွားနိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်၊ ဓာတ်ပုံ-ဖိုးထောင်**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေး ကော်မတီဥက္ကဋ္ဌနှင့် ICRC ၏ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်တို့ တွေ့ဆုံ

**ရန်ကုန် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် ကော်မတီဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင်အကြံပေးအဖွဲ့ဝင်များနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)၏ မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် Mr. Stephan Sakalian တို့သည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်း-ညွန့်ကိုကို၊ ဓာတ်ပုံ-ဖိုးထောင်**



## အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာနနှင့် ကိုဗစ်-၁၉ ကာလအတွင်း မိုင်းအန္တရာယ် အသိပညာပေးမှုအတွက် Video Conferencing တွင် ပါဝင်တက်ရောက်



**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်ထွန်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ၊ အာဆီယံဒေသတွင်း မိုင်းရှင်းလင်းရေးဗဟိုဌာန(ARMAC)မှ ဦးစီးကျင်းပသည့် Explosive Ordnance Risk Education (EORE) in ASEAN in a Time of Pandemic (Regional Webinar)အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံဒေသတွင်းမိုင်းရှင်းလင်းရေးဗဟိုဌာန (ASEAN Regional Mine Action Center) မှ Mr. Ly Panharith (Executive Director, ARMAC)၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ HALO Trust (ကမ္ဘောဒီးယား)၊ HI (လာအို)၊ ICRC/ Myanmar Red Cross Society၊ UNDP (ဗီယက်နမ်)၊ MAG (ဗီယက်နမ်)၊ UNICEF ၊ MAG နှင့် ARMAC မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် အဆင့်မြင့်အရာရှိကြီးများက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ တားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးအတွက် နိုင်ငံအလိုက်ဆောင်ရွက်လျက်ရှိသည့်အစီအမံများ၊ ကိုဗစ်-၁၉ ကာလအတွင်း မိုင်းအန္တရာယ်အသိပညာပေး (MRE)လုပ်ငန်းများကို မည်သို့ဆောင်ရွက်သွားမည်ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးရာတွင် မြန်မာအစိုးရက မည်သူတစ်ဦးတစ်ယောက်မှ မကျန်ရစ်စေသောမူကို ကျင့်သုံးဆောင်ရွက်နေသော အစီအမံများ၊ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်နေမှုနှင့် မိုင်းအန္တရာယ်ကင်းရှင်းရေးလှုပ်ရှားမှုဆိုင်ရာလုပ်ငန်းအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို ထည့်သွင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရောနဒီရေပေးဝေရေးသမဝါယမအသင်းမှ ဒေသခံပြည်သူများသို့ ရေပေးဝေနေမှုအား ဝန်ဆောင်မှုပေးလျက်ရှိ

**နေပြည်တော် မေ ၂၀**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ စမ်းချောင်းရပ်ကွက်မှ ရောနဒီရေပေးဝေရေး သမဝါယမအသင်းသည် ကိုဗစ်-၁၉ ကာလအတွင်းဒေသခံပြည်သူများသုံးစွဲမည့်ရေ အဆင်ပြေစေရေးအတွက် အိမ်ခြေ ၂၀၀၀ ဝန်းကျင်ရှိ ရေတိုင် ၂၃၃ တိုင်အား တစ်တိုင်လျှင် ရေပေးဝေချိန် တစ်နာရီကြာမြင့်ပြီး တစ်လလျှင် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် လည်းကောင်း၊ လက်တွန်းရေစည် တစ်စည်လျှင် ငွေကျပ် ၃၀၀ နှုန်းဖြင့် လည်းကောင်း၊ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ နေ့စဉ် မြစ်ရေတင် ရေပေးဝေဝန်ဆောင်မှုပေးလျက်ရှိပြီး ကျန်းမာရေးနှင့် ညီညွတ်စွာစနစ်တကျ ဖြန့်ဖြူးပေးမှု ရှိ/မရှိကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနနှင့် တိုင်းအသင်းစုချုပ်တို့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# မေ ၂၀ ရက်တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ခြောက်ဦး ထပ်တိုး၊ ၎င်းတို့အားလုံးမှာ ယူအေအီးနိုင်ငံမှ ပြန်လာသူများဖြစ်

**နေပြည်တော်　မေ　၂၀**
ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ လူနာခြောက်ဦး ထပ်တိုးလာသဖြင့် စုစုပေါင်း ပိုးတွေ့လူနာ ၁၉၉ ဦးအထိ ရှိသွားပြီဖြစ်ကြောင်းနှင့် ထပ်တိုးလူနာ ခြောက်ဦးမှာ ယူအေအီးနိုင်ငံမှ ပြန်လာသူများဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ယနေ့ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးရှိသူ ခြောက်ဦးမှာ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ ပန်းဘဲတန်းမြို့နယ်၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် အင်းစိန်မြို့နယ်တို့မှဖြစ်ကြောင်း သိရသည်။

ပိုးတွေ့လူနာ ၁၉၉ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့သူ စုစုပေါင်း ၁၀၈ ဦး၊ ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၉၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။　**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၅၈၃၈ | ၁၉၉ |
| **ရောဂါပိုးကင်းစင်လာသူ** | **သေဆုံးသူ** |
| ၁၀၈ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၄၅၉

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၉၈ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| | စုစုပေါင်း | ၁၉၉ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန　၂၀-၅-၂၀၂၀ ရက် ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၅၇၃၀၇၃ | ၃၆၁၂၅၀ | ၉၃၆၅၃ |
| ရုရှား | ၃၀၈၇၀၅ | ၈၅၃၉၂ | ၂၉၇၂ |
| စပိန် | ၂၇၈၈၀၃ | ၁၉၆၉၅၈ | ၂၇၇၇၈ |
| ဘရာဇီး | ၂၇၁၈၈၅ | ၁၀၆၇၉၄ | ၁၇၉၈၃ |
| ဗြိတိန် | ၂၄၈၈၁၈ | စိစစ်ဆဲ | ၃၅၃၄၁ |
| အီတလီ | ၂၂၆၆၉၉ | ၁၂၉၄၀၁ | ၃၂၁၆၉ |
| ပြင်သစ် | ၁၈၀၈၀၉ | ၆၂၅၆၃ | ၂၈၀၂၂ |
| ဂျာမနီ | ၁၇၇၉၈၉ | ၁၅၆၉၀၀ | ၈၂၀၉ |
| တူရကီ | ၁၅၁၆၁၅ | ၁၁၂၈၉၅ | ၄၁၉၉ |
| အီရန် | ၁၂၆၉၄၉ | ၉၈၈၀၈ | ၇၁၈၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၉၃၆၄ | ၁၀၃၆၅ | ၂၂ |
| အင်ဒိုနီးရှား | ၁၉၁၈၉ | ၄၅၇၅ | ၁၂၄၂ |
| ဖိလစ်ပိုင် | ၁၃၂၂၁ | ၂၉၃၂ | ၈၄၂ |
| မလေးရှား | ၇၀၀၉ | ၅၇၀၆ | ၁၁၄ |
| ထိုင်း | ၃၀၃၄ | ၂၈၈၈ | ၅၆ |
| ဗီယက်နမ် | ၃၂၄ | ၂၆၃ | ၀ |
| မြန်မာ | ၁၉၉ | ၁၀၈ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# ချင်းရွှေဟော်မှ နေရပ်ပြန်ပြည်သူ ၄၀၀ အား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော်　မေ　၂၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပြန့်ပွားမှုမဖြစ်ပွားစေရေးတို့အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်မှဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အသီးသီးတွင် ကန့်သတ်စောင့်ကြည့်ကာ ကျန်းမာရေးစစ်ဆေးမှုများ စနစ်တကျ ခံယူနိုင်စေရန် နေရပ်ပြန်ပြည်သူ ၄၀၀ အား သက်ဆိုင်ရာဒေသများသို့ ယနေ့နံနက် ၁၀ နာရီက ထပ်မံလွှဲပြောင်းပို့ဆောင်ခဲ့သည်။



ချင်းရွှေဟော်မြို့မှ ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၄၀၀ မှာ အမျိုးသား ၂၂၉ ဦး၊ အမျိုးသမီး ၁၇၁ ဦးတို့ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးမှ သုံးဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၈၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၆၁ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၁၇ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၂၉ ဦး၊ ကချင်ပြည်နယ်မှ ၆၅ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ်မှ ၃၃ ဦးနှင့် နေပြည်တော်မှ ငါးဦးတို့ဖြစ်ကြောင်း သိရသည်။

အဆိုပါ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၃၈၆၂ ဦးနှင့် အမျိုးသမီး ၂၇၇၁ ဦးတို့ဖြစ်ပြီး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၆၆၃၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။　**ဇင်ဇင်(ပြန်/ဆက်)**



# ဝေဘာဂီအထူးကုဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော်　မေ　၂၀**
ဝေဘာဂီအထူးကုဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ ကုသရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရန် မေမြို့ T.H.S ကျောင်းသားဟောင်းများက ငွေကျပ် ၅၂ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀ ကို မေ ၁၈ ရက်က ပေးအပ်လှူဒါန်းရာ ဝေဘာဂီအထူးကုဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာအေးအေးအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။　**မောင်မောင်မျိုး**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော်   မေ   ၂၀**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၁၅ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၆၅ မြို့နယ်ရှိ နေရာ ၁၅၅ နေရာတွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၄၉ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ၃၃ ကီလိုဂရမ်၊ ရေ ၁၀၉၂၀ ဂါလန် သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**




ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁) တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် လယ်ဝေးမြို့ အထက(၁) မြို့မကျောင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် ဟားခါးမြို့နယ် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နေရပ်ပြန်ပြည်သူများထားရှိမည့် မန္တလာဒီဂရီကောလိပ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ကျောင်းသား ကျောင်းသူတွေအနေနဲ့ ငယ်ရွယ်စဉ်အချိန်မှာ ကိုယ့်ရဲ့ဆန္ဒကို မထိန်းနိုင်ခဲ့ဘဲ တစ်ခုခုဖြစ်ခဲ့ရင် သူတို့အတွက် ဘယ်လိုဆိုးကျိုးတွေ ဖြစ်နိုင်တယ်၊ ဒါတွေကို တားဆီးနိုင်မယ်ဆိုရင်၊ ရှောင်ကြဉ်နိုင်မယ်ဆိုရင် ဘယ်လိုကောင်းကျိုးတွေ ဖြစ်နိုင်တယ်ဆိုတဲ့အသိတွေရနိုင်ဖို့ ရည်ရွယ်ပြီး ပေးထားတဲ့သင်ခန်းစာလို့ ကျွန်တော်သိရပါတယ်။

**ဒေါက်တာဇော်လတ်ထွန်း(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန)**

ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို အခြေခံပညာတွင် Grade–1 မှစတင်၍ သင်ရိုး၌ ထည့်သွင်းသင်ကြားပေးလျက်ရှိပြီး အသက်အရွယ်နှင့် အတန်းအလိုက် ကိုက်ညီသည့် သဘောသဘာဝများကို သင်ကြားပေးခြင်း ဖြစ်ကြောင်း၊ ဒသမတန်းဘဝတွက်တာ ကျွမ်းကျင်စရာဘာသာရပ်၌ ဆယ်ကျော်သက် အရွယ်တွင် မျိုးဆက်ပွားကျန်းမာရေးနှင့် ဆယ်ကျော်သက်အရွယ်များ ပေါင်းသင်းဆက်ဆံရေးဆိုင်ရာများကို သိရှိစေရန် ထည့်သွင်း သင်ကြားပေးခြင်းဖြစ်ကြောင်း ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သိရသည်။

**UNICEF ရဲ့ ပံ့ပိုးမှု**

"ဒီသင်ခန်းစာက အခုမှ ထည့်သွင်းထားတာ မဟုတ်ပါဘူး။ ၂၀၁၃ခုနှစ် မတိုင်ခင် ဘဝတွက်တာကျွမ်းကျင်စရာ သင်ရိုးစာအုပ်ကို အခြေခံပညာကျောင်းတွေမှာ သင်ဖို့အတွက် UNICEF ရဲ့ ပံ့ပိုးမှုနဲ့ ပြုစုခဲ့တာဖြစ်ပါတယ်။ ဒီစာအုပ်ထဲမှာ ဒီသင်ခန်းစာက ပါပြီးသားဖြစ်ပါတယ်။ အဓိကကတော့ UNICEF ယခင်ရေးသားခဲ့တဲ့ စာအုပ်ထဲမှာ ပါတဲ့ အကြောင်းအရာတွေကိုပဲ အခြေခံပြီး ရေးသားတာဖြစ်ပါတယ်။ ဒသမတန်းကတော့ အရွယ်ရောက်ပြီဖြစ်တဲ့အတွက် သူတို့ရဲ့ကိုယ်ခန္ဓာ၊ သူတို့ရဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေ သိသင့်တဲ့ဗဟုသုတတွေကို ပေးတဲ့သဘော ဖြစ်ပါတယ်"ဟု ပညာရေးသုတေသန၊ စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက ပြောသည်။

"ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်မှာ အပျိုဖော်ဝင်စကျန်းမာရေးသာမကဘဲ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုကျန်းမာအောင် နေထိုင်ရမယ်။ မူးယစ်ဆေးဝါးအန္တရာယ်ကင်းဝေးအောင် ဘယ်လိုနေထိုင်ရမယ်။ ဘဝအတွက် အသုံးကျနိုင်မယ့် စွမ်းရည်တွေကို သင်ကြားပေးတာဖြစ်ပါတယ်။ အကြမ်းအားဖြင့် ဒီလိုပြောလို့ရပါတယ်။ အခု အွန်လိုင်းပေါ်မှာ တွေ့ရတာကတော့ သင်ခန်းစာလေးတစ်ခုကို ဖော်ပြထားတာ ဖြစ်ပါတယ်။ ဒီသင်ခန်းစာက ၂၀၁၃ ခုနှစ်မှာ ထုတ်ခဲ့တဲ့ ဘဝတွက်တာကျွမ်းကျင်စရာ စာအုပ်ထဲမှာ ပါပြီးသားဖြစ်ပါတယ်။ ဒီသင်ခန်းစာကိုပဲ လက်ရှိအခြေအနေနဲ့ ကိုက်ညီအောင် အသုံးအနှုန်းပြောင်းထားတာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်က ထွက်ရှိတဲ့ စာအုပ်ထဲက အကြောင်းအရာကိုတွေ့ရင် ဒီထက်ပိုပြီး အံ့သြသွားပါလိမ့်မယ်" ဟု ၎င်းကဆက်လက်ပြောပြသည်။

"အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကလည်း စိစစ်တည်းဖြတ်ပေးထားပြီး ဖြစ်ပါတယ်။ သူတို့ရဲ့ အကြံပြုချက်တွေနဲ့ အခုစာအုပ်ကို ထုတ်ခဲ့တာပါ။ အဓိကကတော့ ကျောင်းသား ကျောင်းသူတွေအနေနဲ့ ငယ်ရွယ်စဉ်အချိန်မှာ ကိုယ့်ရဲ့ဆန္ဒကို မထိန်းနိုင်ခဲ့ဘဲ တစ်ခုခုဖြစ်ခဲ့ရင် သူတို့အတွက် ဘယ်လိုဆိုးကျိုးတွေ ဖြစ်နိုင်တယ်၊ ဒါတွေကို တားဆီးနိုင်မယ်ဆိုရင်၊ ရှောင်ကြဉ်နိုင်မယ်ဆိုရင် သူတို့အတွက် ဘယ်လိုကောင်းကျိုးတွေ ဖြစ်နိုင်တယ်ဆိုတဲ့ အသိတွေရနိုင်ဖို့ ရည်ရွယ်ပြီး ပေးထားတဲ့ သင်ခန်းစာလို့ ကျွန်တော် သိရပါတယ်။ ဒါကို ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်ရေးသားရေးအဖွဲ့က ပြုစုထားတာ ဖြစ်ပါတယ်။

**နားခံသာတဲ့ အနေအထား**

"ကျွန်တော်တို့က ပြုစုရေးသားပြီးတဲ့ စာအုပ်တွေကို ဆရာ ဆရာမတွေကို ပေးပြီး ချက်ချင်းသင်ကြားခိုင်းတာ မဟုတ်ပါဘူး။ ဆရာ ဆရာမတွေကို သင်တန်းပေးရပါတယ်။ အခုလက်ရှိမှာ ကိုဗစ်–၁၉ ကြောင့် သင်တန်းကို ရပ်ထားရတာ ဖြစ်ပါတယ်။ ဘာသာရပ်၊ သင်ခန်းစာတွေကို ဆရာဖြစ်စေ၊ ဆရာမဖြစ်စေ အတန်းထဲမှာ ကျောင်းသား ကျောင်းသူ ဘယ်လိုပဲရှိရှိ ကျောင်းသား ကျောင်းသူတွေ နားဝင်အောင်၊ နားထောင်လို့ရအောင်၊ သိရှိအောင် ဘယ်လိုသင်ကြားပေးရမယ်ဆိုတာကို စာအုပ်ရေးသားပြုစုတဲ့အဖွဲ့နဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းတွေက သင်တန်းမှာ သင်ကြားပေးပါတယ်။ ဒီသင်တန်းမှာ သင်ပေးတဲ့နည်းလမ်းများအတိုင်း ဆရာ ဆရာမတွေက ကျောင်းမှာ ပြန်လည်သင်ကြားပေးမှာဖြစ်ပါတယ်။ အတန်းထဲမှာ ကျောင်းသား ကျောင်းသူ နားခံသာတဲ့အနေအထားမျိုးနဲ့ သင်ကြားနိုင်အောင် ဆောင်ရွက်ပေးထားပါတယ်။ နှစ်တိုင်းကျွန်တော်တို့က ဆရာ ဆရာမတွေကို သင်တန်းပေးပြီးမှ ကျောင်းသား ကျောင်းသူတွေကို ပြန်လည်သင်ကြားပေးတာပါ။ ဒီနှစ်က သင်တန်းမပေးရသေးဘူး။ သင်တန်းမပေးရသေးခင်မှာ ဆရာ ဆရာမတွေ ကြိုတင်လေ့လာလို့ရအောင် စာအုပ်ကို အွန်လိုင်းပေါ် တင်လိုက်တဲ့အခါမှာ ဒီလိုကိစ္စ ဖြစ်သွားတာပါ။ သင်တန်းမတက်ရသေးတဲ့ ဆရာ ဆရာမတွေက စိုးရိမ်နေတာပါ" ဟု ဒေါက်တာဇော်လတ်ထွန်းက ပြောသည်။

"ဒီစာအုပ်က ၂၀၁၃ ခုနှစ်ကတည်းက တွဲဖက်သင်ရိုးအဖြစ် စတင်ပြဋ္ဌာန်းခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် စာမေးပွဲမစစ်ဘူး။ စာမေးပွဲမစစ်တဲ့အတွက် ဆရာ ဆရာမတွေကလည်း မသင်ဘူး။ ကျောင်းသားတွေကလည်း ဂရုမပြုခဲ့ဘူး။ ဒီတော့ လူတွေလည်း သိပ်မသိကြဘူး။ အခုသင်ရိုးအသစ်မှာ အားလုံးတစ်ပြေးညီ အရေးကြီးတယ်ဆိုပြီး ကျောင်းသား ကျောင်းသူတွေအနေနဲ့ ဒါတွေကို သိသင့်တဲ့အတွက် ပြန်လည်ဖော်ထုတ်တဲ့ သဘောပါ။ ယခင်ကတည်းက ဒီဘာသာရပ်၊ ဒီသင်ခန်းစာက ရှိပြီးသားဖြစ်ပါတယ်။

> **"ဒီဘာသာရပ်က မျိုးဆက်ပွားကျန်းမာရေးသာမက လူမှုရေးကျွမ်းကျင်ဖို့၊ ပြောတတ်ဆိုတတ်ဖို့၊ ကျန်းမာအောင်နေတတ်ဖို့၊ မူးယစ်ဆေးဝါးအန္တရာယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတတ်ဖို့၊ ဘေးအန္တရာယ်လျှော့ချရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာတတ်ဖို့ စတာတွေ အကုန်ပါပါတယ်။ နောက်ပြီး မိဘတွေ၊ ဆရာ ဆရာမတွေနဲ့ Test လုပ်ပြီးသား ဖြစ်"**

"ကလေးတွေအနေနဲ့ ကိုယ်ရဲ့ ကိုယ်ခန္ဓာက အပျိုဖော်ဝင်စအချိန်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမယ်။ ဒီလို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ဖို့ဆိုတဲ့နေရာမှာ ဒါလုပ်ရင်ဒီလိုဖြစ်မယ်။ ဒါကိုလုပ်ရင် ဒီလိုမဖြစ်ဘူးဆိုတဲ့ ကောင်းကျိုး၊ ဆိုးကျိုးကိုလည်း သိထားရမယ်။ အဲဒါတွေကို သိဖို့အတွက် သင်ကြားတာဖြစ်ပါတယ်။ လူတိုင်းမှာတော့ အမျိုးမျိုးမြင်ပိုင်ခွင့်ရှိပါတယ်။ ခံယူတဲ့လူအပေါ်မှာလည်း မူတည်ပါတယ်" ဟု ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်လတ်ထွန်းက ပြောသည်။

ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (သင်ရိုး) ဒေါက်တာဌေးဌေးဝင်းက "အခု လူပြောများနေတဲ့ သင်ခန်းစာကို သင်ရိုးအဖြစ် ဆောင်ရွက်ရာမှာ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ဆရာကြီး ဆရာမကြီး တွေကလည်း ကိုယ်ရဲ့ယဉ်ကျေးမှုနဲ့ ကိုက်ညီအောင် ဆောင်ရွက်ထားတာဖြစ်ပါတယ်။ မြန်မာလူမျိုးတွေရဲ့ အသိုင်းအဝိုင်းမှာဆိုရင် ကလေးကို တစ်ယောက်တည်း မထားခဲ့ဘူး။ အပြင်သွားရင်တောင် ဘေးအိမ်ကို စောင့်ရှောက်ပေးဖို့ မှာခဲ့တယ်ဆိုတာမျိုးတွေပါ အကုန်စိစစ်ထားပါတယ်။ ဇာတ်လမ်းထဲမှာဆိုရင် တစ်ယောက်နဲ့တစ်ယောက် နီးနီးကပ်ကပ်ရှိတဲ့အတွက် စိတ်လှုပ်ရှားနေပေမယ့် မိဘတွေအပ်ထားခဲ့တဲ့ အဒေါ်ကြီးက ရောက်လာတယ်။ ဘာမှမဖြစ်သွားဘူး။ တကယ်လို့ ရောက်မလာခဲ့ရင် ဘာဖြစ်သွားနိုင်လဲ။ ဖြစ်ခဲ့ရင် ဘာတွေဆက်ဖြစ်မလဲ။ မဖြစ်ခင်ကြိုတင်စဉ်းစားနိုင်အောင်လို့ ဆိုးကျိုးတွေကို ဖော်ထုတ်တတ်ဖို့ အဓိကရည်ရွယ်ချက် ဖြစ်ပါတယ် " ဟု ပြောသည်။

**သင်ရိုးပြဋ္ဌာန်း**

"ဒါမျိုး သင်ခန်းစာတွေကို အရှေ့တောင်အာရှ နိုင်ငံတော်တော်များများမှာလည်း သင်ကြားကြပါတယ်။ သူတို့ကတော့ သီးပွဲဘာသာရပ်တွေမှာ တွဲပြီးသင်ပါတယ်။ ကျွန်မတို့က UNICEF ရဲ့ ပံ့ပိုးမှုကြောင့် ၁၉၉၈ ခုနှစ်ကတည်းက ပရောဂျက်တစ်ခုအနေနဲ့ ဆောင်ရွက်တဲ့အတွက် လုပ်တဲ့မြို့နယ်တွေမှာပဲ ရောက်ရှိတာပါ။ နောက်ပိုင်းမှာ လူကြီးတွေက ဒီစာအုပ်ကို တစ်နိုင်ငံလုံးကလေးတွေ သိထားသင့်တယ်။ ကြိုတင်ကာကွယ်ဖို့လိုတယ်ဆိုပြီး သင်ရိုးဘာသာရပ်တစ်ခုအနေနဲ့ ၂၀၀၂ ခုနှစ်မှာ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သင်ရိုးတစ်ခုအနေနဲ့ ပြဋ္ဌာန်းလိုက်ပါတယ်" ဟု ဒေါက်တာဌေးဌေးဝင်းက ပြောသည်။

"ဒီဘာသာရပ်က မျိုးဆက်ပွားကျန်းမာရေးသာမက လူမှုရေးကျွမ်းကျင်ဖို့၊ ပြောတတ်ဆိုတတ်ဖို့၊ ကျန်းမာအောင်နေတတ်ဖို့၊ မူးယစ်ဆေးဝါးအန္တရာယ်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းတတ်ဖို့၊ ဘေးအန္တရာယ်လျှော့ချရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာတတ်ဖို့စတာတွေ အကုန်ပါပါတယ်။ နောက်ပြီး မိဘတွေ၊ ဆရာ ဆရာမ တွေနဲ့ Test လုပ်ပြီးသား ဖြစ်ပါတယ်။ ဒီလိုကိစ္စတွေကို ကလေးတွေက မိဘကိုလည်း မမေးရဲဘူး။ ယောကျ်ားလေးဆိုရင်လည်း အဖေကို မမေးရဲဘူး။ မိန်းကလေးတွေဆိုရင်လည်း အမေကို မမေးရဲဘူး။ ဓမ္မတာလာတဲ့အချိန်မှာ ဘယ်လိုနေထိုင်ရမယ်။ ဘယ်လို သန့်ရှင်းရေးလုပ်ရမယ်ဆိုတာမမေးရဲဘူး။ ဒီတော့ ဆရာ ဆရာမတွေက ကလေးတွေရဲ့ ကျန်းမာရေးအတွက်၊ ဘဝအတွက် တန်ဖိုးထားရမယ့်အရာဖြစ်တယ်ဆိုတာကို သင်ကြားပေးမယ်ဆိုရင် ကလေးတွေအနေနဲ့ နားထောင်တယ်။ လိုက်နာတယ်။ မိဘတွေက ဆရာဝန်ဖြစ်နေရင်တောင် ဆရာ ဆရာမတွေ သင်ပြတာကို သင်ယူကြတယ်။



ဒေါက်တာဇော်လတ်ထွန်း
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပညာရေးသုတေသန၊ စီမံကိန်းနှင့်
လေ့ကျင့်ရေးဦးစီးဌာန



ဒေါက်တာ ဌေးဌေးဝင်း
ဒုတိယညွှန်ကြားရေးမှူး (သင်ရိုး)
ပညာရေးသုတေသန၊
စီမံကိန်းနှင့်လေ့ကျင့်ရေး ဦးစီးဌာန

**စကားလုံးတစ်လုံးချင်းကအစ**

"Grade– 2 မှာဆိုရင် ကလေးကိုခေါ်ရင် လိုက်မသွားရဘူးဆိုတာ မျိုးသင်ပေးတယ်။ မျိုးဆက်ပွားကျန်းမာရေးဆိုတဲ့ ခေါင်းစဉ်အောက်မှာပဲထည့်ပြီးတော့ သင်ကြားပေးပါတယ်။ သင်ရိုးညွှန်းတမ်းရေးဆွဲရာမှာ အခြေခံပညာဆရာ ဆရာမတွေ၊ ပညာရေးတက္ကသိုလ်နဲ့ ပညာရေးကောလိပ်က ဆရာ ဆရာမတွေ၊ မူးယစ်ဗဟိုဌာနက ရဲမှူးကြီးတွေပါတယ်။ ကျန်းမာရေးသင်ခန်းစာတွေဆိုရင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသေးစိတ်ဖတ်ပြီးမှ သင်ရိုးညွှန်းတမ်းဗဟိုအဖွဲ့ကိုတင်တာပါ။ သင်ရိုးညွှန်တမ်းဗဟိုအဖွဲ့က စကားလုံးတစ်လုံးချင်းကအစ ဖတ်ပြီးတည်းဖြတ်ပါတယ်။ အားလုံးအဆင်သင့်ဖြစ်မှ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို တင်ရတယ်။ သူတို့ဆီက ခွင့်ပြုမှ စာအုပ်ထုတ်ရတာဖြစ်ပါတယ်" ဟု ၎င်းကပြောသည်။

"ထွန်းထွန်းနဲ့ ချိုချိုသင်ခန်းစာဆိုရင်လည်း အရင်သင်ရိုးအဟောင်းမှာ စိတ်လှုပ်ရှားမှုအရ တစ်ယောက်နဲ့တစ်ယောက် ပွေ့ဖက်နမ်းရှုံ့တာတွေ၊ ကျူးလွန်တာတွေ ရောက်သွားတယ်။ ကိုယ်ဝန်ရှိသွားရင် ဘယ်လိုလုပ်မလဲဆိုပြီး ပါပါတယ်။ အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက ဒီလိုအထိ သင်ကြားလို့မရဘူး။ မိန်းကလေးကို တစ်ယောက်တည်း ထားခဲ့တယ်ဆိုတာ မသင့်တော်ဘူး။ မြန်မာ့ယဉ်ကျေးမှုအရ ဒီသင်ခန်းစာကို ပြန်ပြင်ရမယ်ဆိုပြီး ပြန်လည်ပြင်ဆင်ထားတာဖြစ်ပါတယ်။ သင်ခန်းစာတွေကို သင်ကြားရာမှာလည်း တချို့သင်ခန်းစာတွေကို ကျား၊ မ ခွဲပြီး သင်ကြားမှာ ဖြစ်ပါတယ်။ အားလုံးနဲ့ သက်ဆိုင်တဲ့အပိုင်းကျရင် ခြုံပြီး ဆွေးနွေးတာရှိပါမယ်။ သဘာဝအရ ဖြစ်တတ်တဲ့ ဖြစ်ရပ်တွေကို သင်ခန်းစာပေးပြီး ကိုယ် မဖြစ်အောင် ဘယ်လို ကာကွယ်မလဲဆိုတာကို အသိပညာပေးတဲ့သဘော ဖြစ်ပါတယ်။

"ဒီဘာသာရပ်က အလွတ်ကျက်ဖြေတဲ့ ဘာသာရပ်မဟုတ်ဘဲ သူတို့ဘဝမှာ တွေ့ကြုံလာရင် ဘယ်လိုကာကွယ်ရမလဲဆိုတာ အသုံးချဖို့ သင်ကြားပေးတာဖြစ်ပါတယ်။ ဒါပေမယ့် ကလေးတွေရဲ့ ပြုမူနေထိုင်မှုတွေအပေါ်မှာမူတည်ပြီး ဆရာ ဆရာမတွေကို အမှတ်ပေးသွားခိုင်းမယ်။ မူလတန်းမှာတော့ ဒီလိုရေးဆွဲထားပါတယ်။ သူ့အဆင့်နဲ့ အသက်အရွယ်အလိုက် Grade–1 ကနေ Grade–11 အထိ ပါပါတယ်။ အာဆီယံနိုင်ငံတွေမှာဆို Sex Education နဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်ကို သင်ပေးကြတယ်။ ကျွန်မတို့နိုင်ငံမှာတော့ ယဉ်ကျေးမှုအရ ထဲထဲဝင်ဝင် မသင်ပါဘူး။

**ယှဉ်တွဲပြီးကြည့်**

"ကျောင်းသားမိဘတွေအနေနဲ့ စိုးရိမ်ပူပန်မှုဖြစ်တယ်ဆိုတာ ကျောင်းသုံးစာအုပ်နဲ့ ဆရာလမ်းညွှန်စာအုပ် တွဲမကြည့်ရသေးလို့ပါ။ ဒီလိုယှဉ်တွဲပြီး ကြည့်လိုက်ရင် သင်ကြားရတဲ့ ရည်ရွယ်ချက်ကို သိနိုင်ပါတယ်။ ကိုယ့်ရဲ့ ကလေးကို ငယ်ငယ်ရွယ်ရွယ်နဲ့ လမ်းမှားရောက်မသွားအောင် ဘယ်လိုကာကွယ်ရမလဲ ဆိုတာကို သင်ကြားပေးတာလို့ သိသွားရင် စိုးရိမ်ပူပန်မှုတွေ ရှိတော့မှာ မဟုတ်ပါဘူး" ဟု ဒေါက်တာဌေးဌေးဝင်းက ဆက်ပြောသည်။

ဒသမတန်း ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ်တွင် ဆယ်ကျော်သက်အရွယ် သတိထားဖွယ် ခေါင်းစဉ်အောက်၌ မျိုးဆက်ပွား ကျန်းမာရေးနှင့် ဆယ်ကျော်သက် အရွယ်များ ပေါင်းသင်းဆက်ဆံရေးအပိုင်းတွင် "မှန်မှန်ကန်ကန်သိနိုင်ဖို့လိုတယ်" သင်ခန်းစာတွင် မျိုးဆက်ပွားကျန်းမာရေးအကြောင်း မှန်ကန်သည့် သတင်းအချက်အလက်များ၊ မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ မေးခွန်းများ၊ "ကိုယ်ဝန်ဆောင်တယ်ဆိုတာ" သင်ခန်းစာတွင် သန္ဓေတည်ခြင်းမှစ၍ မွေးဖွားလာသည်အထိ ကလေးငယ်၏ ဖွံ့ဖြိုးကြီးထွားပုံအဆင့်များ၊ ကိုယ်ဝန်ရှိခြင်း၏ လက္ခဏာများ၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူခြင်း၊ အန္တရာယ်ဖြစ်စေသောအရာများ၊ လိင်မှတစ်ဆင့် ကူးစက်တတ်သော ရောဂါကြောင့် မိခင်နှင့်သန္ဓေသားကို ထိခိုက်နိုင်ပုံ၊ ကိုယ်ဝန်ရှိခြင်းကြောင့် တွေ့ကြုံနိုင်သော အန္တရာယ်များ၊ "ဒီတာဝန်တွေ ယူနိုင်ပီလား" သင်ခန်းစာတွင် အုပ်စုလိုက် ဆွေးနွေးရမည့် မေးခွန်းများ၊ စဉ်းစားသင့်သော အချက်များ၊ "ဒီလိုမဖြစ်ရအောင်" သင်ခန်းစာတွင် မလိုလားအပ်သော ကိုယ်ဝန်ဆောင်ခြင်းမှ ကာကွယ်ခြင်း၊ လိင်ကိစ္စကိုရှောင်ကြဉ်ခြင်း၊ မူးယစ်ဆေးဝါးနှင့် အရက်ကိုရှောင်ကြဉ်ခြင်း၊ သားဆက်ခြားနည်းလမ်းများကို အသုံးပြုခြင်းများ စသည့်အကြောင်းအရာများ ပါဝင်ကြောင်း သိရသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်၊ မျိုးသူဟိန်း**
**ဓာတ်ပုံ–ဟိန်းမင်းစိုး**

## ကိုဗစ်-၁၉ ရောဂါ အပါအဝင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး မေ ၂၀**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ယနေ့ နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ အပါအဝင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ကိုဗစ်-၁၉နှင့်အတူ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အခက်အခဲများလည်း ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်၍ သဘာဝဘေး မဖြစ်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဖြစ်ပွားနေစဉ် ရှာဖွေကယ်ဆယ်ရေးနှင့် နေရာချထားပေးရေး လုပ်ငန်းစဉ်များနှင့် ဖြစ်ပွားပြီး ပြန်လည်ထူထောင်ရေးနှင့် အလုပ်အကိုင်ရှာဖွေပေးခြင်းတို့ကို ကြိုတင်တွက်ဆ ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိုးကြိုးဘေး၊ လေဘေးတို့အတွက် ဖြစ်ပွားမှုများသော ဒေသများအတွင်း အသိပေးဆိုင်းဘုတ်များ၊ အသိပညာပေးခြင်းများ ဆောင်ရွက်ထားကြရန်လိုအပ်ကြောင်း၊ သစ်တောသစ်ပင်ပြုန်းတီးမှု ကာကွယ်ရေး၊ ပြန်လည်စိုက်ပျိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ပြီး ကျေးရွာများ၌လည်း ကျေးရွာထင်းစိုက်ခင်းများအပြင် ပျိုးဥယျာဉ်များ ထူထောင်ရန်လိုအပ်ကြောင်း၊ သဘာဝဘေးကာလတွင် ငွေကြေးသုံးစွဲမှု ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ စနစ်တကျ သုံးစွဲသွားရန်နှင့် လုံခြုံရေးစီမံချက်များ ပြန်လည်ရေးဆွဲထားရန်တို့အား လမ်းညွှန်မှာကြားသည်။

**တင်စိုး(ပဲခူး)**





## ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ကျောက်ကပ်သန့်စင်စက်နှစ်လုံးဝယ်ယူရန် ထောက်ပံ့ငွေပေးအပ်

**လွိုင်ကော် မေ ၂၀**

ကယားပြည်နယ်အတွင်းရှိ ကျောက်ကပ်ဝေဒနာရှင်များ ကျောက်ကပ်ကုသနိုင်ရေးအတွက် ကယားပြည်နယ်အစိုးရအဖွဲ့မှ ကျောက်ကပ်သန့်စင်စက်နှစ်လုံးဝယ်ယူနိုင်ရန် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးသို့ ယမန်နေ့ ညနေပိုင်းက ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေကို ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး ဒေါက်တာ အောင်ကျော်ငွေ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က လွိုင်ကော်ပြည်သူ့ ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက် နှစ်လုံး ဝယ်ယူနိုင်ရန် ပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာ ငွေးလွင်နှင့် လွိုင်ကော် ပြည်သူ့ဆေးရုံကြီး ဒုတိယဆေးရုံအုပ် ဒေါက်တာမြတ်မြတ်မိုးတို့ထံ ထောက်ပံ့ငွေကျပ်သိန်း ၃၁၀ ပေးအပ်ခဲ့သည်။

လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ် သန့်စင်စက် ငါးလုံးရှိပြီး စက်တစ်လုံးသည် တစ်ရက်လျှင် နှစ်ကြိမ်သာ ကျောက်ကပ်ဆေးကြောနိုင်ရာ စက်ငါးလုံးဖြင့်ဆောင်ရွက်ပါက တစ်ရက်လျှင် လူနာ ၁၀ ဦးသာဆေးကြောနိုင်ကြောင်း၊ ကျောက်ကပ် ဝေဒနာရှင်လူနာတစ်ဦးအနေဖြင့် တစ်လလျှင် ရှစ်ကြိမ်အထိ ကျောက်ကပ်ဆေးကြောခြင်း ဆောင်ရွက်ရကြောင်း၊ ကယားပြည်နယ်အစိုးရအဖွဲ့မှ ယခု ထောက်ပံ့ပေးသည့် ကျောက်ကပ်ဆေးကြောစက်နှစ်လုံးဖြင့် ထပ်မံဆောင်ရွက်ပါက တစ်ရက်လျှင် လူနာ ၁၄ ဦးအထိ ဆေးကြောသန့်စင် ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ အခြားအလှူရှင်တစ်ဦးကလည်း ကျောက်ကပ်သန့်စင်စက်တစ်လုံးကို လာရောက်လှူဒါန်းထားကြောင်း၊ ယခု လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက် ရှစ်လုံးရှိလာပြီး ပြည်သူများအနေနှင့် ကျောက်ကပ်ဆေးကြောခြင်းဆောင်ရွက်ရာတွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ သွားရောက်ဆေးကြောရန်မလိုဘဲ လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ပင် ကျောက်ကပ်ဆေးကြောနိုင်မည်ဖြစ်ကြောင်း ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးထံမှ သိရသည်။

**ထွန်းလေး (ပြန်/ဆက်)**

## ပြည်သူများ ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရေး မဟာအောင်မြေမြို့နယ်အတွင်း ထရန်စဖော်မာတိုးချဲ့တပ်ဆင်

**မန္တလေး မေ ၂၀**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက မန္တလေးခရိုင်အတွင်း ပြည်သူများ လျှပ်စစ်ဓာတ်အားဗို့အားပြည့်သုံးစွဲနိုင်ရေးနှင့် နွေရာသီလျှပ်စစ်ဓာတ်အားသုံးစွဲမှုများပြားချိန် ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးအတွက် မန္တလေးခရိုင် လျှပ်စစ်မန်နေဂျာရုံးမှ ကြီးကြပ်၍ မဟာအောင်မြေမြို့နယ် ၅၃ လမ်းနှင့် ၄၃ လမ်းထောင့် ရဲမွန်တောင်ရပ်ကွက်တွင် မေ ၁၈ ရက်က 315 KVA နှင့် System improvement အဖြစ် 200 KVA ထရန်စဖော်မာကို မဟာအောင်မြေမြို့နယ် လျှပ်စစ်အင်ဂျင်နီယာနှင့် လုပ်သားများက တပ်ဆင်ပြီး ဓာတ်အားလွှတ်ခြင်းများဆောင်ရွက်ပေးခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

## နေပြည်တော်အတွင်းရှိ စေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချ

**နေပြည်တော် မေ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန နေပြည်တော်လူမှုဝန်ထမ်းဦးစီးဌာနက နေပြည်တော်အတွင်းရှိစေတနာ့ဝန်ထမ်းများအား ဆင့်ပွားသင်တန်းဖွင့်လှစ်ပို့ချခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာနက ဖွင့်လှစ်သည့် ရင်သွေးရတနာ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

နေပြည်တော်ကောင်စီဝင် ဦးအောင်မြင့်ထွန်းက ကိုဗစ်-၁၉ ရောဂါသည် ကူးစက်မြန်ရောဂါတစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါဖြစ်ပွားပျံ့နှံ့မှု မရှိစေရေးအတွက် သတ်မှတ်ထားသည့် ကန့်သတ်စောင့်ကြည့်စခန်းများတွင် ၂၁ ရက် အသွားအလာကန့်သတ်ပြီး စောင့်ကြပ်ကြည့်ရှုထားရှိကြောင်း၊ သက်ဆိုင်ရာဒေသအလိုက် ကန့်သတ်စောင့်ကြည့်စခန်းများတွင် စေတနာ့ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်သူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါတုံ့ပြန်ဆောင်ရွက် အကူအညီပေးရေးလုပ်ငန်းစဉ်များတွင် စနစ်ကျသော ဝန်ဆောင်မှုများပေးရန် လိုအပ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းအဖြစ် ဆောင်ရွက်မည့်သူများသည် ကန့်သတ်စောင့်ကြည့်စခန်း၏ လုပ်ငန်းစဉ်များတွင် မိမိ၏ကျွမ်းကျင်မှုအလိုက် ပါဝင်ဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် မိမိတို့၏ ကျရာအခန်းကဏ္ဍ၊ တာဝန်နှင့် ကန့်သတ်စောင့်ကြည့်စခန်းတွင် လိုက်နာရမည့် စည်းကမ်းများကို သိရှိလိုက်နာကြပါရန်နှင့် မိမိတို့၏ အချိန်၊ လုပ်အား၊ ကျွမ်းကျင်မှု၊ အကြံဉာဏ်များကို အခကြေးငွေမယူဘဲ မိမိတို့၏ဆန္ဒအရ အများကောင်းကျိုးကို ကျရာကဏ္ဍလုပ်ငန်းခွင်များတွင် စနစ်ကျစွာ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးစေလိုကြောင်း ပြောသည်။



**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## မကွေးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နှာခေါင်းစည်းကမ်ပိန်းပြုလုပ်

**မကွေး မေ ၂၀**

ကားမောင်းကြသူများအဖွဲ့၊ မကွေးမြို့မှ ယာဉ်ထိန်းတပ်ဖွဲ့၊ ရဲတပ်ဖွဲ့နှင့် မကွေးမြို့မှ ပရဟိတအဖွဲ့တို့ပူးပေါင်း၍ မကွေးမြို့တွင် ယမန်နေ့ နံနက်ပိုင်းက မကွေးမြို့နတ်မောက်လမ်း ဆီဆိုင်အနီးတွင် နှာခေါင်းစည်း ၂၅၀၀ ကျော်ခန့်အား အခမဲ့ဖြန့်ဝေပေးခဲ့သည်။

"ကားမောင်းကြသူများအဖွဲ့၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့က နှာခေါင်းစည်း အခု ၁၅၀၀၊ ကျွန်တော်တို့ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေး ပရဟိတကွန်ရက်(မကွေး) က နှာခေါင်းစည်း အခု ၁၀၀၀ စုစုပေါင်း ၂၅၀၀ ကို မကွေးနတ်မောက်လိုင်းကား၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်တွေပေါ်က ခရီးသည်တွေကိုအခမဲ့ဖြန့်ဝေပေးပါတယ်။ ဒါကိုကျွန်တော်တို့က အသိပညာပေးရပါတယ်။ နှာခေါင်းစည်းမပါရင် အပြင်မထွက်ရလို့ပြောရတယ်။ ဆပ်ပြာရည်နဲ့လက်ကို စနစ်တကျ လက်ဆေးဖို့ ပညာပေးဟောပြောပါတယ်။ အပူချိန်တိုင်းတာခြင်းများလည်းဆောင်ရွက်ပေးပါတယ်။ ဌာနဆိုင်ရာများ၊ ပရဟိတများ၊ တာဝန်ရှိကော်မတီများပူးပေါင်းပြီး ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်"ဟု ပရဟိတကွန်ရက်(မကွေး)မှ ဦးကိုကိုနိုင်က ပြောသည်။

**ဝင်းမောင်(မကွေး)**

## မြစ်သားမြို့၌ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံ



**မြစ်သား မေ ၂၀**

မြစ်သားမြို့နယ်၌ ကိုဗစ်-၁၉ ကာလအတွင်း ရပ်နားထားသည့် ပုံမှန်ကာကွယ်ဆေးထိုးခြင်းအစီအစဉ်ကို ယနေ့ နံနက် ၉ နာရီမှစတင်ကာ ပြန်လည်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပုံမှန်ကာကွယ်ဆေးအား မြစ်သားမြို့ပေါ်ရှိ မွေးကင်းစမှ အသက် တစ်နှစ်ခွဲထိ ကလေးငယ် ၄၄ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင်ရှစ်ဦးအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေခြင်း၊ တစ်ဦးနှင့်တစ်ဦး သုံးပေအကွာတွင် ခုံများဖြင့် စောင့်ဆိုင်းစေခြင်းနှင့် တစ်ကြိမ်လျှင် ၅ဝသာထိုးနှံပေးမည်ဖြစ်ကြောင်းနှင့် ကြာသပတေးနေ့တိုင်းတွင်လည်း ဆေးရုံအခြေပြုကာကွယ်ဆေးထိုးနှံပေးလျက်ရှိကြောင်း မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာ နေခြည်သိန်းဝင်းက ပြောသည်။

**ဆုမွန်(ပြန်/ဆက်)**

## ထီးချိုင့်မြို့နယ်၌ ရော်ဘာစိုက်ခင်းများ ပိုးမွှားမကျရောက်စေရေး ကြိုတင်ဆောင်ရွက်



**ထီးချိုင့် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ရော်ဘာစိုက်ခင်းများသို့ Pestalotiopsis app မှိုရောဂါကြောင့်ဖြစ်ပွားသည့် ရော်ဘာရွက်ကြွေရောဂါနှင့် အခြားသောပိုးမွှားမကျရောက်စေရေးအတွက် ကြိုတင်ကင်းထောက်လုပ်ငန်းများကို ကျောက်အိုက်ကျေးရွာနှင့် အလယ်တောကျေးရွာတို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မှိုရောဂါကျရောက်ခြင်းလုံးဝမရှိကြောင်း ထီးချိုင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါ်လှိုင်လှိုင်မွန် (သီးနှံကာကွယ်ရေးတာဝန်ခံ)က စစ်ဆေးတွေ့ရှိပြီး အစေးခြစ်ရော်ဘာစိုက်ခင်းများတွင် မကြာမီ မိုးရာသီကာလ အစေးမခြစ်မီ အစေးကြောများ၌ ကျရောက်တတ်သော မှိုရောဂါများကြိုတင်ကာကွယ်နိုင်ရန် မိုးမကျမီ ရော်ဘာပင်စည်အခြေမှ သုံးပေခန့်အထိကို ဘော်ဒိုဆေးရည် (Bordeaux Mixture)သုတ်လိမ်းခြင်း၊ ဖျော်စပ်နိုင်သောအချိုးအစားများအား လက်တွေ့သရုပ်ပြသပေးခြင်း၊ အရွက်၌ကျရောက်တတ်သော မှိုရောဂါများကာကွယ်နိုင်ရန် ကန့်မှုန်းတိုက်ခြင်းတို့ကို နည်းပညာပေးခြင်းနှင့် နှစ်ရှည်ရော်ဘာပင်များ မှိုရောဂါကြိုတင်ကာကွယ်ရေး နည်းပညာပေးလက်ကမ်းစာဆောင်များအား ရော်ဘာစိုက်တောင်သူများသို့ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**



## ရေနံမြေကျေးရွာအရောက် သောက်သုံးရေ ဂါလန် ၅၀၀၀ လှူဒါန်း

**သရက် မေ ၂၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတောက်ပင်ကျေးရွာအုပ်စု ရေနံမြေကျေးရွာနေ ပြည်သူများ နွေရာသီကာလသောက်သုံးရေဖူလုံစေရေးအတွက် ရေဂါလန် ၅၀၀၀ ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းနှင့် ဝန်ထမ်းများက မေ ၁၉ ရက်က ရေနံမြေကျေးရွာအရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါသောက်သုံးရေများ ဖြန့်ဝေပေးရာတွင် ပုဂ္ဂလိကပိုင် ရေသယ်ယာဉ်ဖြင့် ရေဂါလန်၅၀၀၀ကို အိမ်ထောင်စု ၈၀၊ လူဦးရေ ၄၂၀ အားစနစ်တကျဖြန့်ဝေပေးခဲ့သည်။ ကျေးရွာအတွက်သောက်သုံးရေများ လှူဒါန်းလိုသည့်စေတနာရှင်များအနေဖြင့် ရေကားတစ်စီးလျှင် ငွေကျပ် ၇၀၀၀၀ နှုန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဖုန်း-၀၉-၂၅၈၆၈၇၉၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

## နတ်မောက်မြို့နယ် ကျေးရွာများ၌ ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**နတ်မောက် မေ ၂၀**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်ဦးဆောင်မှုဖြင့် ယမန်နေ့ မွန်းလွဲပိုင်းက နတ်မောက်မြို့နယ်ကျေးရွာများရှိ ICB – 3 ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ICB – 3 ဆိုလာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသည့်ကျေးရွာများဖြစ်သော နတ်မောက်မြို့နယ် ဘော်အိုင်ကျေးရွာ၊ ပိတ်ချင်းတောကျေးရွာ၊ သရက်ချောင်းကျေးရွာများသို့ မြို့နယ်စာရင်းစစ်အဖွဲ့၊ နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက လိုက်ပါ၍ တိုင်းဒေသကြီးစာရင်းစစ်ရုံး၏ တာဝန်ပေးချက်အရ ကျေးရွာများသို့ လုပ်ငန်းပြီးစီးမှုများ ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**

## ဒီပဲယင်းမြို့နယ်၌ ကိုဗစ်-၁၉ကာလ သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် အသိပညာပေး

**ဒီပဲယင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲယင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဝန်ထမ်းများသည် ကိုဗစ်-၁၉ ကာလအတွင်း သီးနှံစိုက်ပျိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆောင်ရွက်နိုင်ရန် အသိပညာပေးခြင်းများကို မေလပထမပတ်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် အွန်လိုင်းမှတစ်ဆင့် ပညာပေးခြင်းများ၊ ကျေးရွာအရောက် အသံချဲ့စက်များဖြင့် တောင်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲပြဿနာ တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက လွယ်ကူစွာ ဖြေရှင်းနိုင်ရန်၊ စိုက်ပျိုးနည်းပညာပြန့်ပွားရေး စင်တာများတွင် တောင်သူများ လေ့လာနိုင်ရန် တောင်သူပညာပေး ပိုစတာများ၊ ဗီနိုင်းများ စိုက်ထူခြင်းဆောင်ရွက်ထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## ဟသ်ာတမြို့နယ်ကျေးရွာတွင်းလမ်း ကွန်ကရစ်နှစ်လမ်းသွားခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကြည့်ရှု

**ဟသ်ာတ မေ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဟသ်ာတမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက မြို့ကွင်းကျေးရွာအုပ်စု သဖန်းချိုကျေးရွာ၌ ကျေးရွာတွင်းလမ်း ကွန်ကရစ်နှစ်လမ်းသွားခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေအား မေ ၂၀ ရက်တွင် ကွင်းဆင်းကြည့်ရှုခဲ့သည်။



သဖန်းချိုကျေးရွာတွင် ကျေးရွာတွင်းလမ်း ကွန်ကရစ်နှစ်လမ်းသွားခင်းခြင်းလုပ်ငန်းအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၀၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၀ ဖြင့် အရှည် ပေ ၁၆၀၀၊ အကျယ် ၂ပေ ၆လက်မ၊ ထု ၆လက်မ ကွန်ကရစ် နှစ်လမ်းသွားခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဟသ်ာတမြို့နယ်အတွင်း ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြင့် သဖန်းချိုကျေးရွာအပါအဝင် ကျေးရွာပေါင်း ၂၀ ၌ လမ်းခင်းခြင်းလုပ်ငန်း ၁၄ ခု၊ တံတားလေးစင်းနှင့် လျှပ်စစ်မီးလင်းရေးလုပ်ငန်း နှစ်ခုတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကြေးမုံ**

## ကျောက်ကြီးမြို့နယ် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းများက ဝါးခမောက်များ ရက်လုပ်ရောင်းချ

**နေပြည်တော် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မုန်းဒေသ ဥသျှစ်ခင်ကျေးရွာရှိ ဘ၀သစ်အားမာန် (မသန်စွမ်း)မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း ညောင်ပင်သာကျေးရွာရှိ တွဲလက်ညီညာ(မသန်စွမ်း) မွေးမြူရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း တုံးတောကျေးရွာရှိ လမ်းပြကြယ်(၁) (မသန်စွမ်း) မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ ဒိုးတန်းကျေးရွာရှိ လမ်းပြကြယ်(၂) (မသန်စွမ်း) မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ သမန်းကျင်းကျေးရွာရှိ ရွှေရောင်အနာဂါတ် (မသန်စွမ်း) မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း၊ မုန်း(၄) ရပ်ကွက်ရှိ မီးအိမ်ရှင် (မသန်စွမ်း) မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်း စုစုပေါင်း ခြောက်သင်းကို စစ်မှုထမ်းဟောင်း မသန်စွမ်းသူ အသင်းသားဖဇဦးဖြင့် ဖွဲ့စည်းထားရှိပြီး အသင်းသားများ နေ့စဉ်ဝင်ငွေနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အိမ်တွင်းမှုလုပ်ငန်းအဖြစ် ဝါးခမောက်များ ရက်လုပ်ဆောင်ရွက်လျက်ရှိရာ တစ်နေ့လျှင် ဝါးခမောက်ပျမ်းမျှ ၁၅၀ ထုတ်လုပ်နိုင်ပြီး တစ်လုံးလျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချရာ သုံးစွဲသူများက သဘောကျနှစ်ခြိုက်စွာ အသုံးပြုလျက်ရှိကြောင်း သိရသည်။



**သတင်းစဉ်**

# ဆီးဂိမ်းပြိုင်ပွဲ ရွှေတံဆိပ်တစ်ဆုလျှင် ကျပ်သိန်း ၁၅၀ နှုန်းဖြင့် အမြင့်ဆုံးချီးမြှင့်

ရန်ကုန် မေ ၂၀

၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ဖိလစ်ပိုင်နိုင်ငံ၌ ကျင်းပခဲ့သော အကြိမ် (၃၀) မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ဆွတ်ခူးရရှိခဲ့သော အားကစားနည်းများမှ အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအတွက် နိုင်ငံတော်အစိုးရက ချီးမြှင့်ခဲ့သော ဂုဏ်ပြုဆုကြေးငွေများကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ (၁) ရုံးခန်း၌ အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးလွင်နှင့် တာဝန်ရှိသူများက ဆုကြေးငွေများ ချီးမြှင့်ပေးခဲ့သည်။

နိုင်ငံတော်အစိုးရက တစ်ဦးချင်းပြိုင်ပွဲများ၌ ဆုရရှိသူများအနက် ရွှေတံဆိပ်ဆုရ ကစားသမားအား ကျပ်သိန်း ၁၅၀၊ ငွေတံဆိပ်ဆုရကစားသမားအား ကျပ် ၇၅ သိန်း၊ ကြေးတံဆိပ်ဆုရကစားသမားအား ကျပ်သိန်း ၅၀ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိသည့်အသင်းမှ ကစားသမားတစ်ဦးချင်းစီအား ကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရရှိသည့်အသင်းမှ ကစားသမားတစ်ဦးချင်းစီအား ကျပ်သိန်း ၅၀၊ ကြေးတံဆိပ်ဆုရရှိသည့်အသင်းမှ ကစားသမားတစ်ဦးချင်းစီအား ကျပ်သိန်း ၃၀ စီ ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်/နည်းပြ အဖွဲ့များအတွက်မူ အမြင့်ဆုံးရရှိခဲ့သည့် ဆုတံဆိပ်အတွက်သာ ဆုကြေးသတ်မှတ်ပေးခြင်းဖြစ်ကြောင်း၊ ရွှေတံဆိပ်ရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြအဖွဲ့အား ကျပ်သိန်း ၅၀၊ ငွေတံဆိပ်ရရှိစေခဲ့သည့် နည်းပြအဖွဲ့အား ကျပ်သိန်း ၃၀၊ ကြေးတံဆိပ်ရရှိစေခဲ့သည့် နည်းပြအဖွဲ့အား ကျပ်သိန်း ၂၀ ချီးမြှင့်ခြင်းဖြစ်ပြီး အုပ်ချုပ်မှုအဖွဲ့များအတွက် ဆုကြေးများတွင် ရွှေတံဆိပ် ကျပ်သိန်း ၃၀၊ ငွေတံဆိပ် ကျပ်သိန်း ၂၀ နှင့် ကြေးတံဆိပ် ကျပ် ၁၀ သိန်း ချီးမြှင့်ခဲ့ကြောင်း သိရသည်။



ယခုချီးမြှင့်မှုများတွင် ကစားသမားပေါင်း ၁၆၆ ဦး အပါအဝင် အုပ်ချုပ်/နည်းပြများအား စုစုပေါင်း ချီးမြှင့်ဆုကြေးငွေ စုစုပေါင်း ကျပ်သိန်း ၉၈၂၀ ရှိကြောင်း၊ အကြိမ် (၃၀) မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် အားကစားနည်း ၃၁ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အားကစားနည်း ၂၀ မှ နိုင်ငံတော်အတွက် ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ် ၁၈ ခု၊ ကြေးတံဆိပ် ၅၁ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြင့်မောင်စိုး

# ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၀ သင်းဖြင့် ကျင်းပရန်စီစဉ်ထား

ရန်ကုန် မေ ၂၀

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဆက်လက်ကျင်းပရန် စီစဉ်ထားသည်။

ယခုနှစ် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲများကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၈ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၁၃၊ ၁၄ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၁၇၊ ၁၈ ရက်၊ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၇ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို အသင်း ၁၀ သင်းဖြင့် ကျင်းပမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၈ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်နိုင်ငံသတ်မှတ်ခြင်းမရှိဘဲ ပြိုင်ပွဲဝင်အသင်းတစ်သင်းသည် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုလည်း ယခင်နှစ်အတိုင်း အိမ်ကွင်း၊ အဝေးကွင်းပုံစံအတိုင်း ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကို ဆူဇူကီးက ဆက်လက်စပွန်ဆာပေးမည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် အကြိမ်တိုင်းဝင်ရောက်ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲနှစ်ကြိမ်သာ ဆီမီးဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။ နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၈ ပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်းကျင်းပမည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအပါအဝင် နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် ပြိုင်ပွဲအားလုံးအတွက် ယခုလအတွင်းကျင်းပမည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် အတည်ပြုမည်ဖြစ်သည်။ ယင်းကောင်စီအစည်းအဝေးကို ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် Video Conferencing ဖြင့် ပြုလုပ်မည်ဖြစ်ပြီး ပြိုင်ပွဲများနှင့်ပတ်သက်၍ ကျင်းပမည့်ကာလ၊ အိမ်ရှင်နိုင်ငံအခြေအနေ၊ ပြိုင်ပွဲဝင်အသင်းများ၏ ဆန္ဒသဘောထားများကို မေးမြန်းကာ ပြိုင်ပွဲများနှင့်ပတ်သက်၍ အတည်ပြုသွားဖြစ်သည်။ **ရှိုင်းထက်ဇော်**

# ခီတာယန်ကို အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ခွင့်ပေးပြီး ကလူအီဗက်ကို အာဆင်နယ် ခေါ်ယူမည်

အာဆင်နယ်အသင်းဟာ ရိုးမားအသင်းရဲ့ ကစားသမား ကလူအီဗက်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ရှိနေပြီး ကွင်းလယ်ကစားသမား ခီတာယန်ကို ရိုးမားအသင်းဆီ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့ခွင့်ပေးသွားမှာဖြစ်တယ်လို့ အီတလီကလာတဲ့ သတင်းတွေအရ သိရပါတယ်။

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ခီတာယန်ဟာ ရိုးမားအသင်းမှာ တစ်ရာသီအငှားစာချုပ်နဲ့ သွားရောက်ကစားနေခဲ့စဉ်မှာ အကောင်းဆုံးခြေစွမ်းပိုင်ဆိုင်ခဲ့တာကြောင့် ရိုးမားအသင်းက အမြဲတမ်းစာချုပ်နဲ့ခေါ်ယူဖို့ ပြင်ဆင်ထားတာဖြစ်ပြီး လက်ရှိမှာ ခီတာယန်ရဲ့ အပြောင်းအရွှေ့နဲ့ ပတ်သက်ပြီး အာဆင်နယ်အသင်းနဲ့ ရိုးမားအသင်းတို့ သဘောတူညီထားပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၂၁ နှစ်အရွယ် ကလူအီဗက်ဟာ အာဆင်နယ်အသင်းဆီ ပြောင်းရွှေ့ကစားဖို့ အရင်က ချိတ်ဆက်မှုတွေ ပြုလုပ်ခဲ့တာဖြစ်ပြီး လက်ရှိမှာ ကလူအီဗက်နဲ့ ခီတာယန်တို့ဟာ အပြန်အလှန်ပြောင်းရွှေ့မှုပုံစံနဲ့ ပြောင်းရွှေ့ကစားဖို့ ဖြစ်လာခဲ့ပါတယ်။

တောင်ပံကစားသမား ကလူအီဗက်ဟာ လွန်ခဲ့တဲ့နှစ်နှစ်က ပြောင်းရွှေ့ကြေးပေါင် ၁၅ သန်းနဲ့ အေဂျက်အသင်းကနေ ရိုးမားအသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီမှာ ရိုးမားအသင်းအတွက် ၂၇ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုးခုနစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။ ကလူအီဗက်ဟာ ရိုးမားအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ဥရောပမှာ အကောင်းဆုံး လူငယ်ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။



ငွေကြယ် - စုစည်းသည်




# ယူအီးအက်ဖ်အေက မန်စီးတီးအား ဥရောပပြိုင်ပွဲပိတ်ပင်မှုနှင့် စပ်လျဉ်း၍ အားကစားဆိုင်ရာခုံသမာဓိရုံးက ဇွန်လအတွင်း ကြားနာမှုဆောင်ရွက်မည်

မန်စီးတီးအသင်းဟာ ဥရောပပြိုင်ပွဲနှစ်ရာသီကြာ ယှဉ်ပြိုင်ကစားခွင့်ပိတ်ပင်ခံရမှုနဲ့ ပတ်သက်ပြီး လျှောက်လဲချက်တင်ထားပြီး ဇွန် ၈ ရက်မှာ အားကစားဆိုင်ရာခုံသမာဓိရုံး ကြားနာမှုဆောင်ရွက်သွားမယ်လို့ သိရပါတယ်။

လိုင်စင်နဲ့ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကို ချိုးဖောက်ခဲ့တယ်လို့ တွေ့ရှိခဲ့တဲ့အတွက် ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးအသင်းကို ဖေဖော်ဝါရီလအတွင်းက ဥရောပဘောလုံးအဖွဲ့ချုပ် (ယူအီးအက်ဖ်အေ)က ဥရောပပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ခွင့်ကို နှစ်ရာသီကြာပိတ်ပင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းကတော့ ယူအီးအက်ဖ်အေရဲ့ စည်းမျဉ်းတွေကို မချိုးဖောက်ခဲ့ဘူးလို့ ငြင်းဆိုခဲ့ပါတယ်။ လက်ရှိမှာ အားကစားဆိုင်ရာခုံသမာဓိရုံးကလည်း ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါကြောင့် ခရီးသွားမှုတွေ ကန့်သတ်ထားတဲ့အတွက် ကြားနာမှုတချို့ကို ဗီဒီယိုကွန်ဖရင့်ကနေ ပြုလုပ်သွားမယ်လို့ ပြောကြားခဲ့ပါတယ်။

# ဝုလ်ဗာဟမ်တန်တောင်ပံကစားသမား ထရာအိုရေးကို ခေါ်ယူဖို့ လီဗာပူး၊ မန်စီးတီးတို့နဲ့အပြိုင် မန်ယူ ကြိုးပမ်းလျက်ရှိ

မန်ယူအသင်းဟာ ဝုလ်ဗာဟမ်တန်အသင်းရဲ့ တောင်ပံကစားသမား ထရာအိုရေးကို ခေါ်ယူဖို့အတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ လီဗာပူးအသင်း၊ မန်စီးတီးအသင်းတို့နဲ့အပြိုင် ကြိုးပမ်းလျက်ရှိပြီး လက်ရှိမှာ ထရာအိုရေးကို ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ သိရပါတယ်။

ထရာအိုရေးဟာ ယခုနှစ် ဘောလုံးရာသီမှာ ဝုလ်ဗာဟမ်တန်အသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် လီဗာပူးအသင်း ဘယ်နောက်ခံကစားသမား အန်ဒီရောဘတ်ဆင်က ထရာအိုရေးကို ခေါ်ယူဖို့ လီဗာပူးအသင်းကို ပြောကြားခဲ့တယ်လို့ ဆိုပါတယ်။

မန်ယူအသင်း၊ လီဗာပူးအသင်းနဲ့ မန်စီးတီးအသင်းတို့က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ တောင်ပံကစားသမား ထရာအိုရေးဟာ တောင်ပံကစားသမားနေရာအပြင် ဗဟိုတိုက်စစ်မှူးနေရာမှာလည်း အကောင်းဆုံးကစားနိုင်သူဖြစ်ပါတယ်။

ထရာအိုရေးနဲ့ လက်ရှိစာချုပ်သက်တမ်းဟာ သုံးနှစ်ကျန်ရှိနေသေးပေမယ့် ဝုလ်ဗာဟမ်တန်အသင်းအနေနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကြောင့် ဘဏ္ဍာရေးဆိုင်ရာအခက်အခဲတွေနဲ့ ရင်ဆိုင်နေရတာဖြစ်တဲ့အတွက် တောင်ပံကစားသမား ထရာအိုရေးကို ရောင်းချရဖို့လည်း ရှိနေတာဖြစ်ပါတယ်။



# ဂေါ်ဖီထုပ်စိုက်ပျိုးသူများ၏ ဆုံးရှုံးမှုများကိုကုစားရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်

**ရန်ကုန် မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကြောင့် ဂေါ်ဖီထုပ်ဈေးကွက်ပျောက်ကာ စိုက်ပျိုးသူများ၏ ဆုံးရှုံးမှုကိုကုစားရန် အစိုးရနှင့် အရပ်ဘက်အဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးကျော်သူက မေ ၁၉ ရက်တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ပြီးခဲ့သည့် ဧပြီလဆန်းမှစ၍ ရှမ်းပြည်နယ်(တောင်ပိုင်း) နောင်တရားရှိ ဂေါ်ဖီထုပ်စိုက်တောင်သူများ ဈေးကွက်ပျောက်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသဖြင့် တောင်သူများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ညှိနှိုင်း၍ ရန်ကုန်သို့ ကုန်ကားဖြင့် ဂေါ်ဖီထုပ်များ သယ်ယူကာ ပြည်သူများထံ အခမဲ့ဖြန့်ဝေခဲ့ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းထံမှ သိရသည်။

ပြီးခဲ့သည့် မေ ၁၈ ရက်က မြန်မာနိုင်ငံ သစ်သီးဝလံ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက ဦးစီး၍ ကိုဗစ်-၁၉ ရောဂါကြောင့် ဈေးကွက်ပျောက်နေသည့် နောင်တရား တောင်သူများ၏ ဂေါ်ဖီထုပ်အလှူကို ပထမအသုတ်အနေဖြင့် သဃ်န်းကျွန်းမြို့နယ်နှင့် တောင်ဒဂုံမြို့နယ်တို့အား ၁၂ ဘီးယာဉ် တစ်စီး လှူဒါန်းခဲ့ကြောင်း၊ ဒုတိယအသုတ်အနေဖြင့် အရှေ့ဒဂုံနှင့် လှိုင်သာယာမြို့နယ်တို့ကိုလှူရန် စီစဉ်နေကြောင်း သိရသည်။

ထိုသို့ လှူဒါန်းပြီးပါက ဂေါ်ဖီထုပ်စိုက်ပျိုးသူများ၏ ဆုံးရှုံးမှုကို ကုစားရန် အရပ်ဘက်အဖွဲ့အစည်းများနှင့် အလှူရှင်များမှ ကုန်ကားခ ကျခံကာ ရန်ကုန်သို့သယ်ယူပြီး ပြည်သူများထံ ဖြန့်ဝေပေးကာ ပြည်သူများက ပြန်လည်ထည့်ဝင်သည့်ငွေများကို ဂေါ်ဖီထုပ်စိုက်ပျိုးသည့် တောင်သူများထံ ပြန်လည်ပေးအပ်မည်ဖြစ်ကြောင်း ဦးကျော်သူက ဆက်လက်ပြောကြားသည်။

**ငြိမ်းငြိမ်း**

# လပွတ္တာမြို့နယ်၌ သောက်သုံးရေခက်ခဲသည့် ကျေးရွာများသို့ သောက်ရေလှူဒါန်း

**မြောင်းမြ မေ ၂၀**

ကိုဗစ်-၁၉ ရောဂါကာလအတွင်း သောက်သုံးရေအခက်အခဲရှိနေသည့်ကျေးရွာများသို့ မြောင်းမြမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်မင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက မေ ၁၈ ရက်တွင် လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာအုပ်စု ထင်းစုကျေးရွာနှင့် အမှတ်(၉)ရပ်ကွက်တို့တွင် သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ရေကန်တွေလည်း ခန်းကုန်ပြီ၊ တွင်းတွေကလည်း ရေမရတော့ဘူး၊ ဒီနှစ်အပူရှိန်က ပိုပူသလိုပဲ၊ မြန်မြန်မိုးကျပါစေလို့ ဆုတောင်းရမှာပဲ"ဟု ထင်းစုကျေးရွာမှ ဦးမြသောင်းက ပြောသည်။

မြောင်းမြမြို့နယ်မီးသတ်တပ်ဖွဲ့မှ နှစ်စဉ် သောက်ရေအခက်အခဲကြုံ တွေ့ရသော ကျေးရွာများသို့ သွားရောက်လှူဒါန်းပေးလျက်ရှိကြောင်းသိရသည်။

**သင်းရန့်**

# အင်းစိန်မြို့နယ်၌ ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ လှူဒါန်း

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အင်းစိန်မြို့နယ် ကန္နားအနောက်ရပ်ကွက်ရှိ အခြေခံလက်လုပ်လက်စား ပြည်သူ ၈၀ အား အခြေခံစားသောက်ကုန်များ လှူဒါန်းပွဲကို ယမန်နေ့ နံနက်ပိုင်းက အင်းစိန်မြို့နယ်(GTI)စားရိပ်သာခန်းမတွင် ကျင်းပခဲ့သည်။

လှူဒါန်းရာတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အင်းစိန် မြို့နယ် ကန္နားအနောက်ရပ်ကွက်ရှိ အခြေခံလက်လုပ်လက်စား ပြည်သူ ၈၀ တို့အား အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆီ၊ ကြက်ဥ၊ ကြက်သွန်၊ ဆား၊ ပဲတို့ကို လှူဒါန်းခဲ့သည်။

အင်းစိန်မြို့နယ်၏ တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းနိုင်၊ We Love Insein Volunteers များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းလုပ်အားပေးခဲ့ကြသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**



# လှိုင်သာယာမြို့နယ်၌ (ခ)အဆင့် အားကစားရုံဆောက်လုပ်ရန် ပန္နက်ရိုက်

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အောင်မြေသာယာ ဘောလုံးကွင်း၌ (ခ)အဆင့် အားကစားရုံဆောက်လုပ်ရန်ပန္နက်ရိုက်ခြင်းကို ယမန်နေ့က လှိုင်သာယာမြို့နယ် အမှတ်(၂)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူနှင့် တာဝန်ရှိသူများက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် လှိုင်သာယာမြို့နယ် အောင်မြေသာယာ ဘောလုံးကွင်းတွင် (ခ)အဆင့် အားကစားရုံ (၁၂၀x၆၀)ပေ Steel Structure Building ဆောက်လုပ်ရန် ပန္နက်ရိုက်ခြင်းဖြစ်ကြောင်း အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူထံမှ သိရသည်။

**မြသန္တာဝင်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ဘုရင့်နောင်ဝင်းအတွင်း ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၂၀**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက်ရှိ ဘုရင့်နောင်ယာဉ်/စက်အပိုပစ္စည်းရောင်းဝယ်ရေးဝင်းအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအသင်း၊ ဈေးသာယာရေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ အရာရှိစစ်သည်များက ဆေးဖျန်းယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ်တစ်စီး၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများမှ ရေသယ်ယာဉ်ကိုးစီး ၊ LUF–60(Robotic Fire Fighting Vehicle)ယာဉ်တစ်စီး၊ LUF – Micro (Robotic Fire Fighting Vehicle) ယာဉ်တစ်စီး၊ အဆင့်မြင့်မီးငြိမ်းသတ်ယာဉ်နှစ်စီး၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပရဟိတအသင်းများမှ ရေသယ်ယာဉ်နှစ်စီး၊ ဆေးဖျန်းယာဉ်သုံးစီးနှင့် မရမ်းကုန်းမြို့နယ် ရွှေရောင်သမိုင်းပရဟိတအသင်းမှ လူနာတင်ယာဉ်တစ်စီး၊ ကျောလွယ်ပိုးသတ်ဆေးဖျန်းစက်လေးလုံးဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မိုင်းယောင်း၌ အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေး ကြပ်မတ်ဆောင်ရွက်

**မိုင်းယောင်း မေ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်တွင် အခြေခံ စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေးအတွက် ယနေ့ ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း၏ ဦးဆောင်မှုဖြင့် ကော်မတီအဖွဲ့ဝင် မြို့နယ်ရဲမှူး မျိုးမြင့်ဦးနှင့် တာဝန်ရှိသူများသည် ယာယီပျံကျဈေး၌ ရောင်းချလျက်ရှိသော အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေးနှင့် ဈေးနှုန်းများ မတန်တဆတက်၍ ရောင်းချခြင်းများ မပြုလုပ်ကြရန်အတွက် ကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

မိုင်းယောင်းတွင် ယာယီပျံကျဈေး၌ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး စနစ်တကျဖြစ်စေရေးနှင့် ဈေးနှုန်းတည်ငြိမ်စွာ ရောင်းချနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးအုပ်စု စာရေးများက နေ့အလိုက် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါကာကွယ်နိုင်ရေး အဝတ်နှာခေါင်းစည်းများ ချုပ်လုပ်

**လှိုင်းဘွဲ့ မေ ၂၀**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် သမဝါယမဦးစီးဌာနက ဦးဆောင်၍ အဝတ်နှာခေါင်းစည်းများကို စစ်မှုထမ်းဟောင်းကျေးရွာဓမ္မာရုံ၌ မေ ၁၉ ရက်က စတင်ချုပ်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဝတ်နှာခေါင်းစည်းများကို မြို့နယ်သမဝါယမဝန်ထမ်းများ၊ အသင်းသူ/ အသင်းသားများ၊ အဖွဲ့ဝင်များ၏သား/သမီးများ ပြင်ပသို့သွားလာရာတွင် တပ်ဆင်အသုံးပြုနိုင်ရေးအတွက် ကုန်ကျစရိတ်သက်သာကာ ရေရှည်အသုံးပြုနိုင်ရန်ရည်ရွယ်၍ ချုပ်လုပ်လျက်ရှိကြောင်းကို မြို့နယ်သမဝါယမ အသင်းစုလီမိတက်ဥက္ကဋ္ဌထံမှ သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# တန့်ဆည်မြို့ မဟာသီရိရတနာဈေး၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**တန့်ဆည် မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့ မဟာသီရိရတနာဈေး၌ ယနေ့ နံနက်၇ နာရီတွင် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအမှုဆောင်အရာရှိ ဒေါ်သက်သက်ဦးနှင့် ဝန်ထမ်းများက မဟာသီရိရတနာဈေးရှိ ဈေးသည်ဈေးဝယ်များအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်းမရှိဘဲ အိမ်အပြင်ထွက်ခြင်းနှင့် နှာခေါင်းစည်းမတပ်ဘဲ ဈေးရောင်း ဈေးဝယ်ပြုလုပ်ပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးကာ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ငြိမ်းမင်းထွန်း(တန့်ဆည်)**

# ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများအား လက်ဆေးဆပ်ပြာနှင့် နှာခေါင်းစည်းများ ထောက်ပံ့

**ဟားခါး မေ ၂၀**

ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဌာနတွင်းဝန်ထမ်းများကိုဗစ်-၁၉ ရောဂါကာကွယ်ရေးတွင် အသုံးပြုနိုင်ရန်အတွက် လက်ဆေးဆပ်ပြာနှင့် သုံးလွှာပါ ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၉ ရက်က ဟားခါးမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက လတ်တလောဖြစ်ပေါ်လျက်ရှိသော ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကာလအတွင်း မိမိဌာနဝန်ထမ်းများ ကျန်းမာရေးအကာအကွယ်အဖြစ် အသုံးပြုနိုင်စေရန် ကူညီထောက်ပံ့ရခြင်းဖြစ်ကြောင်း၊ အရာထမ်း၊ အမှုထမ်း အားလုံးအား ဌာနမှတတ်နိုင်သည့် အခြေအနေဖြင့် ညီမျှစွာ ခွဲဝေထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအတွက် လက်ဆေးဆပ်ပြာနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ဟားခါး)က ချုပ်လုပ်ထားသည့် သုံးလွှာပါ ပြန်လည်လျှော်ဖွပ်အသုံးပြုနိုင်သော နှာခေါင်းစည်းများကို ပြည်နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ဖလမ်းခရိုင်ဝန်ထမ်းများအတွက် လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်မိုးက လည်းကောင်း၊ ဟားခါးခရိုင်ဝန်ထမ်းများအတွက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက လည်းကောင်း၊ ဟားခါးမြို့နယ်ဝန်ထမ်းများအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။



ဆက်လက်ပြီး ချင်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွန်းစိန်က ပြည်နယ်ရုံးဌာနခွဲ (၁)နှင့် (၂)အတွက် လည်းကောင်း၊ ညွှန်ကြားရေးမှူး ဦးမင်းအောင်က ပြည်နယ်ရုံးဌာနခွဲ(၃)နှင့် (၄)အတွက် လည်းကောင်း အသီးသီးပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဆင့်ဆင့်ရှိ ပြည်နယ်/ခရိုင်/မြို့နယ်/မြို့ရှိ အရာထမ်း၊ အမှုထမ်း ၁၂၁၁ ဦးအတွက် ဒုတိယအကြိမ်ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇိုလေးနွယ်(ပြန်/ဆက်)**

# ချောက်မြို့နယ်၌ မိုးရွာသွန်း၍ စိုက်ပျိုးပြီးသီးနှံများ အဆင်ပြေ

**ချောက် မေ ၂၀**

ချောက်မြို့နယ်၌ ယမန်နေ့ ညနေပိုင်းက မိုးရွာသောကြောင့် စိုက်ပျိုးထားသောသီးနှံများအစိုဓာတ်ရရှိ၍ တောင်သူများအဆင်ပြေလျက်ရှိကြောင်း တောင်သူများထံမှ သိရသည်။

"ဒီမှာက အပူချိန်ကလည်း မြင့်လာတဲ့အတွက် စိုက်ထားတဲ့ နှမ်းပင်တွေသေမှာ စိုးရိမ်နေကြတုန်း ဒီနေ့မိုးရွာလိုက်တဲ့အတွက် နှမ်းပင်တွေ အစိုဓာတ်ရသွားတယ်။ ဦးလေးတို့ နှစ်စဉ်အတွေ့အကြုံအရတော့ နယုန်လမှာ မိုးရာသီဖြစ်တဲ့အတွက် အပူချိန်မရှိဘူး။ မိုးကလည်းရွာတတ်တယ်။ ဒါကြောင့် သီးနှံအတွက် စိတ်ချနိုင်တယ်"ဟု ကိုးစုကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

"နေအပူချိန်ကမြင့်နေတဲ့အတွက် မိုးရွာလိုက်တော့အအေးဓာတ်ရသွားတာကိုပဲ ဝမ်းသာပါတယ်။ စိုက်ပျိုးရေးအတွက်လည်း အစိုဓာတ်ရသွားတော့ အဆင်ပြေသွားတယ်" ဟု တောင်သူ ဦးလှဝင်းက ပြောသည်။

**ဆန်းညွန့်(ရေနံချောင်း)**



## ကလေးမြို့နယ်၌ မိုးရာသီကာလ သစ်ပင်စိုက်ပျိုးရန် ပျိုးပင်များပျိုးထောင်ထား

**ကလေး မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလေးမြို့နယ်တွင် မိုးရာသီကာလအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရန်အတွက် ဒေသခံပြည်သူများအနေဖြင့် ပျိုးပင်များကို အခမဲ့စိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကလေးမြို့နယ် သစ်တောဦးစီးဌာနမှ ပျိုးပင်ပေါင်း ၃၀၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

ကလေးမြို့နယ် အင်းပြင်ပျိုးဥယျာဉ်၌ ပျိုးပင် ၁၅၀၀၀၊ ဟဲဟိုးပျိုးဥယျာဉ်၌ ပျိုးပင် ၁၅၀၀၀ ပျိုးထောင်ထားရှိပြီး ဒေသနှင့်ကိုက်ညီသည့် ထင်းရှူး၊ ရေသင်းဝင်၊ စိန်ပန်းပြာ၊ ခါတော်မီ၊ ချယ်ရီ၊ ပင်စိမ်း၊ ယမနေ၊ အော်ရေးရှား၊ ဆီးသပြေ စသည့် ပျိုးပင်များ ပျိုးထောင်ထားရှိကြောင်းသိရသည်။

ပျိုးပင်များအား ဒေသခံပြည်သူများအပြင် စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအတွက် စိုက်ပျိုးနိုင်ရန် ဇွန်လ ပထမပတ်မှ စတင်၍ ပြည်သူများထံ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစည်သူလင်းကပြောသည်။ **ကျော်ဝင်း(ပြန်/ဆက်)**

# သောက်သုံးရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း

**နမ့်စန် မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် ဟိုက်ဖတ်ကျေးရွာအုပ်စုရှိ နမ့်ကြုတ်ကျေးရွာတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများ ဖြစ်ပေါ်နေသည့်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပူးပေါင်းကာ ယနေ့ နံနက် ၈ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေ ဂါလန် ၆၄၀၀ ကို ပုတ်ပျံကျေးရွာရှိ ယာယီမိုးကာရေသိုလှောင်ကန်အတွင်းသို့ထည့်ပေးကာ ကျေးရွာသူကျေးရွာသားများထံ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

နမ့်စန်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သောက်သုံးရေ ရှားပါးပြတ်လပ်မှုများဖြစ်ပေါ်ပါက မြို့နယ်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်း ဖုန်း - ၀၉-၆၉၇၇၁၃၈၂၄၊ မြို့နယ်ကျေးလက် ဦးစီးမှူး ဦးဇော်ဝင်း ဖုန်း ၀၉-၄၄၀၂၁၂၃၀၇ နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးလှထွေး ဖုန်း- ၀၉-၄၂၈၃၆၃၃၇၅ တို့ထံ ဆက်သွယ်အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **သူရအောင်(ပြန်/ဆက်)**



## ဥတ္တရသီရိမြို့နယ်၌ သောက်သုံးရေရှားပါးသော ကျေးရွာများသို့ သောက်သုံးရေ လှူဒါန်း

**နေပြည်တော် မေ ၂၀**

နေပြည်တော် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် နှစ်စဉ် နွေရာသီရောက်တိုင်း အပူချိန်မြင့်မားမှုကြောင့် သောက်သုံးရေရှားပါးပြတ်လပ်မှုများ ကြုံတွေ့လျက်ရှိပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မေ ၁၈ ရက်က သောက်သုံးရေ လိုအပ်လျက်ရှိသည့် တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ တောင်ညိုကျေးရွာနှင့် သက်မွေးစုကျေးရွာတို့သို့ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့သည်။

တောင်ညိုကျေးရွာအုပ်စုအတွင်းရှိ တောင်ညိုကျေးရွာတွင် အိမ်ခြေ ၂၃၀၊ လူဦးရေ ၁၄၀၀ ကျော်နှင့် သက်မွေးစုကျေးရွာတွင် အိမ်ခြေ ၂၃အိမ်နှင့် လူဦးရေ ၁၀၀ကျော်ရှိသည့်အတွက် သောက်သုံးရေဂါလန် ၁၀၀၀ ကျော်ကို လှူဒါန်းပေးခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းသို့ မတ်လမှစတင်ပြီး သောက်သုံးရေရှားပါးသည့် ကျေးရွာများသို့ လှူဒါန်းပေးခဲ့ရာ ယခုအကြိမ်အပါအဝင် ရှစ်ကြိမ်ရှိပြီဖြစ်သည်။

မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် တောင်ညိုကျေးရွာအုပ်စုအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် လာမည့်ဘဏ္ဍာနှစ်တွင် စက်ရေတွင်း(တွင်းနက်) တူးဖော်ရန် လျာထားလျက်ရှိကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

# ပေကုန်းကျေးရွာ၌ တစ်နိုင်တစ်ပိုင်ယပ်တောင်လုပ်ငန်းဖြင့် မိသားစုအပိုဝင်ငွေရ

**ကောလင်း မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် ပေကုန်းကျေးရွာသည် နန်းလိုင်းချောင်းကို အခြေခံပြီး လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အဓိကထားလုပ်ကိုင်လျက်ရှိရာ နွေရာသီတွင်မိသားစု အပိုဝင်ငွေရရှိစေရန် တစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် ယပ်တောင်လုပ်ငန်းကိုလုပ်ကိုင်ကြသည်။

“ယပ်တောင်လုပ်ငန်း ပြုလုပ်ဖို့အတွက် ဝါးတွေကို ပြာသိုလမှာ ခုတ်ယူရပါတယ်။ ယပ်အတွက်သိုက်ဝါးကို ခုတ်ယူရပြီး ယပ်ရိုးအတွက် မျှင်ဝါးကိုခုတ်ယူရပါတယ်။ ဝါးကိုပိုးမထိုးအောင် ရက် ၂၀ ကြာနေလှန်းထားရပါတယ်။ ပြီးရင် တပို့တွဲလမှာ ဝါးနှီးဖြာရပါတယ်။ ဝါးနှီးဖြာဖို့အတွက် ခြောက်သွေ့တဲ့ ဝါးတွေကို နှစ်ရက်(သို့မဟုတ်)သုံးရက်ကြာအောင် ရေစိမ်ထားရပါတယ်။ မန္တလေးမြို့မှ ဆေးရောင်စုံကို ဝယ်ယူကာ ဝါးနှီးတွေကို မိမိတို့ကြိုက်နှစ်သက်တဲ့ အရောင်ရအောင် ဆေးဆိုးရပါတယ်။ ယပ်တောင်တစ်ချောင်းကို လက်ကားဈေးဖြင့် တပေါင်းလမှာကျပ် ၁၃၀ ထိ ရောင်းချရပြီး ကိုဗစ်-၁၉ ရောဂါကြောင့် တန်ခူးလမှာ ကျပ် ၇၀ ထိ ဈေးကျသွားပြီး ကဆုန်လထဲမှာ ကျပ် ၁၀၀ မှ ၁၅၀ ထိဈေးပြန်တက်သွားပါတယ်” ဟု ပေကုန်းကျေးရွာသူ မရီမွန်က ပြောသည်။

**မြင့်ထွန်းမင်း(ကောလင်း)**



## မင်းဘူးမြို့၌ နှာခေါင်းစည်းမဝတ်ဘဲ သွားလာနေသူများကို အသိပညာပေး

**မင်းဘူး မေ ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့တွင် ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်း၍ မင်းဘူးမြို့ရှိ ပြည်သူများအနေဖြင့် နှာခေါင်းစည်း ဝတ်ဆင်ခြင်းမရှိဘဲ သွားလာနေသူများအား အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက မင်းဘူးမြို့ မြောက်လှည်းကောက်အဝိုင်းပတ်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းဘူးခရိုင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ လမ်းညွှန်မှုနှင့်အတူ အသိပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက်မှ ၂၂ ရက်အထိ နှာခေါင်းစည်းဝတ်ဆင်ခြင်းမရှိဘဲ သွားလာပါက နှာခေါင်းစည်းတစ်ခုကို ငွေကျပ် ၂၀၀ ဖြင့် လည်းကောင်း၊ မေ ၂၃ ရက်မှ ၃၁ ရက်အထိ နှာခေါင်းစည်း နှစ်ခုကို ငွေကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ဝယ်ယူဝတ်ဆင်စေခြင်း၊ ဇွန်လဆန်းပိုင်းမှစ၍ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းမရှိဘဲ သွားလာနေသူများကို ဒဏ်ကြေးတိုးမြှင့်သတ်မှတ်ပြီး အသိပညာပေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရရှိလာသောဒဏ်ကြေးငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် အကျိုးရှိစွာအသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်စွမ်းရည်နှင့် ဦးကျော်ငွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးအောင်ကြည်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်



များ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ နေ့စဉ်စစ်ဆေးမှုများကို ပြုလုပ်သွားမည်ဖြစ်ပြီး သတ်မှတ်စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ပုသိမ်မြို့၌ စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲ ကျင်းပ

**ပုသိမ် မေ ၂၀**

အမျိုးသားအဆင့်စေတနာ့ဝန်ထမ်း ဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် စေတနာ့ဝန်ထမ်း ဆင့်ပွားသင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီခွဲက ပုသိမ်မြို့ ရောရွှေဝါခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါသည် မြန်မာနိုင်ငံတစ်ခုတည်း ဖြစ်ပွားခြင်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးက ရင်ဆိုင်နေရကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် နာဂစ်ကဲ့သို့ သဘာဝဘေးဒဏ်ခံခဲ့ရသော အတွေ့အကြုံများ ရှိခဲ့သည့် တိုင်းဒေသကြီးတစ်ခုဖြစ်ကြောင်း၊ စေတနာ့ဝန်ထမ်းများအနေဖြင့် စေတနာနှင့် ပညာကို ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်နိုင်မှ အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ဖြစ်လေ့ဖြစ်ထမရှိသောလုပ်ငန်းကို လုပ်ဆောင်ရသည့်အတွက် အချင်းချင်း စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခု စေတနာ့လုပ်ငန်းလုပ်ဆောင်ရာတွင် မိမိကိုယ်မိမိ မကူးစက်အောင် ကာကွယ်ရင်း ပြည်သူများသို့လည်း မကူးစက်အောင် စိတ်အားထက်သန် စွာကူညီသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ သင်တန်းတွင် မိမိတို့ကိုယ်တိုင်လည်း သေချာလေ့လာသင်ယူပြီး မိမိနီးစပ်ရာပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း အသိပညာများ လက်ဆင့်ကမ်း ဖြန့်ဝေပေးကြစေလိုကြောင်း အမှာစကားပြောကြားပြီး သင်တန်းသားများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။

ယခုဖွင့်လှစ်သည့်သင်တန်းကို မေ ၂၀ ရက်မှ ၂၄ ရက်အထိ ငါးရက်ကြာ ကာလအတွင်း ရှစ်ကြိမ်၊ တစ်ကြိမ်လျှင် သင်တန်းသား ၃၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ကန့်သတ်စောင့်ကြည့်စင်တာများတွင် တာဝန်ထမ်းဆောင်နေသော စေတနာ့ဝန်ထမ်း စုစုပေါင်း ၇၀၉၇ ဦးရှိကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

## စေတုတ္တရာမြို့၌ နှာခေါင်းစည်းဝတ်ဆင်ရေး ကြပ်မတ်စစ်ဆေး

**စေတုတ္တရာ မေ ၂၀**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊




ထိန်းချုပ်ရေး အိမ်အပြင်ထွက်သူတိုင်း နှာခေါင်းစည်းဝတ်ဆင်ရေး မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီအဖွဲ့က ယာယီပျံကျဈေးနှင့် ဗိုလ်ချုပ်ကြေးရုပ် ရှေ့လမ်းဆုံတို့၌ ယနေ့ နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၁) လွှတ်တော်ကိုယ်စားလှယ် ဒေါ်ညီညီဦး၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်တို့ ဦးဆောင်ပြီး မြို့နယ်အဆင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီအဖွဲ့က ယာယီပျံကျဈေးနှင့် မြို့နယ်ဗိုလ်ချုပ်ကြေးရုပ်ရှေ့လမ်းဆုံတို့၌ နှာခေါင်းစည်း တပ်ဆင်မလာသူများအား နှာခေါင်းစည်းတစ်ခုဒဏ်ငွေ ၂၀၀ ကျပ် ဒဏ်ရိုက်စနစ်ကို ဆောင်ရွက်ခဲ့ပြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလဖြစ်သည့်အတွက် နောင်တွင်လည်း နှာခေါင်းစည်းတပ်ဆင်ပြီးမှ အပြင်ထွက်ကြရန် အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်သန်းလှိုင်(ပြန်/ဆက်)**

## နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ကျေးရွာပေါင်း ၄၇ ရွာ လျှပ်စစ်မီးလင်းရေး ဆောင်ရွက်

**ရေဦး မေ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ်တွင် နိုင်ငံတော်ဓာတ်အားစနစ်သုံး အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP)ဖြင့် ကျေးရွာမီးလင်းရေး လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပေးနိုင်ရေးအတွက် အေဘာယ်ဝင်းနားကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ရေဦးမြို့နယ်၌ (NEP) စီမံကိန်းကျေးရွာ ၅၆ ရွာရှိပြီး မေ ၁၉ ရက် ညနေပိုင်းက ဖွင့်လှစ်ပေးခဲ့သည့် မကျီးနီ၊ ဝမ်းပြည့်ကျေးရွာအပါအဝင် ကျေးရွာပေါင်း ၄၇ ရွာတွင် လျှပ်စစ်မီးလင်းပြီဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

## ကျောင်းကုန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းဝတ်ဆင်ရေး ပညာပေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ကျောင်းကုန်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် မြို့မဈေးကြီးအနီးတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူတိုင်း နှာခေါင်းစည်းဝတ်ဆင်ရေး လှုပ်ရှားမှု ဆောင်ရွက်ခြင်းနှင့် အသိပညာပေးခြင်းကို ယနေ့ နံနက် ၉ နာရီတွင် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်ခဲ့သည်။




အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင် အိမ်အပြင်သို့ထွက်သည့် လူတိုင်းသည် နှာခေါင်းစည်း ဝတ်ဆင်သည့် အလေ့အကျင့် ဖြစ်စေရေးအတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လမ်းညွှန်ချက်များကို ပြည်သူများ ကျယ်ပြန့်စွာသိရှိစေရေးတို့ကို နေ့စဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် မြို့နယ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေး အထောက်အကူပြုကော်မတီဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## လှိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်

**လှိုင်ကော် မေ ၂၀**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှိုင်ကော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့်ပူးပေါင်း၍ အသိပညာပေးနှိုးဆော်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစကာကွယ်စို့ လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို ယနေ့ နံနက် ၉ နာရီမှစ၍ ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ဒေသန္တရအမိန့်များကို အသံချဲ့စက်ဖြင့် အသိပေး နှိုးဆော်၍လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ လက္ခဏာများ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပုံ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ၊ စနစ်တကျလက်ဆေးနည်း စသည်တို့ကို လှိုင်ကော်မြို့ မိုင်းလုံးရပ်ကွက်၊ ချိကယ်ရပ်ကွက်၊ နမ့်ကွတ်ရပ်ကွက်၊ ဒေါနိုးကူးရပ်ကွက်၊ ဒေါဆော်ဘီးကျေးရွာနှင့် ဒေါကလိုးခူကျေးရွာများရှိ လမ်းဆုံလမ်းခွများ၊ လူသွားလူလာများသော နေရာများတွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခွန်းနော်(ပြန်/ဆက်)**




## မိုးနဲမြို့မဈေး၌ နှာခေါင်းစည်းနှင့် လက်အိတ်များ အခမဲ့ဖြန့်ဝေ

**မိုးနဲ မေ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် မြို့မဈေးအတွင်း၌ ယနေ့ နံနက် ၇ နာရီက ဈေးသို့လာရောက်ကြသော ပြည်သူများနှင့် ဈေးသူဈေးသားများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်များသန့်စင်စေခြင်းစသည့် ကိုဗစ်-၁၉ ရောဂါ အသိပညာပေးရေးလုပ်ငန်းများကို ပူးပေါင်းအဖွဲ့များက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်မှုတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွဋ် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကြက်ခြေနီအသင်းခွဲ၊ ရှမ်းလူငယ်အဖွဲ့၊ နမ့်ခုံးရှမ်းများပရဟိတအသင်းတို့ ပူးပေါင်း၍ နှာခေါင်းစည်းအခု ၂၅၀၊ လက်အိတ်များကို အခမဲ့ဖြန့်ဝေပေးခြင်း၊ အများမြင်သာသည့်နေရာတို့တွင် အသိပညာပေးပိုစတာများကပ်ခြင်း၊ လက်သန့်ဆေးရည်များဖြင့် လက်သန့်စင်ပေးခြင်း၊ ဈေးအတွင်း လာရောက်ပါက နှာခေါင်းစည်းတပ်ဆင်ပြီးမှသာ လာရောက်စေခြင်း၊ ကိုဗစ် – ၁၉ ရောဂါ အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

**COVID– 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

## ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်လာတဲ့ T. O. P နဲ့ ကင်ဂါဘင်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ T. O. P ဟာ အမျိုးသားတေးဂီတအဖွဲ့ BIGBANG ရဲ့ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါတယ်။ လက်ရှိမှာ T. O. P နဲ့ ကင်ဂါဘင်တို့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေ ပေါ်ထွက်လာခဲ့ရာ အဆိုပါသတင်းတွေနဲ့ ပတ်သက်ပြီး အေဂျင်စီဘက်က ပြန်လည်ရှင်းလင်းခဲ့တယ်လို့ စွန်ပီဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

T. O. P နဲ့ ကင်ဂါဘင်တို့ စုံတွဲရိုက်ကူးထားတဲ့ ဓာတ်ပုံဟာ အွန်လိုင်းမီဒီယာပေါ်မှာ ပျံ့နှံ့နေပြီး တရုတ်မီဒီယာတစ်ခုက သူတို့နှစ်ဦးချစ်သူတွေဖြစ်နေကြောင်း စတင်ရေးသားဖော်ပြခဲ့တာပါ။ အဆိုပါ မီဒီယာရဲ့ဖော်ပြချက်အရ T. O. P နဲ့ ကင်ဂါဘင်တို့ဟာ သမုဒ္ဒရာကို နောက်ခံထားတဲ့မြင်ကွင်းနဲ့ ရိုက်ကူးထားတဲ့ သူတို့တစ်ဦးချင်းစီရဲ့ ဓာတ်ပုံတွေကို လူမှုကွန်ရက်စာမျက်နှာပေါ်မှာ အသီးသီးဖော်ပြခဲ့ကြပါတယ်။ နောက်ပိုင်းမှာ ပြန်လည်ဖျက်ခဲ့ပေမယ့် အဆိုပါ ဓာတ်ပုံတွေမှာ သူတို့နှစ်ဦးဟာ တူညီတဲ့ညဝတ်စုံဒီဇိုင်းကို ဝတ်ဆင်ထားကြကြောင်းလည်း သိရပါတယ်။

အဆိုပါသတင်းတွေအပေါ် ကင်ဂါဘင်ရဲ့ ဖျော်ဖြေရေးအေဂျင်စီက ကြယ်ပွင့်နဲ့ဆက်သွယ်ကာ သတင်းတွေ မှန်ကန်မှု ရှိ၊ မရှိ အတည်ပြုနေဆဲဖြစ်ကြောင်း ပြောကြားခဲ့ပေမယ့် T. O. P ရဲ့ ဖျော်ဖြေရေးအေဂျင်စီကတော့ ကြယ်ပွင့်ရဲ့ ပုဂ္ဂိုလ်ရေးအကြောင်းအရာဖြစ်တာကြောင့် အေဂျင်စီအနေနဲ့ အတည်ပြုပြောကြားနိုင်ခြင်းမရှိဘူးလို့ တုံ့ပြန်ခဲ့ကြောင်းလည်း သိရပါတယ်။

## ကင်ယိုဂျန်ရဲ့ ရုပ်ရှင်သစ် Backstreet Rookie

တောင်ကိုရီးယားဇာတ်လမ်းတွဲရုပ်ရှင်တွေမှာ ကလေးသရုပ်ဆောင်တစ်ဦးအဖြစ် ပရိသတ်တွေနဲ့ စတင်ရင်းနှီးခဲ့တဲ့ ကင်ယိုဂျန်ဟာ လတ်တလောမှာတော့ ဇာတ်လမ်းတွဲရုပ်ရှင်သစ်မှာ ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ထားပါတယ်။ ကင်ယိုဂျန်ရဲ့ ရုပ်ရှင်သစ်ဟာ Backstreet Rookie လို့ အမည်ရကြောင်း စွန်ပီဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



မေ ၂၀ ရက်မှာ ကင်ယိုဂျန် ပါဝင်ထားတဲ့ ရုပ်သံဇာတ်လမ်းတွဲသစ်မှ ပုံရိပ်တွေကို ထုတ်ဖော်ပြသခဲ့ပြီး အဆိုပါ ဓာတ်ပုံတွေမှာ ကင်ယိုဂျန်ဟာ လှပတဲ့ အမျိုးသမီးတစ်ဦးအဖြစ် ပြီးပြည့်စုံတဲ့ အလှတရားကို ပိုင်ဆိုင်ထားတာကိုလည်း တွေ့ရပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲဟာ အချစ်ဇာတ်လမ်းအမျိုးအစားဖြစ်ကြောင်းလည်း သိရပါတယ်။

အဆိုပါ ဇာတ်လမ်းတွဲမှာ ကင်ယိုဂျန်ဟာ စတိုးဆိုင်က အချိန်ပိုင်း အလုပ်သမားတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားတာပါ။ ယင်းဇာတ်လမ်းတွဲကို လာမယ့် ဇွန် ၁၂ ရက်မှာ စတင်ထုတ်လွှင့်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

**အေးပြည့် - စုစည်းသည်**

## တာကာရှီစစ်နိုင်းက အရီရန်နာဂရန်း၁်နဲ့ ဂျက်စတင်ဘီဘာတို့ ဘေဘုတ်နံပါတ်တစ်နေရာကို ဝယ်ယူခဲ့ကြောင်း စွပ်စွဲ

ပေါ့ပ်ကြယ်ပွင့်တွေဖြစ်ကြတဲ့ အရီရန်နာဂရန်း၁်နဲ့ ဂျက်စတင်ဘီဘာတို့ နောက်ဆုံးထုတ်လွှင့်ခဲ့တဲ့ စုံတွဲတေးသီချင်း Stuck With U ဟာ လတ်တလောမှာ ဘေဘုတ်တေးဂီတဇယားမှာ ရောင်းအားအကောင်းဆုံးသော တေးသီချင်းအဖြစ် နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ ဒီလို နံပါတ်တစ်နေရာရဖို့အတွက် အရီရန်နာဂရန်း၁်နဲ့ ဂျက်စတင်ဘီဘာတို့က တေးသီချင်းတွေကို ပြန်လည်ဝယ်ယူခဲ့တာဖြစ်ကြောင်း ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ တာကာရှီစစ်နိုင်းက စွပ်စွဲပြောကြားခဲ့တယ်လို့ အီးအွန်လိုင်းဒွေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

တာကာရှီစစ်နိုင်းက မေ ၁၈ ရက်က သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဗီဒီယိုတစ်ခုကို ဖော်ပြခဲ့ပြီး အဆိုပါဗီဒီယိုမှာ အရီရန်နာဂရန်း၁်နဲ့ ဂျက်စတင်ဘီဘာတို့ တေးသီချင်းသစ်အတွက် ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ဝယ်ယူခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုပြောကြားရာမှာလည်း တာကာရှီစစ်နိုင်းက သူရှာဖွေထားတဲ့ သက်သေတွေကိုလည်း ထုတ်ဖော်ပြသခဲ့တာ တွေ့ရပါတယ်။

အရီရန်နာဂရန်း၁်နဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ တေးသီချင်းသစ် Stuck With U ကို အကြွေးဝယ်ကဒ် ခြောက်ခုကိုသုံးကာ အွန်လိုင်းကနေတစ်ဆင့် ဝယ်ယူခဲ့ပြီး အဆိုပါကဒ်တွေမှ ဝယ်ယူခဲ့တဲ့ပမာဏကြောင့်သာ ယင်းတေးသီချင်းဟာ ဘေဘုတ်ရဲ့ နံပါတ်တစ်နေရာကို ပိုင်ဆိုင်နိုင်တာဖြစ်ကြောင်းလည်း တာကာရှီစစ်နိုင်းရဲ့ပြောကြားချက်အရ သိရပါတယ်။

ဒါ့အပြင် တာကာရှီစစ်နိုင်းက သူ့ရဲ့ တေးသီချင်းသစ် Gooba ဟာ နံပါတ်တစ်နေရာကို ရသင့်ကြောင်း၊ သူ့ရဲ့ တေးသီချင်းဟာ အကြိမ်အများဆုံး ထုတ်လွှင့်ရတဲ့ တေးသီချင်းဖြစ်ပေမယ့် လက်ရှိမှာ ဘေဘုတ်ရဲ့ နံပါတ်သုံးနေရာမှာ ရပ်တည်နေကြောင်းလည်း ထည့်သွင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။


## လက်ထပ်ပြီးစီးပြီးဖြစ်ပါကြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နေ
ခွဲတပ်ကြပ်ကြီး ဦးသန်းထွန်းဦး-ဒေါ်သန်းသန်းနု
တို့၏သားကြီး

**မောင်တင်ထက်နိုင်**

**နှင့်**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ရေတွင်းလမ်း၊ အမှတ်(၂၇) မြေညီနေ
ဦးမြင့်စိုး-ဒေါ်မြင့်သန်း
တို့၏သမီးကြီး

**မဆုမြတ်မိုး (B.Sc, Phys:)**

တို့သည် ၉-၄-၂၀၂၀ ရက် (ကြာသပတေးနေ့)တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်တင်ထက်နိုင်-မဆုမြတ်မိုး**

## ကန့်ကွက်နိုင်ပါကြောင်း


လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/ဇမ္ဗူရပ်)၊ ဦးပိုင်အမှတ်(၄၈)၊ ဧရိယာ(၀.၀၉၃)ဧကရှိ ဦးဘို၊ ဒေါ်ခင်မြင့် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား လယ်ဝေးမြို့နယ်တရားရုံး၏ တရားမကြီးမှုအမှတ်(၁၀)အရ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် အနိုင်ဒီကရီရရှိထားသူ ဦးငွေဖြိုးအောင်(ဘ)ဦးမြတ်ထွန်း [၉/လဝန(နိုင်)၁၅၂၁၂၅] မှ လယ်ဝေးမြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ်(၁၀/၂၀၂၀)အရ မှတ်ပုံတင်ထားရှိသည့် တရားရုံးအနိုင်ဒီကရီ၊ အရောင်းအဝယ်ကတိစာချုပ် မူရင်းများတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၄)၊ ပုဂံလမ်း၊ မြေကွက်အမှတ် (၃၃၃)၊ ဦးမောင်မောင်၊ ဦးခင်မောင်ညို၊ ဦးစိုးစိုး၊ ဦးဝင်းဗိုလ်တို့၏ အမည်ပေါက်သည့် နှစ်(၆၀) မြေငှားဂရန်ပါ မြေအကျယ် ပေ (၄၀ x ၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် အမည်ပေါက်ပိုင်ဆိုင်ပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဦးဖြိုးဟန် [၁၂/ဥကမ(နိုင်)၁၈၄၁၅၆] မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ** | **ညွှန်ကြားချက်အရ** |
| **ဦးဖြိုးဟန်** | **ဒေါ်ဝေဝေခိုင် (ခ) ဒေါ်မြမြငွေး (H.G.P, LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)** |
| | **ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။** |
| | **ဖုန်း-၀၉-၅၄၀၇၂၂၉** |




## ကြော်ငြာရှင်များသို့........

ယခုကာလအတွင်း ကြေးမုံသတင်းစာ(ရန်ကုန်)တွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် ကြေးမုံသတင်းစာတိုက်သို့ လူကိုယ်တိုင်လာရောက် ထည့်သွင်း၍သော်လည်းကောင်း၊ **gmail** (သို့) **Viber** ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**gmail** (သို့) **Viber** ဖြင့် ကြော်ငြာထည့်သွင်းလိုပါက **minzawthein9@gmail.com** (သို့) **Viber** ဖုန်းနံပါတ် **၀၉-၅၁၆၆၅၄၃** သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် **၀၁-၈၃၉၇၃၃၀**၊ **၀၉-၅၁၆၆၅၄၃** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြေးမုံသတင်းစာတိုက်(ရန်ကုန်)**

## ကြော်ငြာရှင်များသို့........

ယခုကာလအတွင်း ကြေးမုံသတင်းစာ(နေပြည်တော်)တွင် ကြော်ငြာထည့်သွင်းလိုပါက ကြော်ငြာရှင်များ အဆင်ပြေချောမွေ့စေရန်အတွက် ကြေးမုံသတင်းစာတိုက်(နေပြည်တော်)သို့ လူကိုယ်တိုင်လာရောက်ထည့်သွင်း၍ သော်လည်းကောင်း၊ **gmail** (သို့) **Viber** ဖြင့် ပို့၍သော်လည်းကောင်း ကြော်ငြာထည့်သွင်းနိုင်ပါသည်။

**gmail** (သို့) **Viber** ဖြင့် ကြော်ငြာထည့်သွင်းလိုပါက **mrrrdmn111@gmail.com** (သို့) **Viber** ဖုန်းနံပါတ် **၀၉-၇၉၇၁၉၅၉၇၅** သို့ အထောက်အထားပြည့်စုံစွာ ပေးပို့ထည့်သွင်းနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် **၀၉-၇၉၇၁၉၅၉၇၅** သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ကြေးမုံသတင်းစာတိုက်(နေပြည်တော်)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်ခြင်းအတွက် မြန်မာကျပ်ငွေ ဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ လယ်ဝေးဘဏ်ခွဲ သံကူကွန်ကရစ်(၂)ထပ် အဆောက်အဦ(၁)လုံးဆောက်လုပ်ခြင်း လုပ်ငန်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း

| | |
|---|---|
| တင်ဒါပုံစံထုတ်ပေးမည့်ရက် | - ၂၅-၅-၂၀၂၀ ရက် |
| တင်ဒါပိတ်မည့်ရက် | - ၂၄-၆-၂၀၂၀ ရက်၊ ၁၆:၀၀နာရီ |
| တင်ဒါပေးသွင်းရမည့်နေရာ | - အင်ဂျင်နီယာဌာန (အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေး ကော်မတီ |

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်း အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်။

**စုံစမ်းရန်နေရာ/ဌာန** - **အင်ဂျင်နီယာဌာန(အဆောက်အအုံ) နေပြည်တော်စည်ပင်သာယာရေးကော်မတီ**
**ဆက်သွယ်ရန်ဖုန်း** - **၀၆၇-၈၁၀၈၂၁၂**

**ယဉ်မင်းအေး**
**အိမ်ခြံမြေအကျိုးဆောင်**
ဈေးကောင်းပေးဝယ်လိုသည်
ဒဂုံ အရှေ့၊ ဒဂုံ မြောက်၊
ဒဂုံ တောင်၊ ဆိပ်ကမ်း
09-421094370
09-458481315
09-421102649

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ မင်္ဂလာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅/ သာဇီအနောက်၊ ဦးပိုင်အမှတ် (၁၂၆ᵃ)၊ ဧရိယာ (၀.၀၈၇) ဧကရှိ ဦးတင့်လွင်ကြီး (ညီ) ဦးမြင့်သိန်း အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအောင်မင်း [၉/ပမန (နိုင်)၀၀၁၅၂၂]မှ အမွေဆက်ခံစာချုပ် (၄၃၂/၂၀၀၇)၊ စွန့်လွှတ်စာချုပ်အမှတ် (၆၇/၂၀၀၇)၊ အရောင်းအဝယ်စာချုပ် အမှတ် (၅/၂၀၀၈)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စု လူဦးရေစာရင်းများ တင်ပြပြီး ဦးပိုင်အမှတ် (၁၂၆ᵃ)၊ ဧရိယာ (၀.၀၈၇) ဧကအနက် ဧရိယာ (၀.၀၃၉) ဧကအား ဦးပိုင်ခွဲစိတ်အမည်ပေါက် ပြောင်းလဲပေးပါရန် လျှောက်ထားမှုအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**



09 515 7160, 09 96 515 7160
ကမ္ဘာ့အေးဘုရားလမ်း ၊ ဗဟန်းမြို့နယ် ၊ ရန်ကုန်

**ရွှေမန်းတောင်** အမှတ်တံဆိပ်
TMR000063(0721)
တဆဝက(စာနယ်ဇင်း) ၁၇၅/၁၀၁၇
**အစာကြေဆေး**
**Digestive Tablet**
အစာမကြေ၊ အစာအိမ်ရောဂါ၊ ချောင်းဆိုး၊ ရင်ကျပ်၊
သလိပ်ကပ်အသံဝင်၊ ခေါင်းအုံ၊ ဇက်လေး၊ ဆီး၊ ဝမ်း၊
လေ ချုပ်ခြင်းများအတွက် အစွမ်းထက်မြန်မာ့တိုင်းရင်းဆေး
ဖြန့်ချိရေး-အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၃၇၆၈၀၈၊၅၄၉၀၄၂၊၅၉၀၀၃၄။

# မီး သ တိ ပြု

အားလုံးကျန်းမာရေး ဒေါ်ကြွယ်ဆေးဆေး

**ဒေါ်ကြွယ်** အမှူငြိမ်း **သွေးဆေး**
အမှတ်တံဆိပ်

မောပန်းမူးဝေ၊ အိပ်မပျော်၊ စားမဝင်၊ ရင်ပြည့်ရင်ကယ်၊ ဝမ်းဖောဝမ်းရောင်၊
ခေါင်းချွေးထွက်၊ ချိုင်းချွေးနံ၊ မီးယပ်ဖြူဆင်းခြင်းနှင့် သွေးဆုံးရောဂါများကို
သုံးစွဲနိုင်ပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - TMR001516(1019)
ဖြန့်ချိရေး - အမှတ်(၁၀၂)၊(၃၈)လမ်းအောက်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၃၇၆၈၀၈၊ ၅၄၉၀၄၂၊ ၅၉၀၀၃၄၊ ၀၉-၈၅၉၈၄၅၃

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၁၇၂) (ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းစီမံကိန်းဇုန်-၃)၊ မြေကွက်အမှတ်-(မင်း-၂)၊ အကျယ်အဝန်း (အလျား ၂၀၀ပေx အနံ ၂၀၀ပေ) အကျယ်ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်မြင့်မြင့်သန်း [၉/မထလ(နိုင်)၀၄၂၅၆၇]အမည်ဖြင့် တည်ရှိလျက်ရှိပြီး၊ ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးဟုန်ကွယ်ချင် [၁၃/လရန(နိုင်)၁၁၈၇၂၅]က လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၉၂၅၅)**
**အမှတ်(၁၀၁)၊ ၅၁-လမ်း(လယ်)၊ ၉-လွှာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၇၂)၊ (ငါးပိ၊ ငါးခြောက်၊ ငံပြာရည် လုပ်ငန်းစီမံကိန်းဇုန်-၃)၊ မြေကွက်အမှတ်-(မင်း-၃)၊ အကျယ်အဝန်း (အလျား ၂၀၀ပေ x အနံ ၂၀၀ပေ) အကျယ်ရှိ မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဒေါ်သွယ်သွယ်ဦး [၁၂/ဥကမ(နိုင်)၁၈၆၃၇၃] အမည်ဖြင့် တည်ရှိလျက်ရှိပြီး ဆက်စပ်စာချုပ်များဖြင့်ဝယ်ယူ၍ လက်ဝယ်ထားပိုင်ဆိုင်လျက်ရှိသူ ဦးဟုန်ကွယ်ချင် [၁၃/လရန(နိုင်)၁၁၈၇၂၅] က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ကျွန်ုပ်၏မိတ်ဆွေအား အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းလာပါသည်။ ကျွန်ုပ်၏မိတ်ဆွေမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက အထောက်အထားမူရင်းများတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီရိနန္ဒာဝင်းနွဲ့ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၂၅၅)**
**အမှတ် (၁၀၁)၊ ၅၁-လမ်း(လယ်)၊ ၉လွှာ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၄၂၀၈၇၁**

# ခေတ်မီအိတ်ချိန်းစက်များ လဲလှယ်ပြီးဖြစ်ပါသဖြင့် အော်တိုတယ်လီဖုန်းနံပါတ်များအား ပြောင်းလဲပါမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) အနေဖြင့် ပိုမိုကောင်းမွန်သည့် အရည်အသွေးနှင့် ခေတ်မီဝန်ဆောင်မှုများကို ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အိတ်ချိန်းများကို ခေတ်မီအိတ်ချိန်းစက်များနှင့် ပြောင်းလဲတပ်ဆင်ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လက်ရှိအသုံးပြုနေသော အော်တိုတယ်လီဖုန်းနံပါတ်များကို ဂဏန်း (၇)လုံးပါရှိသည့် အော်တိုတယ်လီဖုန်းနံပါတ်အသစ်များဖြင့် ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်တွင် စတင်ပြောင်းလဲသွားမည်ဖြစ်ပါသည်။

| နယ်မြေ | အိတ်ချိန်း | လက်ရှိအသုံးပြုနေသော ဖုန်းနံပါတ် | အသစ်ပြောင်းလဲမည့် ဖုန်းနံပါတ် |
|---|---|---|---|
| ဧရာဝတီတိုင်းဒေသကြီး | ကျိုက်လတ် အိတ်ချိန်း | ၀၄၅ - ၄၈ × × × | ၀၄၅ - ၂၀၄၈ × × × |
| | ကျုံပျော် အိတ်ချိန်း | ၀၄၆ - ၅၆ × × × | ၀၄၆ - ၂၂၅၆ × × × |
| | ကျုံမငေး အိတ်ချိန်း | ၀၄၂ - ၆၅ × × × | ၀၄၂ - ၂၀၆၅ × × × |
| | ဇလွန် အိတ်ချိန်း | ၀၄၄ - ၃၅ × × × | ၀၄၄ - ၂၀၃၅ × × × |
| ပဲခူးတိုင်းဒေသကြီး (အနောက်) | အုတ်ဖို အိတ်ချိန်း | ၀၅၃ - ၈၀ × × × | ၀၅၃ - ၂၀၈၀ × × × |
| | ပန်းတောင်း အိတ်ချိန်း | ၀၅၃ - ၄၀ × × × | ၀၅၃ - ၂၀၄၀ × × × |
| | ပေါင်းတလည် အိတ်ချိန်း | ၀၅၃ - ၄၉ × × × | ၀၅၃ - ၂၀၄၉ × × × |
| မကွေးတိုင်းဒေသကြီး | ကံမ(ပခုက္ကူ) အိတ်ချိန်း | ၀၆၂ - ၆၀ × × × | ၀၆၂ - ၂၀၆၀ × × × |
| | မင်းတုန်း အိတ်ချိန်း | ၀၆၈ - ၄၀ × × × | ၀၆၈ - ၂၀၄၀ × × × |
| | ဆိပ်ဖြူ အိတ်ချိန်း | ၀၆၁ - ၃၀ × × × | ၀၆၁ - ၂၂၃၀ × × × |
| မွန်ပြည်နယ် | ကျိုက်မရော အိတ်ချိန်း | ၀၅၇ - ၈၆ × × × | ၀၅၇ - ၂၀၈၆ × × × |
| | တောင်ဇွန်း အိတ်ချိန်း | ၀၅၇ - ၆၆ × × × | ၀၅၇ - ၂၀၆၆ × × × |
| စစ်ကိုင်းတိုင်းဒေသကြီး | ပုလဲ အိတ်ချိန်း | ၀၇၁ - ၃၅ × × × | ၀၇၁ - ၂၀၃၅ × × × |
| | ကျွန်းလှ အိတ်ချိန်း | ၀၇၅ - ၅၉ × × × | ၀၇၅ - ၂၀၅၉ × × × |
| ရန်ကုန်တိုင်းဒေသကြီး | လေးထောင့်ကန် အိတ်ချိန်း | ၀၁ - ၅၉၉ × × × | ၀၁ - ၇၅၉၉ × × × |

နံပါတ်အဟောင်းမှ နံပါတ်အသစ်သို့ ပြောင်းလဲစဉ်ကာလအတွင်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိမိတို့၏ ဝန်ဆောင်မှုကို အသုံးပြုနေသူများ ဆက်သွယ်မှုအဆင်ပြေစေရန် Call Forward ဝန်ဆောင်မှုကို ပြောင်းလဲတပ်ဆင်သည့်နေ့မှစ၍ ဩဂုတ်လ (၃၁) ရက်အထိ အခမဲ့ပေးထားမည်ဖြစ်ပြီး သုံးစွဲသူများသည် နံပါတ်အသစ်သို့ ပြောင်းလဲနေစဉ်ကာလ အတွင်းတွင် လက်ရှိနံပါတ် (သို့မဟုတ်) နံပါတ်အသစ်သို့ ခေါ်ဆိုနိုင်မည်ဖြစ်ပါသည်။

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၁၂၃)၊ ကျောက်စိမ်း(၁)လမ်း၊ ဧရိယာ(၀.၀၅၄)ဧက (အလျား ပေ၄၀xအနံပေ၆၀)ရှိ မြေအမျိုးအစားနှစ်(၆၀)ဂရန်မြေကွက်အား မြေအမည်ပေါက် ပိုင်ဆိုင်သူထံမှ တရားဝင်ဝယ်ယူထားရှိပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးနေမျိုးသူ[၁၂/ဥကတ(နိုင်)၀၀၂၂၄၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်သန့်နိုင်[၁၃/ရစန(နိုင်)၀၀၆၁၂၁]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အထက်ပါ အရောင်းအဝယ်ကို အောင်မြင်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်မြင့်(LL.B)** | **ဒေါ်စုစုနိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၂၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၇၉၈၁)** |

**အမှတ်(၁၄၅)၊ အင်းဝလမ်း(၂၀)၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၅၁၈၈၀၄၂**

## ပျောက်ဆုံးကြောင်းကြေညာလွှာ

ကျွန်တော်များ GOLDEN LACE DAEWOO CO.,LTD. သည် ကုမ္ပဏီရုံးခန်းအသစ် ပြောင်းရွှေ့ဖွင့်လှစ်ရာ ကုမ္ပဏီ၏ Allowed Shipment (ED 200018283741) စာရွက်စာတမ်းများ ပျောက်ဆုံးသွားခဲ့ပါသဖြင့် ပြန်လည်တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၇၉၂၆၃၈၂၃၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ စက်မှု(၄)လမ်း၊ အမှတ်(၇၃)ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တိုက်၏ပထမထပ်နှင့် ဒုတိယထပ်(နှစ်ခန်း)ကို ပိုင်ဆိုင်သော ဒေါ်မြတ်မြတ်ထွေး (မိခင်)မှ သမီးဖြစ်သူ ကျွန်ုပ်အမှုသည် မသီရိမြတ်အား စာချုပ်စာတမ်းများဖြင့် ၁၀-၂-၂၀၂၀ ရက် မေတ္တာဖြင့် ပေးကမ်းခဲ့ပါသည်။ သားနှစ်ဦးမှလည်း သဘောတူခဲ့ကြပါသည်။

ထို့ကြောင့် ယင်းပိုင်ဆိုင်ခွင့်များကို မသီရိမြတ် တစ်ဦးတည်းသာ ပိုင်ဆိုင်ပြီး ပေါင်နှံ၊ ရောင်းချ၊ လွှဲပြောင်းခဲ့ခြင်းများ လုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်သန်းရီ**
**အထက်တန်းရှေ့နေ(စဉ်-၂၁၁၇၉)၊**
**အမှတ်(၄၁)၊ မြေညီ၊ ၁၂၀လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ Ph:09-425323864**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်း မြို့သစ် ၄လမ်း၊ အမှတ်(116)နေ ကျွန်မ ဒေါ်စန်းစန်းရွှေ[၁၄/ဘကလ(နိုင်)၁၃၇၀၉၉]၏သားဖြစ်သူ မောင်ထက်နန္ဒ[၁၂/ဒလန(နိုင်)၁၀၀၃၇၅] သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမဆို (လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်စန်းစန်းရွှေ[၁၄/ဘကလ(နိုင်)၁၃၇၀၉၉]**

# မီးဘေးရှောင် မလောင်ခင်တား

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ မြေကွက်အမှတ်-၆၉½၊ အကျယ်အဝန်း (၂၀' x ၆၀')၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ် (၆၉/က)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အမည်ပေါက် ဦးမြသန်းထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သန္တာအေး (၁၂/ဒဂရ (နိုင်) ၀၀၆ရ၃၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရံငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသောစာရွက်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကို တရားဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဦးကျော်ဟန်** (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၇၈၇၆/၂၀၁၁)
**တိုက် (၆၉)၊ အခန်း (၂)၊ ကမာလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
Ph: 09 5059840, 09 799574424




ရန်ကုန်မြို့ရှိ ကွန်ဒိုတိုက်ခန်းများနှင့် အိမ်ရာများတွင် အထူးစျေးနှုန်းဖြင့် တပ်ဆင်ရရှိနိုင်ပါပြီ။

5BB BROADBAND Global Technology Company

ဖုန်းဆက်ရုံဖြင့် လူကြီးမင်းတို့၏အိမ်ရာအရောက် လာရောက်၍ဆွေးနွေးညှိနှိုင်းပေးပါသည်။



စိတ်အချရဆုံးနှင့် ဝန်ဆောင်မှုအကောင်းဆုံး အင်တာနက်

အမှတ် - ၄၇၁၊ ပြည်လမ်း၊ Novotel Hotel အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၉ ၄၀၆၆၄ ၆၆၆၁၊ ၀၉ ၄၀၆၆၄ ၆၆၆၂

**၂၈-၄-၂၀၂၀ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၀)တွင် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်း၊ ကျောက်စိမ်း (၂)လမ်း၊ အဆောင် (၆၂)၊ အခန်း (၁၀)နေ မမိုးကြီး(ခ)မိုးသန္တာဦး [၁၂/တမန(နိုင်)၀၉၉၆၂၂](မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးကျော်ဇင်ဦး (စဉ်-၅၂၈၈)၏ "Myanmar Shwe Dinggar Family Co.,Ltd. သိစေရန် အကြောင်းကြားခြင်း" ခေါင်းစဉ်ပါ ကြေညာချက်အပေါ် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့် သက်ဆိုင်သူများမှ အဖြစ်မှန်များသိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်-၇၇တွင် တည်ထောင်ဖွင့်လှစ်ထားသည့် Myanmar Shwe Dinggar Family Co.,Ltd. ၏ Managing Director ဦးမောင်မောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးမှ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် Myanmar Shwe Dinggar Family Co.,Ltd. ထံမှ သံချောင်းဆိုဒ်စုံအား အရစ်ကျပေးသွင်းခြင်းစနစ်ဖြင့် ဝယ်ယူခဲ့သူဖြစ်ပါသည်။ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် Myanmar Shwe Dinggar Family Co.,Ltd. ထံမှ ၁၄-၁-၂၀၂၀ရက်တွင် စတင်ဝယ်ယူခဲ့သော သံချောင်းဆိုဒ်စုံတန်ဖိုးစုစုပေါင်း(၄၀၃၂၂၈၂၉၀/-)အနက်(၂၄၀၂၅၃၇၉၀/-)ကိုသာ အလီလီပေးသွင်းခဲ့သဖြင့် သံချောင်းဖိုးကျန်ငွေ(၁၆၂၉၇၅၂၄၆/-)ကို ပေးသွင်းရန်ကုမ္ပဏီမှ တောင်းခံသည့်အခါ ၃၀-၃-၂၀၂၀ရက်တွင် ကုမ္ပဏီသို့ အပြေအကျေ ပေးသွင်းခဲ့ကြောင်း အထောက်အထားများ အပြည့်အစုံရှိနေပါသည်။

မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် မိမိနှင့် Myanmar Shwe Dinggar Family Co.,Ltd. အကြား သံချောင်းဖိုးငွေများနှင့်ပတ်သက်၍ ပေးရန်/ရရန်မရှိတော့ပါကြောင်း ကောင်းစွာသိရှိပါလျက် ကုမ္ပဏီသို့ သံချောင်းဖိုးပေးရန်ကျန်ငွေ (၁၆၂၉၇၅၂၄၆/-) ကို မြန်မာနိုင်ငံ၊ ရန်ကုန်မြို့အပါအဝင် ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားနေသည့်အတွက် အရောင်းအဝယ်လုပ်ငန်းများ ရပ်ဆိုင်းနေသည်ဟူသောအကြောင်းပြချက်ဖြင့်(၂)လခန့်စောင့်ဆိုင်းပေးရန် အကြောင်းကြားစာ တစ်စောင်အား ကုမ္ပဏီ၏ Viber သို့ ၂၀-၄-၂၀၂၀ ရက်တွင် ပေးပို့လာခဲ့ပါသည်။

ကုမ္ပဏီမှလည်း မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး (မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)သည် ကုမ္ပဏီသို့ ပေးရန်ရှိသော သံချောင်းဖိုးကျန်ငွေများအား အပြေအကျေပေးချေပြီးဖြစ်ပါလျက် ကုမ္ပဏီသို့ သံချောင်းဖိုးပေးရန်ကျန်ငွေများအား နှစ်လစောင့်ဆိုင်းပေးပါရန် အကြောင်းကြားလာခြင်းမှာ မှားယွင်း၍ အကြောင်းကြားခြင်းဖြစ်သည်ဟု သဘောရိုးဖြင့်ယုံကြည်သည့်အတိုင်း မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးသို့ လိပ်မူ၍ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးသည် ကုမ္ပဏီသို့ပေးရန်ရှိသော အိမ်ဆောက်ပစ္စည်းသံချောင်းဖိုးကျန်ငွေ (၁၆၂၉၇၅၂၄၆/-)ကို ၃၀-၃-၂၀၂၀ ရက်က ပေးချေခဲ့၍ လက်ခံရရှိပြီးဖြစ်သဖြင့် ပေးရန်ကြွေးကျန်မရှိတော့ကြောင်းနှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး ပေးပို့သော ၂၀-၄-၂၀၂၀ ရက်စွဲပါ အကြောင်းကြားစာပါဖော်ပြချက်များ မှားယွင်းနေကြောင်း ဖော်ပြထားသည့် ပြန်လည်အသိပေးအကြောင်းကြားစာကို ၂၂-၄-၂၀၂၀ရက်တွင် ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့သည် Viber မှတစ်ဆင့် မမိုးကြီး (ခ) ဒေါ်မိုးသန္တာဦးထံ ပြန်လည်ပေးပို့ခဲ့ပြီး ဖြစ်ပါသည်။

သို့ရာတွင် မိုးကြီးအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး၏ မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ Myanmar Shwe Dinggar Family Co.,Ltd. သို့ ပေးရန်ကျန်ရှိသော သံချောင်းဖိုးငွေ (၁၆၂၉၇၅၂၄၆/-) ကို မိမိရရန်ရှိသော ကုန်ဖိုးကြွေးကျန်ငွေများ တောင်းခံရရှိခြင်း မရှိသည့်အတွက် ကုမ္ပဏီသို့ ပေးဆပ်ရန် အခက်အခဲရှိနေသဖြင့် ခေတ္တစောင့်ဆိုင်းပေးရန် အကြောင်းကြားခြင်းကြေညာချက်ကို ၎င်း၏ လွှဲအပ်ညွှန်ကြားချက်အရ ရှေ့နေ ဦးကျော်ဇင်ဦးမှ သတင်းစာတွင် ထည့်သွင်းကြေညာခြင်းမှာ အဖြစ်မှန်များနှင့် များစွာကွဲပြားနေသည့်အပြင် ရိုးသားမှုမရှိသဖြင့် အဖြစ်မှန်များသိရှိစေရန်နှင့် မမိုးကြီး(ခ)ဒေါ်မိုးသန္တာဦးနှင့် သက်ဆိုင်သူများ သိရှိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းထွန်း (B.A, H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၁၃/၁၉၈၅)**
**အမှတ်-၁၇၄၊ ပထမထပ်၊ ၄၉လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၃၁၅၅၇၊ ၀၉-၉၆၅၁၃၁၅၅၇**

**"ပြင်ဆင်ဖတ်ရှုပါရန်"**

(၂၀. ၅. ၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာ ကြော်ငြာ၊ စာမျက်နှာ- ၃၀ တွင် ဒေါ်ဟေမာကျော်ဇော၏ မှတ်ပုံတင်အမှတ်အား [၇/ပမန (နိုင်) ၁၄၀၅၄၄] ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၃)လမ်း၊ အမှတ်(၁၀၅)၊ မြေကွက်ပေါ်ရှိ (၅)ထပ်တိုက်၏ မြေညီထပ် လူနေတိုက်ခန်းနှင့်ပတ်သက်၍ အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ လူနေတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်လင်း(ခ) ဦးကျော်ကျော်မင်း[၁၃/နခတ(နိုင်)၀၀၂၇၇၀]က ၈-၁၁-၂၀၁၉ ရက်စွဲပါ နေအိမ်တိုက်ခန်း အပြီးအပိုင်လွှဲပြောင်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဦးကျော်သူရအေး[၇/ဝမန(နိုင်)၀၇၇၇၀၅]ထံမှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသော လူနေတိုက်ခန်းဖြစ်သောကြောင့် ကျွန်ုပ်တို့မိတ်ဆွေ၏ အတိအလင်းစာဖြင့် သဘောတူညီခွင့်ပြုချက်မရဘဲ မည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ဝင်ရောက်နေထိုင်ခြင်းမှစ၍ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်မရှိကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားမဝင်ကြောင်းနှင့် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးယဉ်ထွန်း(LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၅၁)**
**ဒေါ်မျိုးကေသွယ် (LL.B, LL.M,D.M.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၃၀)**
**ရုံးခန်း-အမှတ်(၁၀/၉၇)၊ နွယ်သာကီမှတ်တိုင်အနီး၊**
**မြနန္ဒာပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၀၂၅၆၄**

**အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ရပ်ကွက်၊ (၁၀၈)လမ်း၊ အမှတ်(၂၄)၊ လေးလွှာနေ ဦးအောင်မင်းထွန်း [၁၂/ပဇတ(နိုင်) ၀၀၉၅၀၇]နှင့် ဒေါ်ဥမ္မာမြင့် [၁၂/ကမရ(နိုင်)၀၃၃၆၅၅]တို့၏ သားငယ် မောင်ကျော်ဇင်ဟိန်းသည် မိဘ(၂)ပါး၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘ(၂)ပါးအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ခြိမ်းခြောက်ခြင်းများ၊ မိဘ(၂)ပါး၏ဂုဏ်သိက္ခာကျဆင်းအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်မှုများ ပြုလုပ်သောကြောင့် ယနေ့ကြော်ငြာသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ထို့ကြောင့် ယနေ့မှစ၍ မိဘ(၂)ပါးအား ရန်သူသဖွယ် အရှက်တကွဲအကျိုးနည်းအောင် ပြုမူခဲ့ခြင်းများကြောင့် မိဘ(၂)ပါး၏ အမွေကို ဆက်ခံခွင့် မရှိတော့ကြောင်း အသိပေးကြေညာလိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မောင်ကျော်ဇင်ဟိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင်-ဦးအောင်မင်းထွန်း၊ မိခင်-ဒေါ်ဥမ္မာမြင့်**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ရိပ်သာလမ်း၊ အမှတ်(၈၅)၊ (၆)ထပ်တိုက်၊ (၄)လွှာ၊ ခြေရင်းခန်းပေ(၁၂ $\frac{၁}{၂}$ x ၅၀)အကျယ်ရှိ တိုက်ခန်းအား ကန်ထရိုက်တာ ဦးမြင့်အောင် [၁၂/သခန(နိုင်)၀၀၆၇၆၈] အမှတ်(၃၁)၊ အင်းဝလမ်း၊ ကျောက်မြောင်းရပ်ကွက်၊ ရန်ကုန်မြို့နေထိုင်သူထံမှ ကန်ထရိုက် ပိုင်ဆိုင်သူအခန်းအား ကျွန်မ ဒေါ်ချိုချိုပြုံး[၁၂/လသန(နိုင်)၀၀၃၀၄၄]မှ ၂-၂-၂၀၁၇ ရက်တွင် မြေရှင်များဖြစ်ကြသော (၁) ဦးကြူရှိန်၊ (၂) ဒေါ်မြမြ၊ (၃) ဒေါ်ကျင်ဟူတို့၏ အသိသက်သေလက်မှတ်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသိသက်သေများရှေ့တွင် လက်မှတ်ရေးထိုး၍ မြေတူးသည့်နေ့မှစ၍ တိုက်ခန်းတန်ဖိုးငွေ သိန်း(၁၈၀၀၀၀၀၀/-) (ကျပ်သိန်းတစ်ရာ့ရှစ်ဆယ်)အား ပေးချေ ဝယ်ယူပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း မပြုလုပ်ရန် အသိပေးအပ်ပါသည်။ ကျွန်မ၏ ခွင့်ပြုချက်မရှိဘဲ ပြုမူခဲ့ပါက သက်ဆိုင်ရာဥပဒေများအရ အရေးယူမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုပြုံး[၁၂/လသန(နိုင်)၀၀၃၀၄၄]**
**C/4၊ မွန်မြတ်မေတ္တာအိမ်ရာ၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၆၆၂၅၄၊ ၀၉-၇၈၇၁၅၇၁၅၆**

**ကန့်ကွက်နိုင်ပါသည်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ (၅၆)လမ်းတို၊ အမှတ်(၈၆)နေ ဦးကျော်မြင့်[၁၂/ပဇတ(နိုင်)၀၄၀၉၀၈]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ်(၆၀)၊ တိုက်-B၊ အခန်း-1/A မြေညီထပ်၊ ဧရိယာအကျယ်အဝန်း(၁၆၂၄)စတုရန်းပေအကျယ်အဝန်းရှိ ကံ့ကော်ကွန်ဒိုဟုခေါ်တွင်သော ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမြင့်သိန်း[၁၂/ဗတထ(ဧည့်)၀၀၀၁၇၃]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်မြင့်က အပြီးအပိုင်ဝယ်ယူရန်အတွက် ၁၇-၅-၂၀၂၀ ရက်တွင်"နှစ်ဦးသဘောတူ ကွန်ဒိုတိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်"ဖြင့် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိန်(စဉ်-၇၈၀၀)** — **ဒေါ်ရည်မွန်အောင်(စဉ်-၅၀၆၁၂)**
**ဒေါ်ဟေမာန်ဦး(စဉ်-၁၄၃၄၀)** — **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံးခန်း- အမှတ်(၈၃)၊ အခန်း(၁၁)၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၄၈၂၈၈၃၁၈၊ ၀၉-၇၉၂၈၁၀၄၇၀**

## တစ်လပြည့်လွမ်းဆွတ်သတိရခြင်း

**ဒေါ်စမ်းစမ်းညွန့်**

**(B.A, B.Ed)၊ အထက်တန်းပြ (ငြိမ်း)**

**အသက် (၈၂) နှစ်**

ကျေးဇူးရှင်မိခင်ကြီး ဒေါ်စမ်းစမ်းညွန့် အသက်(၈၂)နှစ် ကွယ်လွန်သွားခဲ့သည်မှာ ၂၁-၅-၂၀၂၀ ရက်နေ့တွင် တစ်လပြည့်ခဲ့ပြီဖြစ်သော်လည်း ဆုံးရှုံးမှုများစွာနဲ့ အစားထိုးလို့မရတဲ့ မိခင်ကြီးကို တစ်နေ့မှမေ့မရပါ။ မိခင်ကြီးအတွက် ရည်စူး၍ ပြုလုပ်ပေးသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာခုခေါ်ဆိုနိုင်ပါစေရန် ဆုတောင်းလျက်။

**သားသားလေး Cpt. ဇော်မိုးဟန်-ဒေါ်သီရိလှိုင်**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကိုကိုကြီး**

**အသက် (၉၁) နှစ်**

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ ပါမောက္ခ ဒေါက်တာညိမ်းညိမ်း၏ဖခင်ကြီး ဦးကိုကိုကြီး အသက် (၉၁)နှစ်သည် ၁၂-၅-၂၀၂၀ ရက်နေ့က ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ**
**မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ်**

## ကျေးဇူးတင်လွှာ

၁၅-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သော မိခင်ကြီး ဒေါ်သိန်းနွဲ့(ဖျာပုံ) အသက်(၉၂)နှစ် ဌာနခွဲမှူး(ငြိမ်း)၊ ဂုန်နီစက်ရုံ/အုတ်ကျင်း၏ဈာပနကိစ္စအရပ်ရပ်ကို အဘက်ဘက်မှ ကူညီပံ့ပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ရန်ကုန်မြို့၊ ရန်ကင်း၊ (၆)ရပ်ကွက်၊ သာရေးနာရေးလူမှုရေးအဖွဲ့များအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုထံ စာနာသော စိတ်ထားများဖြင့် တယ်လီဖုန်း/လူမှုမီဒီယာများမှ ဆက်သွယ်၍ နှစ်သိမ့်အားပေးကြသော/စိတ်ဓာတ်အင်အားမြှင့်တင်ပေးခဲ့ကြသော ရပ်နီးရပ်ဝေး မိသားစု၊ ဆွေမျိုး၊ မိတ်သင်္ဂဟများ၊ EU/ GOPAအဖွဲ့သားများအားလည်းကောင်း ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်ဇော်**

**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၇၆) နှစ်**

အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင် ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ် (စီမံ)နှင့်**
**အုပ်ချုပ်မှု၊စီမံကိန်း၊နိုင်ငံတကာ၊ငွေစာရင်းမှ ဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**စိုင်းဘုန်းထူး(ခ)ဘုန်းထူးချမ်း(ဓာတ်ပုံ-စိုင်းဘုန်းထူး)**

**အသက် (၆၅) နှစ်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၈)လမ်း(အလယ်ဘလောက်)၊ အမှတ်(၁၀၀)နေ ဒေါ်ဖြူဖြူညွန့် (ကုန်ထုတ်ဓာတုဗေဒ-၁၉၇၃)၏ ချစ်လှစွာသောခင်ပွန်း စိုင်းဘုန်းထူး(ခ)ဘုန်းထူးချမ်း (ဓာတ်ပုံ-စိုင်းဘုန်းထူး)သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ကုန်ထုတ်ဓာတုဗေဒ/အသုံးချဓာတုဗေဒအသင်း**
**အလုပ်အမှုဆောင်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မော်မော်**

**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ပုသိမ်မြို့**

**အသက် (၆၂) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၆)၊ ဈေးရပ်တန်းလမ်းနေ အဘ (ဦးတင်ထွဋ်)၊ အမိ ဒေါ်တင်မမတို့၏သမီး ဒေါ်မော်မော်သည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

(စိတ်ရင်းကောင်း၍ အလုပ်ကြိုးစားခဲ့သည်။ ကွယ်လွန်ခါနီးချိန်ထိ ဒါန၊ သီလ၊ ဘာဝနာတရားများ ပွားများအားထုတ်ခဲ့၍ ကောင်းရာလားနိုင်ပါစေ။)

**ဒေါ်ခင်ပြုံးညို၊ ဒေါ်သီတာစန်း၊ ဒေါ်ချောစုခိုင်၊ ဒေါ်ချမ်းမြေ့ကြည်၊**
**ဒေါ်ခင်ချောစုလှိုင်၊ ဒေါ်နေခြည်စော၊ ဒေါ်မြင့်မြင့်ရီ၊ ဒေါ်နှင်းနုဝင်း၊**
**ဒေါ်မြင့်မြင့်ရှိန်၊ ဒေါ်တင်မာဦး၊ ဦးဝင်းထွဋ်၊ ဦးဇေယျာလင်းသူ**

## သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ရေတွင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး

## ဒေါ်တင်တင်ပြုံး(ခ)ဒေါ်ပြုံး

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ စံပြ ဖဆပလရပ်ကွက်၊ တိုက်(ဟောင်း)၂၊ အခန်း(၁၄)နေ (ဦးကြူရှန်-ဒေါ်အုန်းကြင်)တို့၏ သမီး၊ (အထောက်တော် ဦးမင်းအောင်)၏ ဇနီး၊ ဦးခင်မောင်ဦး၊ ဒေါ်သီတာမင်းအောင်၊ ဦးဇော်အောင်(အငြိမ်းစား၊ ညွှန်ချုပ်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဒေါ်ဖြိုးသုနန္ဒာအောင် (UN WOMEN)၊ ဒေါက်တာကြည်နူးပြုံးမင်းအောင် (YGH)တို့၏ ချစ်လှစွာသောအဘွား၊ မောင်ဇေယျာတုအောင်၏ ဘွားဘွားကြီး ဒေါ်တင်တင်ပြုံး(ခ)ဒေါ်ပြုံးသည် ၁၇-၅-၂၀၂၀ ရက်နေ့ ညနေ ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ဒေါ်စန်းဥမ္မာ

**အသက် (၅၂) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကုန်းမြင့်ရိပ်သာ၊ ဧရာဝတီသစ်ခွဥယျာဉ်လမ်း၊ ခြံအမှတ်(၂-A)နေ [ဦးစန်းဝိုး(ခ)ဂိုကူစန်(ခ)မောင်စန်း-ဒေါ်လိုစွန်းဝါ(ခ)ဒေါ်ရှုဝါ]တို့၏ သမီး၊ ဦးကျော်ကျော်၏ ညီမ၊ ဦးမောင်မောင်ဝင်း-ဒေါ်စုစုရီတို့၏ ချစ်လှစွာသောတူမသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၅ နာရီတွင် ရုတ်တရက် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်ဆွေအပေါင်းများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးမျိုးကျော်

**အသက်(၄၉) နှစ်**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၈၅၂)နေ ဦးတိုးမြင့်(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ မဝတအတွင်းရေးမှူး-ဟောင်း)-ဒေါ်ရင်ဌေးတို့၏သား၊ ဦးခင်မောင်သစ်-ဒေါ်သင်းသင်းဦးတို့၏ ညီ/မောင်၊ မဖူးပွင့်ကေခိုင်၏ ဦးလေးသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ည ၁၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးသန့်ဇော်**

**အထွေထွေမန်နေဂျာ (အုပ်ချုပ်မှု)၊ (ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၇၆) နှစ်**

အဆောက်အဦဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲမင်းဇော်၏ဖခင် ဦးသန့်ဇော်သည် ၁၈-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အဆောက်အဦဦးစီးဌာန၊**
**အရာထမ်း/အမှုထမ်း ဝန်ထမ်းမိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးခိုင်ဇော်ဦး**

**IT Manager, Premium Distribution Co.,Ltd.**

**အသက် (၃၆) နှစ်**

အမှတ်(၁၈)၊ ကမာကြည်လမ်း၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာခြည်လင်း၏ချစ်လှစွာသောခင်ပွန်း ဦးခိုင်ဇော်ဦးသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အန်တီနွယ်၊ အန်တီဥမ္မာ၊ အန်တီမိနှင့်**
**Premium Sojitz Logistics Co.,Ltd. ဝန်ထမ်းများ**
**Arctic Sun Co.,Ltd. ဝန်ထမ်းများ**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာကြီး

## ဦးခင်မောင် (သရက်မြို့)

**အထက်တန်းရှေ့နေ**

**အသက် (၈၄) နှစ်**

သရက်မြို့၊ ရွှေဘုံသာရပ်၊ သံကြိုးလမ်း၊ အမှတ် (၅၃)နေ (ဒေါ်ခင်တင့်)၏ ခင်ပွန်း၊ ဒေါ်သန်းသန်း၏အစ်ကို၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၇)လမ်း၊ အမှတ်(၁၄၄)၊ မြေညီနေ ဦးမင်းသူ-ဒေါ်မီမီထွန်း၊ သရက်မြို့၊ ရွှေဘုံသာရပ်၊ သံကြိုးလမ်း၊ အမှတ်(၅၃)နေ (ဦးဇော်သူ)-ဒေါ်လှဲ့လှဲ့ခိုင်၊ ဒေါ်စန္ဒာသူ(ရွှေမင်းသမီး-စက္ကူနှင့် စာရေးကိရိယာ)၊ ဦးအောင်သူ-ဒေါ်ဥမ္မာလှိုင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ (မောင်သူရမင်းမြတ်)-မဆုမြတ်မွန်ဝင်း၊ မောင်မင်းသန့်စင်၊ မောင်မင်းခန့်စည်သူ၊ မအိမေမီသူ၊ မောင်ကောင်းစစ်နိုင်တို့၏အဘိုး ဦးခင်မောင်သည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ည ၇:၄၅ နာရီတွင် ရန်ကုန်မြို့၊ ဦးနှောက်နှင့်အာရုံကြောခွဲစိတ်ကုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

## ဒေါ်စိန်မြင့်(ပေါက်တပင်)

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၄/၆) ရပ်ကွက်၊ ဟံသာဝတီလမ်း၊ အမှတ်(၇၀၇)နေ (ဦးညွန့်သိန်း-ဒေါ်သိန်းမြ)တို့၏သမီးကြီး၊ ဦးလှမောင်၏ဇနီး၊ ဒေါ်အေးအေးဝင်း(AGM-ငြိမ်း၊ မြဝတီဘဏ်)၊ ဦးတင့်ဝေ(AGM-လေကြောင်းဦးစီး)-ဒေါ်မိုးအေး၊ ဒေါ်မြတ်မြတ်ဝင်း (Group Finance Manager MWDC)၊ (ဒေါ်စန်းစန်းဝင်း)၊ ဒေါ်မွန်မွန်ငြိမ်း (ကထိက၊ အင်္ဂလိပ်စာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏ မိခင်၊ မောင်အောင်စည်သူဦး (တတိယနှစ်၊ ဆေးတက္ကသိုလ်-၂)၊ မောင်မင်းသုတ (ထ/၆ ရွှေပေါက်ကံ)တို့၏ဘွားဘွားကြီးသည် ၁၉-၅-၂၀၂၀ (အင်္ဂါနေ့) ည ၁၁:၃၄ နာရီတွင် နေအိမ်၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၅-၂၀၂၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## လွမ်းမပြေပါနိုင်၊ ကိုးနှစ်တိုင်

**ဦးခင်**

**(B.Sc Engg.)၊ အင်ဂျင်နီယာညွှန်ကြားရေးမှူး (ငြိမ်း)**

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

**(၂၁.၅.၂၀၁၁ မှ ၂၁.၅.၂၀၂၀)**

အဖေကြီးရေ

- ခွဲခွာသွားခဲ့တာ ကိုးနှစ်ပြည့်ခဲ့ပေမဲ့ အဖေကြီးရဲ့ကြီးမားလှတဲ့ကျေးဇူးတရားများကို အစဉ်အောင်းမေ့သတိရလျက် အဖေကြီးရဲ့ အေးမြလှတဲ့မေတ္တာရိပ်အောက်မှာ ခိုလှုံနေဆဲပါ။
- အဖေကြီး ခရီးထွက်ပြီးရင် ပြန်လာနေကျမို့ ခုလဲ ပြန်လာလေမလားလို့ အခါခါမျှော်ငေးနေမိပါတယ်။ နေ့စဉ်ညစဉ် တသသ အောင်းမေ့သတိရလျက် လွမ်းလို့ မပြေနိုင်အောင် ရှိနေရပါတယ်။
- အဖေကြီးကိုရည်စူး၍ နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ကောင်းမှုကုသိုလ်တွေ ပြုလုပ်ပြီး အမျှပေးဝေလိုက်ပါတယ်။ အဖေကြီး ရောက်ရှိရာဘုံဘဝမှ ကြားသိသာခုခေါ်ဆိုနိုင်ပါစေ။

အဖေကြီးရေ အမျှ-အမျှ-အမျှ

**ချစ်ဇနီး ဒေါ်ခင်ခင်ထွေး၊ ချစ်ညီမ ဒေါက်တာဒေါ်ခင်ညို**
**ချစ်သားသမီးများနှင့် မြေးများ**

## ကျေးဇူးအထူးတင်ရှိခြင်း

၈-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးတွင် ဆေးကုသမှုတက်ရောက်ခံယူခဲ့သော ကျွန်ုပ်တို့၏မိခင်ကြီး (ဒေါ်ခင်ခင်)အား စောင့်ရှောက်ကုသမှုပေးခဲ့ပါသော ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ညွန့်ညွန့်ဝေ-ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ဆေးပညာ ပါမောက္ခ ဌာနမှူး ဒေါက်တာဦးဇော်လင်းအောင်နှင့်တကွ အထူးကြပ်မတ်ကုသဆောင်နှင့် ဆေးကုသဆောင်မှ ဆရာဝန်/ဆရာမများ/ဝန်ထမ်းများနှင့် ဈာပနတွင် ကူညီလိုက်ပါပို့ဆောင်ပေးကြပါသော ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းအား အထူးပင်ကျေးဇူးတင်ပါသည်။

**ကျန်ရစ်သူမိသားစု**



## သင့်သွေးဖြင့် အသက်ကယ်ပါ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်ကြီးအောင်သစ်

**လေ/၂၂၇၀**

**တပ်မတော်-လေ၊ ငြိမ်း**

**အသက် (၇၉) နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ခ)ရပ်ကွက်၊ မြရတနာ(၂)လမ်း၊ အမှတ်(၄၃၈)နေ ဒေါ်ငြိမ်းစိန်၏ခင်ပွန်း၊ ဒေါ်အေးအေးသင်း (ကထိက/ဌာနမှူး-သတ္တဗေဒဌာန၊ ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်)၊ ဦးမြတ်ထွဋ်အောင် (ရန်ကုန်ရွက်လှေအသင်း)-ဒေါ်သင်းသင်းချို၊ ဦးမျိုးထွဋ်အောင်(လေယာဉ်မှူးကြီး၊ Air KBZ Ltd)-ဒေါ်ထူးထူးအောင်တို့၏မွေးသဖခင်၊ မမေဝန်းရံခ၊ မချယ်ကောင်းကင်အောင်တို့၏ဘိုးဘိုးကြီး ဗိုလ်ကြီးအောင်သစ်သည် ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအာကာကျော်ဝင်း (ခ) အာကာကျော်

**အသက် (၄၀)**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်အမှတ်(၂၁၃)၊ အခန်း(၁၀)နေ (ဦးသန်းမြင့်-ဒေါ်ခင်ခင်စီ)တို့၏မြေး၊ (ဒေါ်ခင်ခင်အုံ)၊ (ဒေါ်ညိုညိုသန်း)၊ ဦးဝင်းမြင့်တို့၏ တူ၊ ဒေါ်ခင်ခင်ဝေ (လ/ထညွှန်မှူး-ငွေ၊ ငြိမ်း၊ အမှတ်-၃ သတ္တုတွင်းလုပ်ငန်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)၊ ဦးကျော်ဝင်း(သတ္တုတွင်း အင်/ယာ-တ၊ သီပေါဂေါဒန်ကျောက်စီမံကိန်း)တို့၏သား ဦးအာကာကျော်ဝင်း(ခ)အာကာကျော်သည် ၁၅-၅-၂၀၂၀ ရက် နံနက် ၁၁:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအထူးကြပ်မတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ ရက် ညနေ ၅နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

# လှိုင်သာယာမြို့နယ်၌ မသန်စွမ်းသူ ၄၄၅ ဦးအား တစ်ဦးလျှင် ဆန်လေးပြည် ပေးအပ်



ရန်ကုန် မေ ၂၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် လှိုင်သာယာမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအား ယနေ့နံနက် ၁၁ နာရီက လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကော်မတီမှ ဆန်များ ပေးအပ်လှူဒါန်းသည်။

ယင်းသို့ ပေးအပ်လှူဒါန်းရာတွင် ဦးအောင်ဦး(အောင်ပြည့်ဖြိုးကုမ္ပဏီ)၊ ဆရာတော်ဦးကေသရနှင့် အမှတ်(၂၀) ဈေးသူ ဈေးသားများက လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီသို့ လာရောက်လှူဒါန်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကော်မတီမှ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်(၂) ဦးဇော်ဇော်အောင်တို့က အလှူရှင်များကိုယ်စား မြို့နယ်အတွင်းရှိ မသန်စွမ်းသူ ၄၄၅ ဦးတို့အား တစ်ဦးလျှင် ဆန်လေးပြည် ပေးအပ်လှူဒါန်းကြောင်း သိရသည်။

မြသန္တာဝင်း(ပြန်/ဆက်)

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

### ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

## ကြေးမုံ ယနေ့ ဖတ်စရာ


**အကျပ်အတည်းနဲ့တွေ့တဲ့အခါ မှားတတ်တဲ့အမှားများ** — စာမျက်နှာ » ၆

**ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ လျော့ကျလာသည့်အတွက် တောင်ကိုရီးယားနိုင်ငံ၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်** — စာမျက်နှာ » ၁၁

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** — စာမျက်နှာ » ၁၅


## အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အခြေအနေ

နေပြည်တော် မေ ၂၀

ယနေ့ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဒီဂါမြို့နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဟာတီရာကျွန်းစုတို့ကြားမှ ဖြတ်ကျော်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာတွင် ဆက်လက်တည်ရှိနေသည်။

**နောက် ၁၂ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်သည် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီး နောက် ၁၂ နာရီအတွင်း အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်အဖြစ်သို့ အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

**မိုးရွာသွန်းမှုအခြေအနေခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အရှိန်ကြောင့် မေ ၂၀ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားနှင့် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

**မြေပြင်လေတိုက်ခတ်နိုင်မှုအခြေအနေခန့်မှန်းချက်**

အဆိုပါ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း အမ်ဖန်၏ အဝန်းအဝိုင်းသည် မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် နီးကပ်နေခြင်းကြောင့်လည်းကောင်း၊ မုန်တိုင်း ကမ်းကိုဖြတ်ကျော်ပြီးနောက် မုန်တိုင်းအကြွင်းအကျန် တိမ်တိုက်များသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့ပေါ်သို့ ရောက်ရှိနိုင်ခြင်းကြောင့်လည်းကောင်း၊ **စာမျက်နှာ ၁၄ ကော်လံ ၁ သို့** ■

## အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်

နေပြည်တော် မေ ၂၀

**မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားဖြင့် ပို့ဆောင်

လားရှိုး မေ ၂၀

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များမှတစ်ဆင့် တရုတ်နိုင်ငံမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မီးရထားခရီးစဉ်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မေ ၆ ရက်မှစတင်ပြီး စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

**စနစ်တကျစိစစ်**

ထိုသို့ လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာတွင် မူဆယ်မြို့၊ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များမှတစ်ဆင့် ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့အထိ မော်တော်ယာဉ်များဖြင့် လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိပြီး လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မြန်မာ့မီးရထား ခရီးစဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိရာတွင် **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❖



ကြေးမုံ
အထူးကဏ္ဍ
မေ ၂၁၊ ၂၀၂၀ (ကြာသပတေးနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# သဘာဝကိုအခြေခံသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်လာသည့် ချင်းပြည်နယ်

ဆောင်းပါး - နန္ဒာဝင်း၊ ဓာတ်ပုံ - တာရာ



ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်

**ထင်းရှူး၊ ချယ်ရီနှင့် တောင်ဇလပ်တို့ ပွင့်ဖူးရာ ချင်းပြည်နယ် တီးတိန်မြို့နယ်ရှိ ကနေဒီတောင် ခေါ် လေသာတောင်သည် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်ရာ နေရာတစ်ခုဖြစ်သည်။ ကနေဒီတောင်သည် ပင်လယ်ပြင် အမြင့် ၈၈၇၁ ပေ မြင့်သဖြင့် ချင်းပြည်နယ်၏ တောင်စွယ်တောင်တန်းများနှင့် ဒေသအလှတို့ကို အကောင်းဆုံးမြင်တွေ့နိုင်သည့် နေရာတစ်ခုအပြင် တောင်ဇလပ်ပန်းများကို အများဆုံး တွေ့မြင်ရပေသည်။ ကနေဒီတောင် အပါအဝင် ချင်းပြည်နယ်သည် ကမ္ဘာလှည့်ခရီးသွားများ၏ စိတ်အာရုံကို ဆွဲဆောင်နိုင်သည့် သဘာဝကို အခြေခံသော ခရီးသွားဒေသတစ်ခုဖြစ်လာစေရန် ပြည်နယ်အစိုးရအဖွဲ့က ရည်ရွယ်ဖော်ဆောင်လျက်ရှိသည်။**

"ချင်းပြည်နယ်မှာ ပဋိပက္ခကြီးကြီးမားမား ဆိုတာ မရှိပါဘူး။ ငြိမ်းငြိမ်းချမ်းချမ်းရှိပြီး တောတောင်သဘာဝရှုခင်းတွေနဲ့ သာယာလှပပါတယ်။ ထင်ရှားတဲ့ အလှအပတွေနဲ့ အာဆီယံ အမွေအနှစ်တောင်တစ်ခုဖြစ်တဲ့ ခေါ်နူးစုမ်တောင်၊ ဘုံတလာရေတံခွန်နဲ့ ရိဒ်ရေကန်တွေကို ဥပမာ ပြချင်ပါတယ်။ ရာသီဥတုကလည်း အမြဲအေးမြနေပြီး တောင်ယာစိုက်ခင်းတွေနဲ့ မျက်စိပသာဒရှိလှပါတယ်"ဟု ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်က ပြည်နယ်၏ သာယာလှပမှုကို ပြောပြသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ အနောက်ပိုင်းတွင် တည်ရှိပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး လူဦးရေ ၅ သိန်းဝန်းကျင် နေထိုင်လျက်ရှိကာ မြန်မာနိုင်ငံတွင် ဒုတိယအငယ်ဆုံးပြည်နယ်ဖြစ်သည်။

ချင်းပြည်နယ်တွင် အလုပ်အကိုင်နှင့် စီးပွားရေးအခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးခြင်းဖြင့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေသဝမ်းစာဖူလုံပြီး ဆင်းရဲနွမ်းပါးမှုကို သိသာစွာ လျှော့ချနိုင်ရေးကို ချင်းပြည်နယ် အစိုးရအဖွဲ့က ဦးတည်ဆောင်ရွက်လျက်ရှိသည်။

### မူဝါဒ

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ချင်းပြည်နယ်အစိုးရအဖွဲ့က မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိသည်။

### ရည်မှန်းချက်

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်းမြင့်လယ်ယာများ တိုးတက်ဖော်ထုတ်ရန်နှင့် အော်ဂဲနစ်စိုက်ပျိုးရေး အပါအဝင် ဝင်ငွေရရှိသည့်သီးနှံများ တိုးမြှင့်စိုက်ပျိုးထုတ်လုပ်ရန်၊ ဒေသနှင့်ကိုက်ညီသော မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရန်၊ ပြည်နယ်အတွင်းနှင့် အပြင် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်နိုင်ရေး ဆောင်ရွက်ရန်၊ အိမ်တွင်းတစ်ပိုင်တစ်နိုင်နှင့် အသေးစား၊ အလတ်စား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရေး ဆောင်ရွက်ရန်တို့ကို ပြည်နယ်အစိုးရအဖွဲ့က ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ချင်းပြည်နယ်အတွင်း မြို့ပြဖွံ့ဖြိုးစည်ပင်သာယာရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်၊ အလုပ်လက်မဲ့လျော့နည်းပြီး ဆင်းရဲမှုလျော့ကျလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်း တိုးမြှင့်ဖန်တီးပေးရန်၊ ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်၊ ချင်းပြည်နယ် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သုတေသနလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်ရန်နှင့် နယ်စပ်ကုန်သွယ်မှု ပိုမိုတိုးတက်နိုင်ရေး ဆောင်ရွက်ရန်တို့ကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ်တွင် ဥပဒေပြုရေးမဏ္ဍိုင်အနေဖြင့် ဒေသန္တရစီမံကိန်းဥပဒေ၊ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ စည်ပင်သာယာရေးဥပဒေ၊ အသေးစားချေးငွေလုပ်ငန်းဥပဒေ၊ ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းဆောင်ရွက်ခဲ့သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်အနေဖြင့် ချင်းပြည်နယ်အတွင်း ပြည်နယ်/ ခရိုင်/ မြို့နယ်/ မြို့၊ ရပ်ကွက်/ ကျေးရွာအထိ အဆင့်ဆင့်တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တရားစီရင်ရေးနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

### ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မီးသတ်ဦးစီးဌာနသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့် ဟားခါး၊ မင်းတပ်၊ တီးတိန်၊ ပလက်ဝ၊ ဗားလုံ၊ ဖလမ်းနှင့် ဆမီး(ပလက်ဝ) တို့တွင် မီးသတ်စခန်းများနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆူရ်ခွာမြို့၊ နှာရိန်မြို့၊ ကျီခါးမြို့ လိုင်တွီးရွာနှင့် ရိခေါဒါရ်မြို့တို့တွင် ဝန်ထမ်းအိမ်ရာ ၁ လုံးစီ တည်ဆောက်ခဲ့ပြီး မှောင်တလန်ရွာ၊ သီကီးရ်ရွာနှင့် မကွီအိမ်နူးမြို့တို့တွင် နယ်မြေမီးသတ်စခန်း တည်ဆောက်ခြင်းများ၊ ကျီခါးမြို့တွင် ကျီခါးနယ်မြေ မီးသတ်စခန်းမြေထိန်းနံရံ တည်ဆောက်ခြင်း၊ မတူပီခရိုင် မီးသတ်စခန်းနှင့်

အထူးကဏ္ဍ [ ခ ] သို့ »»»



ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းတို့ကို အကျိုးပြုနေသည့် သီးမစ်ချောင်းကို တွေ့ရစဉ်။

**ချင်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး၊ အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝ ပတ်ဝန်းကျင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေးတို့ကို ချင်းပြည်နယ် အစိုးရအဖွဲ့က မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိ**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ သီကီးရ်ကျေးရွာတိုက်နယ်ဆေးရုံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ ဓာတ်ပုံ-သတင်းစဉ်

»»» အထူးကဏ္ဍ [ က ] မှ

စခန်းမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ဆမီးနယ်မြေ မီးသတ်စခန်းမြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အခြေခံအဆောက်အဦ အားနည်းချက်များကို ပြင်ဆင်ရန် ပြည်နယ်အစိုးရအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရာ ဒေသခံပြည်သူများအတွက် ကြိုးတံတား ၂ စင်း တည်ဆောက်ခြင်း အပါအဝင် လမ်းတာချဲ့ခြင်း၊ ရေပြွန်များတည်ဆောက်ခြင်း၊ ခြံစည်းရိုး ကာရံခြင်း၊ အိမ်ရာ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း များတွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သန်း ၉၃၂ ဒသမ ၆၉၂ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၉၈၀ ဒသမ ၈၀၀ ဖြင့် ဝန်ထမ်းအိမ်ရာ၊ မြေသားလမ်း၊ ရေပြွန်၊ မြေထိန်းနံရံ၊ ရေပေးရေးနှင့် ကျေးလက်အိမ်ရာ စသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မှုအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း မြို့နယ် ၉ မြို့နယ်၊ မြစိမ်းရောင် ယူနစ် ၂၃၅ ယူနစ်၊ အကျိုးခံစားခွင့်ရရှိသည့်ကျေးရွာ ၃၆၀ တို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းများ ဆောင်ရွက်လျက်ရှိသည်။

**လယ်ယာကဏ္ဍ**

ချင်းပြည်နယ်တွင် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှစတင်၍ ကန်ထရိုက်စနစ်ဖြင့် စတင်ဆောင်ရွက်နိုင်ခဲ့သည်။ ဌာနအစီအစဉ်ဖြင့်သာမက ကန်ထရိုက်စနစ်များဖြင့် ကုန်းမြင့်လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့သည်။

(၄) နှစ်တာကာလအတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ ချင်းပြည်နယ်အတွင်း ကုန်းမြင့်လယ်ယာမြေ ၂၁၅၅ ဧက ဖော်ထုတ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုဘတ်ဂျက် အစီအစဉ်ဖြင့် ဧက ၁၀၀၊ ပြည်နယ်အစိုးရဘတ်ဂျက် ဌာနအစီအစဉ်ဖြင့် ၂၇၅ ဧကနှင့် ကန်ထရိုက်အစီအစဉ်ဖြင့် ဧက ၆၅၀ တို့ကို ခွင့်ပြုဘဏ္ဍာငွေကျပ်သန်း ၈၇၃ ဒသမ ၀၂ သန်းဖြင့် လျာထားဆောင်ရွက်လျက်ရှိသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှု**

ဖလမ်းမြို့နယ် တလန်ဇာရ်ကျေးရွာအနီးရှိ လိုင်ဗားရေလှောင်တမံသည် တစ်နှစ်ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်း ၂ ဒသမ ၈ သန်း ထုတ်လုပ်နိုင်ပြီး ဟားခါးမြို့နှင့် ထန်တလန်မြို့တို့ကို လျှပ်စစ်ဓာတ်အားပေးဝေနိုင်ခဲ့သည်။ ယခုအခါ လိုင်ဗားရေလှောင်တမံမှ ရေပိုက်သွယ်တန်းပြီး ဖလမ်းမြို့သို့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အတူ ဖလမ်းမြို့အတွက် သောက်သုံးရေပေးဝေရန် ဖလမ်းမြို့နယ် တလန်ဇာရ်ကျေးရွာအနီး လိုင်ဗားရေလှောင်တမံ၏အောက်ဘက် တစ်မိုင်ခန့်အကွာတွင် တည်ရှိသည့် အောက်လိုင်ဗားရေလှောင်တမံစီမံကိန်းကို ငွေကျပ်သန်းပေါင်း ၃၅၂၄ သန်းဖြင့် တည်ဆောက်နေပြီး ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးတော့မည်ဖြစ်သည်။

ထို့ပြင် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် သီကီးရ်ရေလှောင်တမံစီမံကိန်းမှ အနီးပတ်ဝန်းကျင် ကျေးရွာများသို့ ရေပေးဝေလျက်ရှိသလို ကုန်းမြင့်လယ်ယာမြေဧက ၅၅၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။ ထို့အတူ အသေးစားရေအားလျှပ်စစ်ကီလိုဝပ်နာရီသန်းပေါင်း ၅၀ ထုတ်လုပ်ပြီး အနီးပတ်ဝန်းကျင်ကျေးရွာများရှိ အိမ်ထောင်စုများ၊ စာသင်ကျောင်း၊ ရဲစခန်း၊ ဘုရားကျောင်းများကို လျှပ်စစ်မီးပေးဝေနိုင်မည်ဖြစ်သည်။

**လမ်းဦးစီးဌာန**

ချင်းပြည်နယ် ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် ပြည်ထောင်စုလမ်း ၈ လမ်းနှင့် ပြည်နယ်လမ်း ၂၅ လမ်းတို့ကို တာဝန်ယူထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်လမ်း၊ ကတ္တရာလမ်း၊ ကျောက်လမ်း/ အမာခံလမ်း၊ လမ်းတာချဲ့ခြင်း၊ မြေထိန်းနံရံ/ မြေကာနံရံ၊ ပေ ၁၈၀ အထက်တံတား ၇ စင်း၊ ပေ ၁၀၀ မှ ပေ ၁၈၀ အရှည်တံတား ၆ စင်း၊ ပေ ၅၀ မှ ပေ ၁၀၀ အရှည်တံတား ၁၉ စင်း၊ ပေ ၅၀ အောက်တံတား ၁၀၉ စင်း၊ ရေထုတ်ပြွန် ၂၃၈၇ စင်းနှင့် ဘာတီပါမြက် စိုက်ပျိုးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ခဲ့သည်။

တံတားဦးစီးဌာနသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ချင်းပြည်နယ်အတွင်း တံတား ၂၁ စင်း တည်ဆောက်ခဲ့ပြီး တံတား ၁၀ စင်းမှာ တည်ဆောက်ဆဲဖြစ်သည်။

**မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး**

ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၇၆၅ ဒသမ ၈၁၀ ဖြင့် ဝန်ထမ်းအိမ်ရာ၊ မြို့နယ်ရုံးနှင့် ရိပ်သာ၊ ပြည်နယ်ရုံး သံပန်းတံခါးတပ်ဆင်ခြင်း၊ ဝန်ထမ်းအိမ်ရာ မြေထိန်းနံရံကာရံခြင်း၊ ပြည်နယ်ရုံးမြေထိန်းနံရံကာရံခြင်း၊ ပြည်နယ်ရုံးခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်လမ်းခင်းခြင်း၊ ပြည်နယ်ရုံးရှေ့နောက် အလူမီနီယံမှန်ကာရံခြင်းနှင့် အိမ်သုံးမီတာတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စု/ပြည်နယ် ဘဏ္ဍာရန်ပုံငွေ၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း တည်ဆောက်ရေးလုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၁၂၉ ဒသမ ၆၃၄ သန်းဖြင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ဝန်ထမ်းအိမ်ရာ၊ အငှားအိမ်ရာ၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ဘေးမြေထိန်းနံရံကာရံခြင်းများကို ဆောင်ရွက်ခဲ့သည်။

၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း လျာထားရန်ပုံငွေကျပ်သန်း ၈၄၈၄ ဒသမ ၂၉၂ သန်းဖြင့် အဆောက်အဦ၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်း၊ ရေပြွန်၊ တံတား၊ ရေမြောင်း၊ မြေထိန်းနံရံနှင့် ရေပေးရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

ဟားခါးမြို့ မြို့ပြစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း ၃၀၀ ဖြင့် လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် မြို့ပြစီမံကိန်းတွင် မြေကွက်ချထားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဟားခါးမြို့ပေါ်ရှိ အိမ်ငှားနေထိုင်သော ပြည်သူများအတွက် မြို့ပြစီမံကိန်းဧရိယာ ၆၇၆ ဧကတွင် မြေကွက်များ ဖော်ဆောင်ပေးနိုင်ခဲ့သည်။

**စည်ပင်သာယာရေးကော်မတီ**

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရှိ မြို့နယ်/မြို့များအနက် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေး အဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းများကို ဟားခါး၊ မင်းတပ်နှင့် ပလက်ဝမြို့များ၊ စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးမရှိသေးသည့် ခိုင်ကမ်းနှင့် ဆမီးမြို့များတွင် ဈေးများအကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။

ဟားခါးမြို့သည် ချင်းပြည်နယ်၏ မြို့တော်ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့် ကိုက်ညီသည့် ကားကြီးကွင်း မရှိသောကြောင့် ကားကြီးကွင်းတည်ဆောက်ရန် ဟားခါးမြို့ ဂန့်ဂေါလမ်းတွင် မြေနေရာလျာထားခဲ့ပြီး ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏

အထူးကဏ္ဍ [ ဂ ] သို့ »»»



လောက်နူးမြေ ရိုးရာယဉ်ကျေးမှုနှင့် တောင်ဇလပ်ပန်းပွဲတော်တွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်နှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ဟားခါးမြို့ ဖွံ့ဖြိုးတိုးတက်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်

»»» အထူးကဏ္ဍ [ ခ ] မှ

၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ရန်ပုံငွေကျပ်သန်း ၄၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ပညာရေး**

ပညာရေးကဏ္ဍတွင် ကျောင်းအသစ်တည်ဆောက်ခြင်း၊ ကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့သလို ဝန်ထမ်းအိမ်ရာများ၊ မူကြိုကျောင်း၊ ဘော်ဒါဆောင် တည်ဆောက်ခြင်းများ၊ အုတ်တံတိုင်းကာရံခြင်းနှင့် မြေထိန်းနံရံ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

ချင်းပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ တီးတိန်၊ တွန်းဇံ၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့များတွင် ဆေးရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**အားကစားနှင့် ကာယပညာ**

အားကစားနှင့် ကာယပညာဦးစီးဌာနအနေဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ကျီခါးမြို့တွင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်း၊ နှာရိန်မြို့တွင် ဘောလုံးကွင်းသစ် ဖော်ထုတ်ခြင်း၊ ကျီခါးမြို့တွင် ဘောလုံးကွင်းသစ်ဖော်ထုတ်ခြင်း၊ ချင်းပြည်နယ်အတွင်းရှိ ကျေးရွာများတွင် ဘောလုံးကွင်းသစ်ဖော်ထုတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထို့အတူ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ချင်းပြည်နယ် ဖလမ်းခရိုင် ရိခေါဒါရ်နယ်စပ်စစ်ဆေးရေးဂိတ် အဆောက်အအုံသစ်တစ်လုံးကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ငွေလုံးငွေရင်း အသုံးစရိတ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၃၀ ဒသမ ၆ သန်းဖြင့် တည်ဆောက်ခဲ့ရာ လုပ်ငန်းများ ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် ချင်းပြည်နယ် ဟားခါးမြို့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ရုံးအဆောက်အဦ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၀၅ ဒသမ ၆ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ချင်းပြည်နယ် ဖလမ်းမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်တွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၉ ဒသမ ၂ သန်းဖြင့် လုပ်ငန်းများဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ပြီးစီး၍ ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အတွင်း မျိုးကောင်းမျိုးသန့် ဖြန့်ဖြူးစိုက်ပျိုးမှုအနေဖြင့် ဆီထွက်သီးနှံ (မြေပဲ၊ နှမ်း၊ နေကြာ)၊ ဆပ်မျိုးသစ်များ၊ နံ့စားပြောင်းမျိုးသစ်များ၊ နံ့စားပြောင်း၊ ပဲမျိုးစုံ (ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပဲပုပ်)တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သလို နှစ်ရှည်ပျိုးပင် ပျိုးထောင်ဖြန့်ဖြူးမှုအနေဖြင့် လက်ဖက်၊ ကော်ဖီ၊ မျောက်ငို၊ ထောပတ်၊ မက္ကဒေးမီးယား၊ သစ်အယ်၊ လိမ္မော်နှင့် ဝဥပင်များကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ စက်မှုလယ်ယာစနစ် ကူးပြောင်းနိုင်ရေးနှင့် လယ်ယာမြေများ အဆင့်မြှင့်တင်ပြုပြင်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ချင်းပြည်နယ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အထိ မြို့နယ် ၄ မြို့နယ်မှ သမဝါယမအသင်း ၁၄ သင်းရှိ အသင်းသား ၅၁၁ ဦး၏ လယ်ယာမြေဧက ၉၃၂ ဧကအတွက် ပံ့ပိုးချေးငွေကျပ်သန်း ၂၇၉ ဒသမ ၆၀၀ ထုတ်ချေးခဲ့ပြီးဖြစ်သည်။

ထို့ပြင် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ဖြန့်ဝေပေးနိုင်ရန် ဖလမ်းမြို့ လုံပီးရပ်ကွက်တွင် တည်ရှိသည့် စိုက်ပျိုးရေးသိပ္ပံ (လုံပီး)ကျောင်းကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှစတင်ကာ သင်ကြားပေးလျက်ရှိသည်။ လုံပီး စိုက်ပျိုးရေးသိပ္ပံကျောင်းတွင် ဆရာ/ဆရာမ၊ အရာထမ်း/အမှုထမ်း ၅၆ ဦးဖြင့် ၂၀၁၅ - ၂၀၁၆ ပညာသင်နှစ်မှ ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်အထိ ကျောင်းသား/ကျောင်းသူ ၈၂၀ ပညာသင်ကြားပေးနိုင်ခဲ့ပြီး ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်တွင် ပထမနှစ်ကျောင်းသား ကျောင်းသူ ၁၄၂ ဦး၊ ဒုတိယနှစ်ကျောင်းသား ကျောင်းသူ ၁၃၃ ဦးနှင့် တတိယနှစ်ကျောင်းသား ကျောင်းသူ ၇၈ ဦးတို့ကို ပညာသင်ကြားပေးခဲ့သည်။

**ပြည်နယ်ကျန်းမာရေးနှင့် ကုသရေး**

ချင်းပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဟားခါးမြို့တွင် သူနာပြု / သားဖွားသင်တန်းကျောင်းကို ရန်ပုံငွေကျပ်သန်း ၁၄၉၇ ဒသမ ၆၅၈ သန်းဖြင့် တည်ဆောက်ပြီးစီးခဲ့ပြီး ၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် သင်တန်းသူ ၃၂ ဦးဖြင့် သင်တန်းစတင်ဖွင့်လှစ်ခဲ့သည်။

ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာနှင့် ဓာတ်မှန်ခန်းတည်ဆောက်ခြင်း၊ ဆူရ်ခွါးတိုက်နယ်တွင် ဆရာဝန်နေအိမ်ဆောက်လုပ်ခြင်း၊ ထန်တလန်မြို့နယ် မှောင်တလန်တိုက်နယ်ဆေးရုံ စံကိုက်အဆောက်အအုံဆောက်လုပ်ခြင်း၊ သီကီးရ်ကျေးရွာတွင် တိုက်နယ်ဆေးရုံ ဆောက်လုပ်ခြင်း၊ ဖလမ်းမြို့ဆေးရုံတွင် ဝန်ထမ်းအိမ်ရာနှင့် တိုးချဲ့လူနာဆောင် (၂)ထပ် ဆောက်လုပ်ခြင်း၊ ကန်ပက်လက်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့(၂)ထပ်ဆောင် ဆောက်လုပ်ခြင်း၊ မတူပီမြို့နယ် လိုင်လင်းပီတိုက်နယ်ဆေးရုံတွင် ခွဲစိတ်ခန်းဆောက်လုပ်ခြင်း၊ ပလက်ဝမြို့နယ် ပလက်ဝဆေးရုံခွဲစိတ်ခန်းနှင့် တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း၊ ဆမီးတိုက်နယ်ဆေးရုံတွင် ပင်မဆောင်ဆောက်လုပ်ခြင်း စသည်ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

**လေကြောင်းပို့ဆောင်ရေး**

ချင်းပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရေးတို့အတွက် လေကြောင်းဝင်ပေါက် (Gateway of Chin State Airport) တစ်ခုအနေဖြင့် ဖလမ်း(ဆူရ်ဘုန်) လေဆိပ်တည်ဆောက်လုပ်ရေးလုပ်ငန်းကို ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာနှစ်မှစတင်၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြီးစီးအောင်ဆောင်ရွက်လျက်ရှိသည်။

ဖလမ်းလေဆိပ် သယ်ယူပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းတစ်ခုလုံးကို အဓိက လိုအပ်သည့် အခြေခံအဆောက်အအုံများကို ရေရှည်အတွက်မျှော်မှန်းကာ ငွေကျပ် ၃၄ ဒသမ ၁၉၁ ဘီလီယံဖြင့် ဆောင်ရွက်လျက်ရှိသည်။

အထူးကဏ္ဍ [ ဃ ] သို့ »»»



ဆူရ်ဘုန်လေယာဉ်ကွင်းတည်ဆောက်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်

»»» အထူးကဏ္ဍ [ ၈ ] မှ

၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်အထိ ၈၃ ရာခိုင်နှုန်းပြီးစီးနေပြီး ၂၀၂၀ ပြည့်နှစ် မေလတွင် အပြီးသတ်ပြီးစီးနိုင်ရေးနှင့် ATR-72 လေယာဉ်စမ်းသပ် ဆင်းသက်ထွက်ခွာနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ပုံမှန်လေကြောင်းခရီးစဉ်များ စတင်ပြေးဆွဲနိုင်ရေး မျှော်မှန်းဆောင်ရွက်လျက်ရှိသည်။

**လိုင်လင်းပီလေယာဉ်ကွင်း**

ချင်းပြည်နယ်တောင်ပိုင်း မတူပီခရိုင် မတူပီမြို့နယ် လိုင်လင်းပီမြို့တွင် လေယာဉ်ကွင်းငယ်တစ်ကွင်းကို နိုင်ငံတကာတွင် ဝေးလံခေါင်သီသော ကျေးလက်ဒေသများ တိုးတက်ဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေသည့် Mission Aviation Fellowship International (MAF) အဖွဲ့အစည်း၏ ရန်ပုံငွေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် တည်ဆောက်လျက်ရှိသည်။

အဆိုပါ လေယာဉ်ကွင်းငယ်သည် အလျားပေ ၃၀၀၀၊ အနံပေ ၁၃၀ ရှိပြီး ၂၀၁၉ ခုနှစ် မေလတွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် မတ်လ ၃ ရက်အထိ စီမံကိန်းတစ်ခုလုံး၏ ၄၅ ဒသမ ၀၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

**သဘာဝဘေးအန္တရာယ်**

ချင်းပြည်နယ်အတွင်း ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်စဉ် အရေးပေါ်တုံ့ပြန်ရေးအစီအမံများ၊ ဘေးအန္တရာယ် ကျရောက်ပြီးသည့်အခါ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို စနစ်တကျဖြစ်စေရေးအတွက် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းစီမံချက်ကို ပြန်လည်ရေးဆွဲခဲ့သည်။

သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြေထိန်းနံရံများ တည်ဆောက်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းများ တည်ဆောက်ခြင်း၊ ဘေးဖြစ်ပွားပါက ပြည်သူများ အရေးပေါ်ခိုလှုံနိုင်ရန် Multi-Purpose Shelter များ တည်ဆောက်ပေးလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်ခဲ့မှုများ**

နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျန်းမာရေးလုပ်ငန်းများ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် ချေးငွေထုတ်ပေးခြင်းဆိုင်ရာလုပ်ငန်း၊ မွေးကင်းစနှင့်ကလေး ကျန်းမာရေးစီမံချက်လုပ်ငန်း၊ စားနပ်ရိက္ခာဖူလုံမှု အစီအစဉ်ဆန်းစစ်လေ့လာခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခံစားခဲ့သော အိမ်ထောင်စုများကို မိသားစုသုံးပစ္စည်းများနှင့် အိမ်ပြုပြင်ဆောက်လုပ်ရေးစရိတ်များ ထောက်ပံ့ပေးခြင်း၊ မျိုးဆက်ပွားကျန်းမာရေး၊ ကာလတို/ကာလရှည် သားဆက်ခြားနည်းလမ်းများ၊ အမျိုးသမီးများ ဖြစ်လေ့ရှိသော မီးယပ်ရောဂါ၊ သားအိမ်ခေါင်းကင်ဆာရောဂါအကြောင်း ဆွေးနွေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်နယ်/ခရိုင်/ မြို့နယ်/ ရပ်ကွက်/ ကျေးရွာအထိ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ရွှေ့ပြောင်းအလုပ်သမား ထောက်ပံ့ကူညီရေးဗဟိုဌာနရုံး ဖွင့်လှစ်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည့်အပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သော အကြံဉာဏ်များပေးခြင်း၊ နည်းပညာများပေးခြင်းဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ဘဏ်၏ Recovery Credit အစီအစဉ်မှ ချေးငွေဖြင့် ကလေး - ဖလမ်း - ဟားခါးလမ်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းစဉ်၌ အရပ်ဘက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၏ အကြံဉာဏ်များနှင့် ပံ့ပိုးမှုများကိုရယူကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ**

ချင်းအမျိုးသားတပ်ဦး (CNF) အဖွဲ့မှ တတိယအကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံညီလာခံ၌ ဆွေးနွေးချက်များ ပြန်လည်ချပြဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့သည်။

**ပြုပြင်ပြောင်းလဲဆောင်ရွက်မှု၏ သက်ရောက်မှုများ**

အစိုးရနှင့် ပြည်သူ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကောင်းမွန်စေရန်အတွက် ဌာနဆိုင်ရာများပါဝင်သော ခရိုင်/မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများနှင့်ပူးပေါင်း၍ စုပေါင်းဆွေးနွေး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွက် မလိုလားအပ်သည့် ပြဿနာများ လျော့နည်းလာသည့်အပြင် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် လူမှုရေး အဆင့်အတန်းများ တိုးတက်လာခဲ့သည်။

နယ်မြေတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုရေးကိစ္စရပ်များကို ချင်းပြည်နယ်အစိုးရအဖွဲ့က ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်သူများအနေဖြင့် ၎င်းတို့၏ ရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းတိုင်ပင်ဆွေးနွေးနိုင်ခြင်းဖြင့် ပူးပေါင်းပါဝင်လျက်ရှိသည်။

"ချင်းပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးက တိုးတက်လာနေပြီဖြစ်ပါတယ်။ ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ မတူပီနဲ့ ကန်ပက်လက်မြို့တွေကို ပိုမိုကောင်းမွန်တဲ့ ကတ္တရာလမ်းတွေနဲ့ ချိတ်ဆက်ထားပြီး ဖြစ်ပါတယ်။ ဆက်သွယ်ရေးအနေနဲ့ လူဦးရေစုစုပေါင်းရဲ့ ၈၀ ရာခိုင်နှုန်းက မိုဘိုင်းဖုန်းတွေ အသုံးပြုနေကြပါပြီ"ဟု ဖွံ့ဖြိုးတိုးတက်လာသည့် ချင်းပြည်နယ်၏ အခြေအနေကို ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ချင်းပြည်နယ်အတွင်း ဆက်သွယ်ရေး မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားစွာ တိုးတက်လာခြင်းကြောင့် ပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများအတွက် အသိပညာများကို လေ့လာရှာဖွေနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်း ဖြစ်ပျက်နေသော နိုင်ငံရေး၊ လူမှုရေးနှင့် ရာသီဥတုပြောင်းလဲမှု စသည့် ဗဟုသုတ အကျိုးကျေးဇူးများရရှိခဲ့သည်။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့်ပတ်သက်၍ ရန်ပုံငွေတင်ပြတောင်းခံမှုအပေါ်တွင် ရန်ပုံငွေများ အမြန်ခွဲဝေချထားပေးခြင်းကြောင့် သဘာဝဘေး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအရေးပါသည့် အခြေခံအဆောက်အဦနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသည် လုပ်ငန်းများဆောင်ရွက်ရာ၌ ခိုင်မာမှု၊ စံချိန်စံညွှန်းပြည့်မီမှုနှင့် ရေရှည်ခိုင်ခံ့တည်မြဲမှုတို့ကို အဓိကထားဆောင်ရွက်ခဲ့သည်။ ပစ္စည်းတင်ဒါ/လုပ်ငန်းတင်ဒါရရှိဆောင်ရွက်ပေးသော ဒေသခံလုပ်ငန်းရှင်/ကုမ္ပဏီများအနေဖြင့် အတွေ့အကြုံနှင့် အရည်အသွေးများ မြင့်မားလာသည့်အပြင် ဝင်ငွေများ တိုးတက်ရရှိလာ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ရည်မှန်းချက်ကို အကျိုးသက်ရောက်စေခဲ့သည်။

ချင်းပြည်နယ်တွင် ရေရှည်စီမံကိန်းများအဖြစ် ကုလားတန်မြစ်စီမံကိန်း၊ ပလက်ဝစက်မှုဇုန်၊ ဘုံဇုံးစက်မှုဇုန်နှင့် ခိုင်ကမ်းစက်မှုဇုန်တို့ကို အကောင်အထည်ဖော်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ချင်းပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဘောင်သတ်မှတ်ချက်များနှင့်အညီ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



(၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့တွင် ရိုးရာခွာဒိုပွဲ ကျင်းပစဉ်။



သာယာလှပသည့် ရိဒ်ရေကန်ကို တွေ့ရစဉ်။

**ချင်းပြည်နယ်အတွင်း ဆက်သွယ်ရေး မိုဘိုင်းဖုန်းနှင့် အင်တာနက်စနစ်တွင် သိသာထင်ရှားစွာ တိုးတက်လာခြင်းကြောင့် ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် အသိပညာများကို လေ့လာရှာဖွေနိုင်ခြင်း၊ ကမ္ဘာတစ်ဝန်း ဖြစ်ပျက်နေသော နိုင်ငံရေး၊ လူမှုရေးနှင့် ရာသီဥတု ပြောင်းလဲမှု စသည့် ဗဟုသုတ အကျိုးကျေးဇူးများ ရရှိခဲ့**